# ကမ္ဘောဇတိုင်း

ရှမ်းပြည်နယ် ကိုယ်စားပြုအဖြစ် ထုတ်ဝေသည်။

သတင်းဂျာနယ်

VOLUME.5, ISSUE.7

THURSDAY, FEBRUARY 14, 2019




## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တောင်ကြီးခရိုင်တွင် တိုင်ကြားစာ ၁၂၉ စောင် တင်ပြခဲ့

အများကိန္တာ (၃) သို့ ➤ ➤ ➤

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၃ နှစ်တာ သက်တမ်းအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁ ခုသာ မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအထိ ရှိနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း ၃ နှစ်ကာလအတွင်း တင်သွင်းလာသည့် ဥပဒေကြမ်း ၁၅ ခုနှင့် အဆို ၄၇ ခု အနက် အဆို ၂၇ ခုကို အတည်ပြု ပေးနိုင်ခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးမှ မေးမြန်းလာသည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၆၇၆ ခုနှင့် လွှတ်တော်ကိုယ်စားလှယ် ၅၃ ဦးတို့မှ မေးမြန်းလာသည့် ကြယ်ပွင့် မပြမေးခွန်းပေါင်း ၅၀၄ ခုကို မေးမြန်းဖြေကြားနိုင်ခဲ့ပြီး ဖြစ်သည်။



အများကိန္တာ (၉) သို့ ➤ ➤ ➤

## လယ်ယာမြေ ကိစ္စရပ်များသည် ပြည်သူလူထုအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများ ဖြစ်နေဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား

အများကိန္တာ (၃၁) သို့ ➤ ➤ ➤

## ဟိုပုံးမြို့ရှိ စတော်ဘယ်ရီစိုက် တောင်သူများ အဆင်မပြေ ဖြစ်နေ

အများကိန္တာ (၃) သို့ ➤ ➤ ➤

## ရွာင်တွင် စိတ်ကျန်းမာရေး မပြည့်စုံသည့် အမျိုးသမီး ငယ်ကို ဦးလေးဝမ်းကွဲက တာမလိမ်လည် ရယူသဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်ထား

အများကိန္တာ (၇) သို့ ➤ ➤ ➤

## ကျိုင်းတုံမြို့တွင် တိုးချဲ့ရပေးဝေရေးလုပ်ငန်းများ စတင် အကောင်အထည် ဖော်လျက်ရှိ

အများကိန္တာ (၁၁) သို့ ➤ ➤ ➤




VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

# ရှမ်းတောင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံး ဖွင့်လှစ်






စိုင်းရာဇာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး အဆောက်အဦအား ဖေဖော်ဝါရီလ ၇ ရက်၊ ညနေပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရုံးအဆောက်အဦအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ကမ္ဘောဇအုပ်စု နာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခြင်းများ ပြုလုပ်ခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းမှ ရုံးတည်ဆောက်မှု အခြေအနေအား ရှင်းလင်းတင်ပြခဲ့သည်။




ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ကမ္ဘောဇအုပ်စု နာယက ဦးအောင်ကိုဝင်းအား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းမှ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရ ပန်းစည်း ပြန်လည်ပေးအပ်ခဲ့ပြီးနောက် မှတ်တမ်းတင် ဓါတ်ပုံများ စုပေါင်းရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးအားဂုဏ်ထူးဆောင်နာယကဖြစ်သူ ဦးအောင်ကိုဝင်း၏ အဓိက ပံ့ပိုးကူညီလှူဒါန်းမှုနှင့် အခြားအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများ၊ အသင်းရန်ပုံငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းအသင်းတွင် အသင်းဝင် ၄၅၀ ဦးနှင့် လုပ်ငန်းရှင် အစုအဖွဲ့ပေါင်း ၁၂ ခုရှိကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယက ဦးအောင်ကိုဝင်း အနေဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့များရှိ အသင်းချုပ်ရုံး တည်ဆောက်မှုတွင်လည်း အဓိက ပံ့ပိုးကူညီလှူဒါန်းခဲ့ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တို့တွင်လည်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံး တည်ဆောက်ရန်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀၀ စီ မတည်လှူဒါန်းပေးခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အသင်းရုံး တည်ဆောက်ပါက အလှူငွေများ ထည့်ဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။




ကဗျာ

## "ပျော်အံ့ဖြင့်မော နွေတစ်ရာတော"

❒ ရာသီစက်ဝန်း၊ လည်လွန်းဘိလေ
ရှင်လျက်သေမည့်၊ နွေ၏သားကောင်
အမှောင်တွေကြား၊ ပုန်းလျှိုးပြားလည်း

❒ နှိပ်စက်တည်းနှောင်၊ သေအောင်လောင်မြိုက်
ကျိုန်စာတိုက်မည့်၊ ကြောက်လွန်းသည့်နွေ
မြင်ရလေပြီ၊ ရောက်တော့မည်လေ
❒ လာချေပြန်ပြီ၊ ဒီရာသီရူး
နှိပ်စက်ထူးစွာ၊ မချိနာလည်း
အသည်းခိုက်ဒဏ်၊ အံကြိတ်ခံရင်း

❒ လောင်မြိုက်ခြင်းနွေ၊ ကုန်ဆုံးလေမည့်
မိုး၏ရင်ခွင်၊ ခိုဝင်ပျော်ခွင့်
မျှော်ငံ့လင့်သော၊ ဝေဒနာသဘော
ပျော်အံ့ဖြင့်မော၊ နွေတစ်ရာတော။ ။

◻ မောင်အေးချမ်း (တောင်ကြီး)

# Kanbawza Tai

NEWS JOURNAL (Represents for Shan State, Myanmar)


**တရုတ်ဂျပန် အားပြိုင်ရန်အတွက် ဆင်ကာကူ ကျွန်းစု အနေအထား**


စာမျက်နှာ (၂၈) သို့ >>>



VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တောင်ကြီးခရီးစဉ်တွင် တိုင်ကြားစာ ၁၂၉ စောင် တင်ပြခဲ့

ရဲရင့်ဖွဲ့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တောင်ကြီး ခရီးစဉ်တွင် ဒေသခံ ပြည်သူများက တိုင်ကြားစာ ၁၂၉ စောင် ပေးပို့တင်ပြခဲ့ကြောင်း သိရသည်။

''ပြည်သူတွေရဲ့ တိုင်ကြားစာတွေ၊ တင်ပြစာတွေ စုစုပေါင်း ၁၂၉စောင် လက်ခံရရှိတာ ဖြစ်ပါတယ်။ ဒီစာတွေကို ဌာနဆိုင်ရာထဲက ဆိုရင် မြို့နယ်စီမံကိန်း ဦးစီးမှူး ဦးစီးတဲ့ အဖွဲ့၊ နောက်ပြီးမြို့ပေါ် CSO တွေနဲ့ ပူးပေါင်းပြီးတော့ ပြည်သူတွေရဲ့ တိုင်ကြားစာတွေကို လက်ခံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တိုင်ကြားစာတွေကို ခရီးစဉ်မှာ ပါလာတဲ့ သမ္မတရုံးက ဦးစီးအရာရှိဆီကို ပေးပို့ခဲ့ပါတယ်။ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတဲ့ သဘောကတော့ ကျွန်တော်တို့ အခုသွားနေတဲ့ မူဝါဒတွေကိုလည်း အားလုံးသိပြီး ဖြစ်ပါတယ်။ ဒါက ပြည်သူနဲ့အတူပေါ့၊ CSO တွေဆိုတာက ပြည်သူတွေထဲကပဲ ပေါက်ဖွားလာပြီး လုပ်ငန်း ဆောင်ရွက်နေကြတဲ့သူတွေဖြစ်ပါတယ်။ ပြည်သူတွေရဲ့ တင်ပြချက်တွေကို ဌာနဆိုင်ရာတွေသာ မဟုတ်ဘဲ ပြည်သူတွေကို ကိုယ်စားပြုထားတဲ့ CSO တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လာရောက် တိုင်ကြားတဲ့ ပုဂ္ဂိုလ်တွေကလည်း သံသယ ကင်းကင်းနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကြီးမြို့ပေါ်မှာ ရှိတဲ့ CSO တွေကို ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာ ဖြစ်ပါတယ်'' ဟု တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောကြားခဲ့သည်။






တောင်ကြီးမြို့ရှိ အဝေရာ ကုန်းသာယာ မီးပုံးပျံကွင်းအတွင်း ဖေဖော်ဝါရီလ ၇ ရက်တွင် ပြုလုပ်ခဲ့သည့် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် တိုင်ကြားစာများ လက်ခံရေးဌာနကို ဖွင့်လှစ်၍ ပြည်သူများ၏ တိုင်ကြားစာများကို လက်ခံခဲ့ခြင်းဖြစ်ကာ အဆိုပါ တိုင်ကြားစာများကို သမ္မတရုံးမှတဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ပထမ အပတ်အတွင်း၌ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်းမြို့၊ မိုင်းတုံမြို့များနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့သို့ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း လူထု တွေ့ဆုံပွဲများ ပြုလုပ်ခြင်း၊ သံလွင်မြစ်ကူးတံတား (တာဆန်း) အသစ် တည်ဆောက်နိုင်ရေးအတွက် ပန္နက်တင်ခြင်း၊ တောင်ကြီးမြို့တွင် ပြုလုပ်သည့် ၇၂ နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် တက်ရောက် မိန့်ခွန်းပြောကြားခြင်း၊ ရှမ်းတောင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ တင်ပြတိုင်ကြားစာများ လက်ခံရေးဌာနကို ဖွင့်လှစ်၍ လက်ခံ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

## ဟိုပုံးမြို့ရှိ စတော်ဘယ်ရီစိုက် တောင်သူများ အဆင်မပြေ ဖြစ်နေ

နန်းဝင်းရီ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် စတော်ဘယ်ရီ အထွက်နှုန်းမှာ ယခင် နှစ်ကထက် လျော့ကျနေမှုကြောင့် စတော်ဘယ်ရီ စိုက်ပျိုးသည့် တောင်သူများ အဆင်မပြေ ဖြစ်နေရကြောင်း သိရသည်။

''သိပ် အဆင်မပြေဘူး။ အရင်နှစ်ကလောက် မထွက်ဘူး။ အသီးကလည်း မကောင်း၊ ဈေးနှုန်းကလည်း မကောင်းတော့ အဆင်မပြေဘူး။ မိုးရွာရင်လည်း အသီးတွေက ပုတ်တယ်လေ။''ဟု စတော်ဘယ်ရီ စိုက်တောင်သူ ဒေါ်မိုးအုန်းက ကမ္ဘောဇ တိုင်းသို့ ပြောသည်။

ထို့ပြင် ဒေါ်မိုးအုန်းမှ ''ဆေးကိုတော့ ၇ ရက် တစ်ပတ်ကို တစ်ခါလောက် ဖြန်းပေးရပါတယ်။ တစ်ဈေးကြားမှ တစ်ခါလောက်ပဲ ရောင်းရတယ်၊ ဖောက်သည်တွေ၊ ကုမ္ပဏီတွေကတော့ ခြံထိ လာဝယ်တယ်။ အခုမှ စထွက်တာဆိုတော့ သိပ်ပြီး မရောင်းရသေးဘူး။ နောက်ဆိုတော့ ပိုထွက်မှာပေါ့။ စစိုက်ပြီး ၂ လခွဲ ၃ လ လောက်ဆိုရင်တော့ ခူးလို့ရပြီ'' ဟု ဆက်လက် ပြောကြားခဲ့သည်။

စတော်ဘယ်ရီကို ဒေသသီး၊ ထိုင်ဝမ်သီး၊ ယိုးဒယားသီး အပင်သုံးမျိုးဖြင့် စိုက်ပျိုးလျက်ရှိပြီး ထိုင်ဝမ်ပင် တစ်ပင်ကို ငွေကျပ် ၄၀၀ မှ ၅၀၀ ကျပ်၊ ဒေသသီးကို တစ်စည်းလျှင် ၂၀၀ ကျပ်မှ ၃၀၀ ကျပ်ဖြင့် ဝယ်ယူရကြောင်း သိရသည်။

စတော်ဘယ်ရီပင်ကို အောက်တိုဘာလမှ စတင်စိုက်ပျိုးရပြီး ဇန်နဝါရီလလယ်တွင် စတင်ထွက်ရှိကြောင်း သိရသည်။



စတော်ဘယ်ရီ ဈေးကွက်တွင် ဒေသသီး တစ်ခြင်းကို ၃၀၀၀ ကျပ်၊ ထိုင်ဝမ်သီး တစ်ခြင်းကို ၅၅၀၀ ကျပ်ထိ ရှိနေကြောင်း သိရသည်။

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

# တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများအား ဒေါ်အောင်ဆန်းစုကြည် ပြောကြား

ထက်တိုင်းကျော်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၆ ရက်၊ နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမတွင် လူထုတွေ့ဆုံပွဲပြုလုပ်စဉ် ပြည်နယ် အစိုးရနှင့် တာဝန်ရှိသူများအား ပြည်သူလူထု၏ လိုအပ်ချက်ကို တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။




အဆိုပါ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ပြည်သူများမှ ကျိုင်းတုံ၊ မိုင်းလား ကုန်သွယ်ရေးလမ်းကြောင်း ပြန်ဖွင့်ပေးရန်၊ လျှပ်စစ်မီး လုံလောက်စွာရရှိရန်၊ မြို့တွင်းရေကြီးရေလျှံမှုများ အတွက် ရေနုတ်မြောင်းများ ပြုလုပ်နိုင်ရေး ရန်ပုံငွေ ရရှိရန်၊ မြို့တွင်းလမ်းများ ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းပေးရန်၊ ဌာနဆိုင်ရာများရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် တိုးမြှင့်ခန့်ထားပေးရန်၊ မြေပြန့်ဒေသမှ လာရောက်တာဝန် ထမ်းဆောင်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သက်သာသော လေယာဉ်လက်မှတ်ခဖြင့် ခရီးသွားလာခွင့်ရရန်၊ မူးယစ်ဆေးဝါးကင်းရှင်းရေးနှင့် လုံခြုံရေးဆောင်ရွက်ပေးရန် စသည့်လိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်နယ်အစိုးရအဖွဲ့၊ ဒေသတာဝန်ရှိသူများ အနေဖြင့် တာဝန်ယူဆောင်ရွက်နိုင်သည့် အနေအထားအရ မဖြစ်နိုင်သည့် မျှော်လင့်ချက်ပေး၍ ပြည်သူကို ချွေးသိပ်သည့်သဘော မဖြစ်စေဘဲ ပြည်သူများအတွက် တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

"ဖြစ်နိုင်ချေ နည်းတဲ့ကိစ္စဆိုရင် နိုင်ငံတော်အဆင့် လူကြီးခရီးစဉ်များ တင်ပြဖို့ သင့်/မသင့် စဉ်းစားရပါမယ်။ ဥပမာ ရှမ်းပြည်နယ်နေ့ကို ရုံးပိတ်ရက် သတ်မှတ်ပေးဖို့ဆိုတာ မတင်ပြသင့်ဘူးလို့ ထင်ပါတယ်။ အမေစုက ရုံးပိတ်ရက်တွေ များနေတဲ့ မြန်မာနိုင်ငံမှာ တိုင်းရင်းသား တစ်မျိုးစီက ရုံးပိတ်ရက်တွေ မတောင်းဆိုဘဲ အလုပ်တွေ ပိုလုပ်နိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မယ်လို့ ပြောသွားတာကို ကြိုဆိုထောက်ခံပါတယ်" ဟု အဆိုပါ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူ ကျိုင်းတုံ ဒေသခံတစ်ဦးက ၎င်း၏ အမြင်ကို ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျိုင်းတုံမြို့သို့ လာရောက်သည့် ခရီးစဉ်မတိုင်မီ အကြိုညှိနှိုင်း အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အာခါ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာပေလက ဒေသအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိနိုင်မည့် ကိစ္စများကိုသာ တင်ပြပေးရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်။

# ကျိုင်းတုံဈေးဝန်းကျင်၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် ရှမ်းပြည်နယ် စည်ပင်ဝန်ကြီး လမ်းညွှန်

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့မဈေး ပတ်ဝန်းကျင်ရှိ လမ်းများ၌ ဈေးဖွင့်ချိန်၊ ကျောင်း/ရုံးတက်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် ဖေဖော်ဝါရီလ ၆ ရက်က မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လူနှင့် ယာဉ်အသွားအလာများချိန်တွင် လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီး၏ လမ်းညွှန်မှာကြားချက်နှင့် ပတ်သက်၍ ကျိုင်းတုံဒေသခံ အစိုးရဝန်ထမ်းတစ်ဦးက "မနက်ပိုင်း အချိန်တွေဆိုရင် ကုန်တင်ယာဉ်ကြီးတွေကို ပေးမဝင်ဘူးဆိုရင်တော့ ထိုက်သင့်သလောက် အဆင်ပြေနိုင်ပါတယ်။ ကျန်တဲ့ဈေးပတ်လမ်းတွေမှာရှိနေတဲ့ ကုန်တင်ယာဉ်ငယ်တွေ၊ အငှားယာဉ်တွေ၊ ဈေးဝယ်ယာဉ်နဲ့ လမ်းပေါ် ကျူးကျော်ဈေးဆိုင်တွေကို စည်းကမ်းသတ်မှတ်ပေးလိုက်မယ်ဆိုရင်တော့ ကောင်းသွားပါလိမ့်မယ်"ဟု ၎င်း၏အမြင်ကို ပြောသည်။

ကျိုင်းတုံ မြို့ရှောင်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယင်းမြို့ရှောင်လမ်းအား ဖောက်လုပ်နိုင်ပါက တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် အသွား/အပြန် ကုန်တင်ယာဉ်များသည် မြို့ရှောင်လမ်းကို အသုံးပြု၍ သွားလာနိုင်မည်ဖြစ်သော်လည်း မြန်မာ့ ရေနံနှင့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရေး လုပ်ငန်းဌာနသို့ ဝင်ထွက်နေသည့် လောင်စာဆီတင်ယာဉ်များ၊ အငှားယာဉ်နှင့် ကိုယ်ပိုင်မော်တော်ယာဉ်များ၊ စည်းကမ်းမဲ့ ကျူးကျော်ဈေးသည်များက ယာဉ်သွားလာမှုအတွက် အဟန့်အတား ဖြစ်နေသည်ဟု ဒေသခံများမှ ပြောဆိုလျက် ရှိသည်။

ကျိုင်းတုံမြို့မဈေး ပတ်လည်ရှိ ကောက်ကော့ (၁) လမ်း၊ နောင်ရေလမ်း၊ ပါလို့ (၁) လမ်းတို့တွင် နံနက်ခင်းပိုင်းဈေး၊ ကျောင်း၊ ရုံးတက်ချိန်များ၌ လူနှင့် ယာဉ်မျိုးစုံ ဖြတ်သန်းသွားလာလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားတတ်လေ့ရှိကြောင်း ကျိုင်းတုံဒေသခံများမှ ဝေဖန်ပြောဆိုလျက်ရှိကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာတွင် ပြည်နယ်ဝန်ကြီးက လမ်းပိတ်ဆို့မှု ဖြစ်ပေါ်စေနိုင်သည်များအား ရှင်းလင်းရေးအတွက် လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်ဟု ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

# မူးယစ်ရာဇာ ၇ ဦးနှင့်အတူ မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသူ ၈၁ ဦးအား ထိုင်းလဝကသို့ လွှဲပြောင်း

မင်းဇော်မင်း

ထိုင်းနိုင်ငံမှ အလိုရှိနေသော မူးယစ်ရာဇာ ၇ ဦးနှင့်အတူ နည်းလမ်းပေါင်းစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ ထိုင်းနိုင်ငံသား ၈၁ ဦးအား ဖေဖော်ဝါရီလ ၁၁ ရက်၊ ညပိုင်းက မြန်မာနိုင်ငံတာဝန်ရှိသူများမှ ထိုင်းနိုင်ငံဘက်သို့ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မိုင်းတုံမြို့နယ် လဝက ဦးစီးမှူး ဦးသန်းထိုက်ထံမှ သိရသည်။

"မိုင်းဆတ်ကနေ ကား ၇ စီးနဲ့ ခေါ်ယူလာတာ တာချီလိတ်က နားယောင်းအထိ လာစောင့်ခေါ်ပြီးနောက်ည ၁၁ နာရီခွဲမှာ ထိုင်းလဝက ရဲချုပ်က လာလက်ခံပါတယ်။ ရဲချုပ်က သတင်းစာ ရှင်းလင်းပွဲမှာ မူးယစ်တရားခံ ၇ ဦး ပါတယ်လို့တော့ ပြောတယ်။ ရှမ်းပြည်နယ် လဝကညွှန်မှူးက ဦးဆောင်လွှဲပြောင်းပေးတာပါ" ဟု ဦးသန်းထိုက်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၃ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းဆတ်မြို့နယ်၊ မိုင်းကန်ကျေးရွာရှိ တည်းခိုခန်း ၂ ခုတွင် ထိုင်းနိုင်ငံသား ၈၁ ဦးကို ဖမ်းဆီးရမိခဲ့ပြီးနောက် ထိုင်းနိုင်ငံလဝက ရဲချုပ် ဆူရချေ့ဟတ်ဖန်နှင့် အဖွဲ့ထံသို့ ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးမှူး ဦးဝင်းလွင်၊ ကျိုင်းတုံလဝက ညွှန်ကြားရေးမှူး ဦးကျော်ဝင်းမောင်တို့ ဦးဆောင်သော တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအဆင့်မြင့်အရာရှိ ရဲချုပ် ဆူရချေ့ဟတ်ဖန်က အဆိုပါ ဖမ်းဆီး ခံရသူများနှင့် ပတ်သက်၍ ဖမ်းဆီးခံ ထိုင်းအမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၃၃ ဦးတို့တွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်နေသော ထိုင်းနိုင်ငံမှ အလိုရှိနေသည့် မူးယစ်ဂိုဏ်း (ဆိုလိုဂိုဏ်း) ခေါင်းဆောင် ပန်နစ်ပရထုန်(ခ) ကိုကယ်နှင့် ၎င်း၏လက်ရုံးအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ကီတီဆပ်၊ နိုင်ချိုင်နလို၊ နမ်ကော်ဝိဇာ၊ နမ့်နဖါပေါ်ဟတ္ထိ ပါဝင်ကြောင်းနှင့် ၎င်းတို့သည် ဘိန်းရာဇာအဆင့် မဟုတ်သော်လည်း မူးယစ်မှောင်ခိုသမားများ၏ လူယုံဂိုဏ်း စိတ်ကြွဆေးများကို ရောင်းချပေးနေသူများ ဖြစ်ကြပြီး ထိုင်းနိုင်ငံအတွင်း၌ ယင်းဆိုလိုဂိုဏ်းဝင် ၁၇ ဦးကို ဖမ်းဆီးရမိထားကြောင်း ဖေဖော်ဝါရီလ ၆ ရက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လွှဲပြောင်းပေးမှုကို အိမ်နီးချင်းနိုင်ငံချင်း မိတ်မပျက်ဘဲ သံတမန်နည်းလမ်းအရ ထောက်ထားရှေ့ရှုသည့်အနေဖြင့် နှစ်နိုင်ငံအစိုးရချင်း သဘောတူညီထားမှုအရ တရားစွဲတင် အရေးယူ ဆောင်ရွက်ခြင်း မပြုဘဲ မိခင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

❐

# ရပ်ရွာပိုင်လမ်းများ ရေရှည်အသုံးပြု သွားလာနိုင်ရေးအတွက် ဒေသခံများမှ ပူးပေါင်းထိန်းသိမ်းရန်လိုဟု ဒုဝန်ကြီး ပြော

ခွန်အောင် (နောင်တရား)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ဖေဖော်ဝါရီလ ၇ ရက်၊ နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရား ဒေသရှိ အစားထိုး ဖွံ့ဖြိုးမှု (Pilot Project)ဖြင့် ဆောင်ရွက်ထားသည့်လမ်း၊ တံတား အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ရပ်ရွာပိုင်လမ်းများ ရေရှည်အသုံးပြု သွားလာနိုင်ရေးအတွက် ဒေသခံများမှ ပူးပေါင်းထိန်းသိမ်းရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများသည် Royal 47 Co.,Ltd မှတာဝန်ယူဆောင်ရွက်နေသည့် ပင်ခင်-ပယ်လော-မြင့်တောင် မြေသားလမ်း ၄ မိုင် ဖောက်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမက ပြည်လုံးကျော်ဌ Royal 47 Co.,Ltd တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မြေသားလမ်း၊ Box Culvert၊ ရေသွယ်ယူခြင်းနှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

တင်ပြမှုနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆောင်ရွက်ပြီးဖြစ်သည့် မြေသားလမ်းများတွင် မိုးတွင်းကာလ၌ သွားလာရေးလွယ်ကူရန်အတွက် ဖြုန်းသဲများခင်းကျင်းရန်လိုကြောင်း၊ မိုးတွင်းကာလတွင် ပျက်စီးမှုများရှိလာပါက ကုမ္ပဏီမှ ပြန်လည်ပြုပြင်ရန်လိုကြောင်းနှင့် ဒေသခံများအနေဖြင့် မိမိရပ်ရွာလမ်းပိုင်းများ ရေရှည်အသုံးပြုသွားလာနိုင်ရေးအတွက် ပူးပေါင်းထိန်းသိမ်းရန် လိုကြောင်းပြောကြားခဲ့သည်။



ထို့နောက် လွယ်အယ်တံတား ဆောင်ရွက်နေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ပြီး ကပ္ပတိန်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဝါးလက်မှု ပညာသင်တန်းတွင် ဝါးလက်မှုပညာဖြင့် ဝါးအလှကုန်ပစ္စည်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပကွော်ကျေးရွာ အလက ကျောင်းတွင် ဆရာ/ဆရာမများနှင့် တွေ့ဆုံပြီးနောက် ပကွော် ကျေးရွာ လျှပ်စစ်မီးသွယ်တန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်မီး သွယ်တန်းခြင်းလုပ်ငန်းကို ဇွန်လတွင် အပြီးသတ် ဆောင်ရွက်မည်ဖြစ်ပြီး လျှပ်စစ်မီး ရရှိမည်ဟု သိရသည်။ ထို့နောက် ထီရွေး-ထီရယ်ကျေးရွာ၌ တည်ဆောက်နေသည့် ကွန်ကရစ် ပေ ၅၀၀ တံတားအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းကဲ့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့်အတူ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ပင်လောင်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

# မူဆယ်တွင် စားသုံးသူကာကွယ်ရေး စင်တာများ တည်ဆောက်သွားမည်




မင်းဇော်မင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ ထုတ်ကုန်များ အပြန်အလှန်ထိန်းကျောင်းနိုင်ရေးအတွက် စားသုံးသူကာကွယ်ရေး စင်တာများကို နှစ်နိုင်ငံ နယ်စပ်မြို့များတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း လားရှိုးမြို့ရှိ ပြည်နယ်ခွဲ စားသုံးသူရေးရာ ဦးစီးဌာနမှ သိရှိရသည်။

အဆိုပါ စားသုံးသူကာကွယ်ရေးစင်တာများကို မြန်မာနိုင်ငံဘက်ခြမ်း၊ မူဆယ်မြို့အပြင် တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ်၊ ရွှေလီမြို့တွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

''မူဆယ်မှာ ခရိုင်အဆင့် စားသုံးသူရေးရာဌာန ရှိနေပါတယ်။ အဲဒါကို အဆင့်မြှင့်တင်မှုလုပ်ပြီး ဖွင့်ဖို့ ရှိပါမယ်။ လိုအပ်တဲ့ ငွေကြေးစစ်ဆေးရေး ကိရိယာတွေအတွက် စီစဉ်ဆောင် ရွက်နေတယ်လို့ သိရပါတယ်။ စားသုံးသူ တိုင်ကြားဌာနမှလည်း တိုင်ကြားနိုင်သလို ကွင်းဆင်း စစ်ဆေးတွေ့ရှိမှုတွေကိုလည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်'' ဟု လားရှိုးမြို့ရှိ ပြည်နယ်ခွဲ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသန့်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်က မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမတွင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ် စားသုံးသူအသင်းတို့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရာတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consummer Information and Complaint Center- CICC) ကို အမြန်ဖွင့်လှစ်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

''အဓိကကတော့ ပြည်တွင်းကို ဝင်ရောက်လာမယ့် တရုတ်ဘက်က ထုတ်ကုန်တွေနဲ့ ပတ်သက်လို့ စားသုံးသူတွေ နစ်နာမယ်ဆိုရင် တရုတ်နိုင်ငံ စားသုံးသူကာကွယ်ရေးစင်တာကို ချက်ခြင်းသတင်းပို့ အရေးယူနိုင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ မြန်မာဘက်ကလည်း တရုတ်ကိုပို့တဲ့ ထုတ်ကုန်တွေမှာ သူတို့စားသုံးသူတွေ နစ်နာမယ်ဆိုရင် ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ပါ'' ဟု နေပြည်တော်ရှိ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောသည်။

နှစ်နိုင်ငံနယ်စပ်တွင် အပြန်အလှန် တင်သွင်းလျက်ရှိသည့် သွင်းကုန်/ထုတ်ကုန်များအတွက် စားသုံးသူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အဆိုပါ စင်တာများအား ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ကျိုင်းတုံတွင် ကျပ်တစ်ထောင်တန် အောင်ဘာလေ ထီလက်မှတ်များကို မူရင်းသတ်မှတ်ဈေးဖြင့်သာ ရောင်းချနေ

ထက်တိုင်းကျော်

၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်တွင် ဖွင့်လှစ်မည့် ကျပ်သိန်း တစ်သောင်းခွဲဆုမဲပါဝင်သည့် ပထမအကြိမ် အောင်ဘာလေ ထီလက်မှတ်များကို ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့တွင် မူရင်းသတ်မှတ်ထားသော တန်ဖိုးအတိုင်းသာ ကျပ်တစ်ထောင်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ပုဂ္ဂလိက ထီလက်မှတ် ရောင်းချနေသူအချို့သည် အစိုးရ အောင်ဘာလေ သိန်းဆုဌာနခွဲမှ ရာင်းချပေးသည့် ကျပ် ၅၀၀ တန် ထီလက်မှတ်များကို ကျပ် ၆၅၀ နှုန်းဖြင့် ရောင်းချပေးမှုများရှိနေရာ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်တွင် ဖွင့်လှစ်မည့် ကျပ်တစ်ထောင်တန် ထီလက်မှတ်များအား ဈေးနှုန်း ပိုမိုရောင်းချမည်ကို ဒေသခံ ထီကံစမ်းသူများမှ စိုးရိမ်နေကြကြောင်း သိရသည်။

''ကျိုင်းတုံမြို့နယ်က ပြည်သူတွေအတွက် မှန်ကန်တဲ့ ထီဈေးနှုန်းနဲ့ ကံစမ်းနိုင်စေဖို့ ရည်ရွယ်ပြီး အမြတ်နည်းနည်းနဲ့ စောင်ရေများများ ရောင်းနိုင်ဖို့ ကြိုးစားတာဖြစ်ပါတယ်'' ဟု ကျိုင်းတုံမြို့၊ ယမုံနာရွှေအိုးနှင့် ဒိန်ချဉ်နှင့် အောင်ဘာလေ ထီလက်မှတ်အရောင်းဆိုင်မှ ဦးမောင်ဝင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ယင်းကဲ့သို့ ထီလက်မှတ်များအား သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုနှင့် ပတ်သက်၍ ကျိုင်းတုံဒေသခံတစ်ဦးမှလည်း ''ကျွန်တော်တို့က မြို့ပေါ်မှာ နေရာအနှံ့ သွားနေရတော့ ဘယ်ထီဆိုင်က ဘယ်ဈေးရောင်းတယ်ဆိုတာ သိပါတယ်။ စေတနာထားပြီးလုပ်နေတဲ့ ယမုံနာဆိုင်ကတော့ သူ့ဆိုင်မှာ ကုန်ပစ္စည်းလက်ကျန်ဆိုတာ မရှိအောင် ရောင်းနေရတာကို သတိထားမိပါတယ်'' ဟု ၎င်း၏အမြင်ကို ပြောသည်။



လာမည့် မတ်လ ၁ ရက်တွင် ဖွင့်လှစ်မည့် ကျပ်တစ်ထောင်တန် အောင်ဘာလေထီဆုတွင် ကျပ် ၅ သိန်းမှ အမြင့်ဆုံး ကျပ်သိန်း ၁၅၀၀၀ အထိ ဆုမဲများအပါအဝင် ဝေဝေဆာဆာပဒေသာ ဆုမဲများကိုလည်း ချီးမြှင့်သွားမည် ဖြစ်သည်။

# ရွာငံတွင် စိတ်ကျန်းမာရေး မပြည့်စုံသည့် အမျိုးသမီးငယ်ကို ဦးလေးဝမ်းကွဲက ကာမလိမ်လည် ရယူခဲ့ဟု ဆို

မင်းဇော်မင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ကပြင်ကျေးရွာတွင် အသက် ၂၃ နှစ် အရွယ်ရှိ စိတ်ကျန်းမာရေး မပြည့်စုံကာ အတက်ရောဂါရှိသည့် အမျိုးသမီးငယ်တစ်ဦးကို ဆွေမျိုးနီးစပ်တော်စပ်သူ ဦးလေးဝမ်းကွဲဆိုသူမှ ကာမလိမ်လည်ရယူခဲ့ပြီး ကိုယ်ဝန်ရရှိခဲ့သဖြင့် တရားရုံးသို့ဦးတိုက်လျှောက်ထားခဲ့ပြီး အမှုမှန်ပေါ်ပေါက်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ရွာငံမြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

"ကလေးမလေးကို စခန်းမှာတစ်နာရီလောက်မေးပေမယ့် ဘာမှမပြောလို့အမှုမဖွင့်နိုင်ဘဲ တရားရုံးကိုဦးတိုက်လျှောက်ခိုင်းခဲ့ရပါတယ်။ တရားရုံးက ကျင့် ၂၀၀ အရ ရဲစခန်း အနေနဲ့ စုံစမ်းစစ်ဆေးပြီး ကျင့် ၂၀၂ အရ ပြန်တင်ဖို့ညွှန်ကြားလာလို့ အခင်းဖြစ်ရွာက ပတ်ဝန်းကျင်၊ မိဘဆွေမျိုး၊ သက်သေတွေအားလုံးကို တွေ့ဆုံ စစ်မေးပြီး ဖေဖော်ဝါရီ ၄ ရက်မှာ တရားရုံးကို တင်ပေးလိုက်ပါပြီ။ အမှုမှာ ကာမလိမ်လည်မှုနဲ့ တင်ထားပေမယ့် တခြားစစ်မေးချက်တွေအရ ပုဒ်မပြောင်းလဲနိုင်ပါတယ်။ ဥပမာ မုဒိမ်းမှုမြောက်တာမျိုးဆိုရင် ၃၇၆ ပေါ့" ဟု ရွာငံမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ရွာငံမြို့နယ်၊ ကပြင်ကျေးရွာတွင် နေထိုင်သည့် အသက်(၂၃)နှစ်အရွယ် စိတ်ကျန်းမာရေးမပြည့်စုံဘဲ အတက်ရောဂါရှိသူ အမျိုးသမီးငယ်တစ်ဦးတွင် ကိုယ်ဝန် ၆ လရှိနေသည်ကို မိဘများက စစ်ဆေးတွေ့ရှိသဖြင့် မေးမြန်းရာ လွန်ခဲ့သော ရက်အတိအကျ မသိရသည့်နေ့မှစ၍ ဦးလေးဝမ်းကွဲတော်စပ်သူ တစ်ရွာတည်းနေ ဦးဝင်းဖေဆိုသူမှ သားမယားအဖြစ်ပြုကျင့်၍ရရှိလာသော ကိုယ်ဝန်ဖြစ်ကြောင်း သိရှိရသဖြင့် ရွာငံမြို့မရဲစခန်းသို့ တိုင်ကြားရာမှ တရားရုံး ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရပ်ရွာအုပ်ချုပ်ရေးပိုင်း သက်သေများနှင့်အတူ ရဲစခန်းတာဝန်ရှိသူများမှ ဦးဝင်းဖေ (ခ)ကိုကြီးဆိုသူအား စစ်ဆေးမေးမြန်းရာ တူမဖြစ်သူတွင် ၎င်းနှင့်ရရှိသော ကိုယ်ဝန်ရှိနေကြောင်း ၎င်း၏ညီဖြစ်သူ ပြောဆိုနေသည်ကို ကြားသိရသဖြင့် ကိုယ်ဝန်မှာ ၎င်းနှင့်ရရှိခြင်း မဟုတ်ကြောင်း ထွက်ဆိုခဲ့သည်ဟု သိရသည်။

စိတ်ကျန်းမာရေးမပြည့်စုံသူ အမျိုးသမီးငယ်မှာ အသက် ၁ နှစ် ၈ လခန့်မှစ၍ အတက်ရောဂါခံစားလာရပြီး ယခင်က ၁၀ ရက်တစ်ကြိမ်ခန့်ကြာမှ တက်သော်လည်း ယခုအခါ ကိုယ်ဝန်ရင့်လာသည့်နောက်ပိုင်း တစ်ရက်တစ်ကြိမ်ခန့် အတက်ရောဂါ ဖြစ်ပေါ်နေပြီး အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့်အတွက် ရွာငံဆေးရုံသို့ တင်ပို့၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း အဆိုပါကိစ္စအား ပါဝင်ကူညီဆောင်ရွက်ပေးနေသူ ဓနုတိုင်းရင်းသားအဖွဲ့ချုပ် ရွာငံမြို့နယ်အမျိုးသားနိုင်ငံရေးတာဝန်ခံ ဒေါ်စုစုအေးထံမှသိရသည်။

"ကလေးမလေးကို တွေ့ဆုံမေးမြန်းတော့ သူ့ကို ကိုဝင်းဖေက နှစ်ခါတောင်လုပ်တာ။ အမေနဲ့အဘကို တိုင်ပြောမယ်လို့ ကလေးမလေးကပြောတာကို ပြုကျင့်သူက သူများတွေကြားကုန်မယ် မအော်နဲ့လို့ ပြောတာတွေ ဖုန်းနဲ့ရုပ်သံမှတ်တမ်းတင်ထားပါတယ်။ မိဘတွေက သူတို့သမီးလေးလို မသန်စွမ်းသူဖြစ်ရတဲ့အဖြစ်မျိုး တခြားသူတွေ သတိမူမိအောင်လို့ ပြောပေးဖို့ ခွင့်ပြုပေးထားပါတယ်"ဟု ဒေါ်စုစုအေးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူ လွှတ်တော်ပြင်ပအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝ မြှင့်တင်ရေးအဖွဲ့၏ ရွာငံမြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြတ်လွင်ကလည်း အမျိုးသမီးငယ်၏ ပြောဆိုချက်၊ မိဘများ၊ သက်သေများ၏ တွေ့မြင်သက်သေခံချက်များအရ အမှုမှာ ထင်ရှားနေပြီဖြစ်ပြီး မွေးဖွားလာမည့် ကလေး၏ DNA ကိုစစ်ဆေးနိုင်ပါက ကျူးလွန်သူကိုသေချာစွာသိရှိနိုင်မည်ဖြစ်ကြောင်းနှင့် အခြားမသန်စွမ်းသူကလေးငယ်များ၏ မိဘများမှလည်း အလေးဂရုပြု သတိထားစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသမီးငယ်မှာ မွေးချင်းမောင်နှမ ၅ ဦးတွင် ၃ ဦးမြောက်ဖြစ်ကာ ငယ်စဉ်ကရရှိခဲ့သည့် အတက်ရောဂါအရ စိတ်ပုံမှန် မဟုတ်သည့် အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး မိဘများမှာလည်း နေ့စဉ်တောင်ယာသို့ သွားနေရသဖြင့် ဦးလေးဝမ်းကွဲ တော်စပ်သူ ဦးဝင်းဖေအား အပ်နှံခဲ့ရာမှ မသက်သာသဖြင့် စစ်ဆေးရာ ကိုယ်ဝန် ရှိနေကြောင်း သိရှိခဲ့ရခြင်း ဖြစ်ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၅ ရက်က မေးမြန်းခဲ့ရာတွင် ကိုကြီးဝင်းဖေနှင့် သားမယားအဖြစ် အတူ နေခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

# ညောင်ရွှေနှင့် ရွာငံရှိ စပ်ဆေး အရောင်းဆိုင်များကို ပိတ်သိမ်းအရေးယူထား

ရဲရင့်ဖွဲ့

ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်း စပ်ဆေးရောင်းချနေသည့် ဆေးဆိုင် ၅ ဆိုင်အား ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍ ဆိုင်ပိတ်သိမ်း အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

စပ်ဆေး တွေ့ရှိခဲ့သည့် ဆိုင်များမှာ ညောင်ရွှေမြို့နယ်မှ ဆေးဆိုင် ၂ ဆိုင်နှင့် ရွာငံမြို့နယ်မှ ဆေးဆိုင် ၃ ဆိုင်တို့ဖြစ်ကြောင်း သိရသည်။

"အဲဒီ စပ်ဆေးတွေကို သောက်သုံးမယ်ဆိုရင် အစာအိမ်ပေါက်တာတွေ၊ အရိုးပွတာတွေ ဖြစ်လာမယ်။ ကျောက်ကပ်ထိခိုက် လာနိုင်တယ်။ ဖြစ်တဲ့ရောဂါ မပျောက်ဘဲ အသက်ဆုံးရှုံးသွားနိုင်တယ်။ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ဆေးဆိုင်တော်တော်များများမှာတော့မတွေ့ရဘူး။ မြင်သာအောင် မရောင်းကြတာတွေလည်း ဖြစ်နိုင်တယ်။ လူနာလာမှ ဒီဆေးနဲ့ ဒီဆေးတွဲသောက်ပါဆိုတာတွေရှိမယ်။ ဆေးဘူးတွေ့တယ်၊ ဆေးကတ်တွေတွေ့တယ်၊ အထုပ်တော့ မတွေ့ဘူး" ဟု ရှမ်းပြည်နယ် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးဆေးပစ္စည်းအလုပ်ကုန် ဦးစီးအရာရှိ ဒေါက်တာရွှေနှင်းဝေက ပြောသည်။

"ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ စပ်ဆေးတစ်ခုတည်းကိုပဲ စစ်ဆေးတာ မဟုတ်ပါဘူး။ အကုန်လုံးကို စစ်ဆေးပြီးကောင်းမွန်သော ဆေးဝါးကျင့်စဉ်နဲ့ စည်းကမ်းလိုက်နာမှု ရှိ/မရှိ၊ ဖြန့်ဖြူးရောင်းချမှု၊ ထားသိုမှု၊ သက်တမ်းကုန်ဆေး၊ မှတ်ပုံတင်မရှိတဲ့ ဆေးဝါးတွေကို စစ်ဆေးတွေ့ရှိရင် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ အမျိုးသားဥပဒေအရ ၃ လ၊ ၆ လ အရေးယူတာတွေရှိပါတယ်" ဟု ဒေါက်တာရွှေနှင်းဝေက ဆက်လက် ပြောကြားသည်။

ရှမ်းပြည်နယ် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာများ တိုးပွားလာ စေရန်အတွက် အသိပညာပေးလုပ်ငန်းများကို ၁ လ ၁ ကြိမ် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆေးဝါးအတုများ၊ ရောနှောဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ စပ်ဆေးများ၊ သက်တမ်းကုန်ဆုံးနေသောဆေးများ ရောင်းချခြင်းကိုတွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

# လားရှိုးတွင် မေထုံမွဲသားစပ်ခြင်း လုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေ

ရဲရင့်ဖွဲ့

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် မေထုံမွဲသားစပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းနေပြီး ဒေသခံပြည်သူများ စိတ်ဝင်စားမှုများပြားလာသဖြင့် နွားမွေးမြူသူ များပြားလာနေကြောင်း လားရှိုးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မေထုံမွဲသားစပ်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်ရောက်မှ စတင်ဆောင်ရွက်ခဲ့တာပါ။ မေထုံမွဲသားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ဖို့အတွက် သားစပ်ကျွမ်းကျင်သူ ဆရာဝန် ၂ ဦးနဲ့ ဆောင်ရွက်ပါတယ်။ စလုပ်တဲ့ အချိန်တုန်းကတော့ သိပ်ပြီးမတွင်ကျယ်ပါဘူး။ အခုနောက်ပိုင်းကျတော့ ပိုသိလာကြပြီး ပိုစိတ်ဝင်စားလာကြပါတယ်။ မွေးမြူသူတွေက ကျွန်တော်တို့ကို လာအကြောင်းကြားတာနဲ့ချက်ချင်းသွားကြည့်ပေးတယ်။ ပြီးရင် သားစပ်ခြင်းကို ဆောင်ရွက်ပေးပါတယ်"ဟု လားရှိုးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်က ကမ္ဘောဇတိုင်းသို့ ပြောကြားခဲ့သည်။



လားရှိုးမြို့နယ်တွင် မေထုံမွဲသားစပ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ စတင်၍ ယနေ့အထိ နွား ၁၇၄ ကောင်အား အောင်မြင်စွာ မေထုံမွဲ သားစပ်ပေးနိုင်ခဲ့ပြီး နောင်တွင် မျိုးရေခဲ သိမ်းဆည်းနိုင်ရန်အတွက် နိုက်ထရိုဂျင် ၃၀ လီတာဆံ့အိုးကြီး ၄ လုံး၊ ၃ လီတာဆံ့ အိုးအသေး ၄ လုံးထားရှိပေးထားကြောင်းနှင့် မျိုးရေခဲများကို ရန်ကုန်မြို့မှ မှာယူ၍လစဉ်ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

" အရင်တုန်းက သားစပ်တော့မယ်ဆိုရင် နွားအထီးကို ကြိုရတယ်။ ပြီးရင် ပြန်သွားပို့ရတယ်။ အခုမေထုံမွဲ သားစပ်ကတော့ အဲဒီလိုတွေ လုပ်စရာ မလိုတော့ဘူး။ နွားမက သားတောင်းပြီဆိုတာနဲ့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို သွားအကြောင်းကြားလိုက်တယ်။ သူတို့က သွားပြောတာနဲ့လိုက်ကြည့်ပေးတယ်။ ပြီးတော့ သားတင်လို့ရရင် လာပြီးစပ်ပေးသွားတယ်။ အဆင်ပြေပါတယ်။ အောင်လည်း အောင်မြင်ပါတယ်" ဟု လားရှိုးဒေသခံနွားမွေးမြူသူတစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

အဆိုပါမေထုံမွဲ သားစပ်ခြင်းလုပ်ငန်းတွင် နို့စားနွား၊ နွားပြာစိမ်း၊ ရွှေနီ အသားတိုးနွား စသည့်မျိုးများကို သားစပ်ပေးလျက်ရှိပြီး လားရှိုးမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019

# ပင်းတယတွင် ၂၀၂၀ ရွေးကောက်ပွဲ၌ ပထမအကြိမ် မဲပေးရမည့် လူငယ်များအား ရည်ရွယ်၍ ပညာ ပေးသင်တန်း ပြုလုပ်

မင်းဇော်မင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် လာမည့် ၂၀၂၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ၌ အသက် ၁၈ နှစ်ပြည့်ကာ ပထမအကြိမ် ဆန္ဒမဲပေးခွင့်ရမည့် လူငယ်များအား ရည်ရွယ်၍ ပြဇာတ်ပုံစံဖြင့် ပညာပေးသင်တန်းကို ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Myanmar Network Organization for Free and fair Election-MYNFREL) ထံမှ သိရသည်။

''လာမယ့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲမှာ အသက် ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒပေးခွင့်ရမယ့် လူငယ်တွေအတွက် ရည်ရွယ်ပါတယ်။ ဒီသင်တန်းမှာ ထူးခြားတာတော့ အရင်သင်တန်းတွေလို ခန်းမထဲမှာ မပြုလုပ်ဘဲ ဈေးနေ့မှာလာတဲ့ လူအများအတွက် ပြဇာတ်သဘောမျိုးနဲ့ အမေးအဖြေတွေလုပ်တော့ အားလုံး ထိထိရောက်ရောက် ပြောကြပါတယ်။ အသက်ဘယ်လောက်မှာ မဲပေးခွင့်ရှိလဲတို့၊ မဲပေးရတဲ့ရည်ရွယ်ချက်တို့ကို အမေးအဖြေတွေ လုပ်ဖြစ်ပါတယ်''ဟု MYNFREL မှ ဆရာမ ဒေါ်ဝင်းမြထွန်းက ဇန်နဝါရီလ ၄ ရက်တွင် ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါ သင်တန်းကို ပင်းတယမြို့၊ ကလောမြို့နယ်များမှ သင်တန်းသားလူငယ် ၂၇ ဦးဖြင့် ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်ခဲ့ပြီး သင်တန်းနောက်ဆုံးရက်ဖြစ်သော ဖေဖော်ဝါရီ ၃ ရက် ပင်းတယဈေးနေ့တွင် ဈေးအတွင်း ''မဲပေးစို့'' ခေါင်းစဉ်ဖြင့် သရုပ်ပြပွဲပြုလုပ်ခဲ့ပြီး ဈေးလာပြည်သူများအား အမေးအဖြေကဏ္ဍ ပြုလုပ်ခြင်း၊ အသိပညာ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

''ကျွန်တော့် အနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ အသက်မမီတဲ့ အတွက် မဲမပေးခဲ့ရပေမယ့် အခုလာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ ကျွန်တော်ပေးရမယ့် မဲတစ်ပြားရဲ့ တန်ဖိုးကို သိရှိလာရတဲ့အတွက် သင်တန်းတက်ရောက်ရတာ အလွန်ဝမ်းမြောက်ပါတယ်။ မဲပေးဖို့ကိုလည်း ရင်ခုန်စွာနဲ့ စောင့်မျှော်နေပါတယ်'' ဟု အဆိုပါ သင်တန်းသို့ တက်ရောက်ခဲ့သည့် ပင်းတယမြို့နယ်မှ အသက် ၂၀ အရွယ် မောင်ဇော်မင်းထွန်းဆိုသူက ပြောသည်။

''ဒီမိုကရေစီရဲ့ စံနှုန်းတွေနဲ့ ရွေးကောက်ပွဲတစ်ခုမှာ ကိုယ်ပေးရမယ့် မဲတစ်ပြားရဲ့ တန်ဖိုးကို ပထမဆုံးအကြိမ် မဲပေးမယ့် လူငယ်တွေသာမက လူကြီးတွေဆီပါ အသိပညာ ဖြန့်ကျက်စေဖို့၊ အထူးသဖြင့် ပယ်မဲများတဲ့နေရာ၊ မဲလာပေးသူနည်းတဲ့နေရာတွေမှာ သင်တန်းပြုလုပ်ရခြင်း ဖြစ်ပါတယ်'' ဟု MYNFREL ပရိုဂရမ် ဒါရိုက်တာ ဦးအောင်လှိုင်ထွန်းက ပြောသည်။




အဆိုပါ သင်တန်းများကို ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းရှိ လွိုင်လင်၊ ကျေးသီး၊ မိုင်းကိုင်၊ မိုင်းရှူးလဲ ချားမြို့နယ်များတွင်လည်း ပြုလုပ်ခဲ့ပြီးဖြစ်ကာ ပင်လုံမြို့တွင်လည်း ဖေဖော်ဝါရီလ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါမြို့နယ်များတွင် လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် တာချီလိတ်၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းပျဉ်း၊ စသည့် မြို့နယ်များတွင် လည်းကောင်း အသိပညာပေး သင်တန်းများကို ပြုလုပ်ခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်း ဒေသကြီးများရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်တွင် သင်တန်းများဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ ❒

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**ဟိုပုံးမြို့နယ်လုံးဆိုင်ရာ " ပရိယတ္တိပိဒက " စာမေးပွဲတော်ကြီးအတွက်**
**နိုးဆော်လွှာ**

သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့- ပရိနိဗ္ဗာန်ဝင်စံခါနီးဖြစ်တော်မူသော မြတ်စွာဘုရားသည် ''အာနန္ဒာ သင်တို့အား ငါဘုရားဟောကြား ပညတ်တော်မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပရိယတ္တိတရားတော်သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးရာမှ နောက်၌ သင်တို့၏ ဆရာတစ်ဆူ ဖြစ်လိမ့်မည်''ဟူ၍ မိန့်မှာတော်မူခဲ့သည်နှင့်အညီ-

သာသနာတော်သုံးရပ်ရှိရာတွင် ပရိယတ္တိသာသနာတည်းဟူသော ကန်ဘောင်ရိုးရှိမှသာ ပဋိပတ္တိသာသနာတည်းဟူသော ရေနှင့် ပဋိဝေဓသာသနာတည်းဟူသော ကြာပန်းများတည်ရှိနိုင်မည် ဖြစ်ပါသောကြောင့် ဘုရားရှင်၏ သာသနာတော် သုံးရပ်အရှည်ခံ၍ တည်တံ့ပြန့်ပွားထွန်းကားပါစေခြင်းအကျိုးငှာ အဓိကအခြေခံကျသော ပရိယတ္တိသာသနာတော်မြတ်ကို ချီးမြှောက်ထောက်ပံ့ရန် ရည်ရွယ်၍-

(၃-၇-၂၀၁၆) ခုနှစ်တွင် ဟိုပုံးမြို့၊ တုံခမ်းကျောင်းတိုက်၌ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌနှင့်တကွ မြို့နယ်သံဃာတော်များ၊ ဌာနဆိုင်ရာ ဒါယကာ/ဒါယိကာမများ၊ မြို့မိမြို့ဖများ စည်းဝေးတိုင်ပင်ကြပြီး ဟိုပုံးမြို့နယ်လုံးဆိုင်ရာ ''ပရိယတ္တိပိဒက'' စာမေးပွဲတော်ကြီးကို နှစ်စဉ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၃၇၈-ခုနှစ်မှ စတင်၍ (ပထမ)အကြိမ် ဟိုပုံးမြို့နယ်လုံးဆိုင်ရာ ''ပရိယတ္တိပိဒက'' စာမေးပွဲတော်ကြီးကို (၁၉-၃-၂၀၁၇)မှ (၂၁-၃-၂၀၁၇)နေ့ထိ၊ စာဖြေသံဃာ (၇၃၃)ပါးတို့ဖြင့်လည်းကောင်း၊

(ဒုတိယ)အကြိမ် ဟိုပုံးမြို့နယ်လုံးဆိုင်ရာ ''ပရိယတ္တိပိဒက'' စာမေးပွဲတော်ကြီးကို (၁၇-၃-၂၀၁၈) မှ (၂၁-၃-၂၀၁၈)နေ့ထိ၊ ဟိုပုံးမြို့နယ် ဖါလွိုင်ဗွေလွန်းကျောင်းတိုက်၌ စာဖြေသံဃာ (၁၂၅၀)ကျော်တို့ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။

ယခုနှစ်တွင်လည်း (တတိယ)အကြိမ် ဟိုပုံးမြို့နယ်လုံးဆိုင်ရာ ''ပရိယတ္တိပိဒက'' စာမေးပွဲတော်ကြီးကို (၂၁-၃-၂၀၁၉)မှ (၂၅-၃-၂၀၁၉)နေ့ထိ ဟိုပုံးမြို့နယ် ဖာလွိုင်ဗွေလွန်းကျောင်းတိုက်၌ သံဃာ (၁၅၀၀)ကျော်ဖြင့် ဆက်လက်ကျင်းပမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဟိုပုံးမြို့နယ်လုံးဆိုင်ရာ (တတိယ)အကြိမ်မြောက် ''ပရိယတ္တိပိဒက''စာမေးပွဲတော်၊ စာဖြေသံဃာ (၁၅၀၀) ကျော်အတွက်

| | | | |
|---|---|---|---|
| ဆွမ်းတစ်ဝိုင်းလှူင် | ၁၀၀၀၀/ကျပ် | စာဖြေခုံ တစ်ခုံလှူင် | ၅၀၀၀/ကျပ် |
| စာအောင်ပထမဆု | ၅၀၀၀/ကျပ် | စာအောင်ဒုတိယဆု | ၄၀၀၀/ကျပ် |
| စာအောင်တတိယဆု | ၃၀၀၀/ကျပ် | ခဲဘွယ်အလှူ | ၂၀၀၀/ကျပ် |
| ရေသန့်၊ ဖျော်ရည်အလှူ | ၁၀၀၀/ကျပ် | (မိမိတတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ကြပါသည်။) | |

| | |
|---|---|
| စာမေးပွဲဖြေဆိုရက် | ၁၃၈၀-ခု၊ တပေါင်းလဆုတ် (၁) ရက်မှ (၄)ရက်နေ့အထိ၊ (၂၁-၃-၂၀၁၉ မှ ၂၄-၃-၂၀၁၉ ထိ)။ |
| စာအောင်ဆုပေးပွဲ၊ ရေစက်ချ | ၁၃၈၀-ခု၊ တပေါင်းလဆုတ် (၅)ရက်နေ့၊ (၂၅-၃-၂၀၁၉) ဗုဒ္ဓဟူးနေ့။ |
| ကျင်းပရာဌာန | ဖါလွိုင်ဗွေလွန်းကျောင်းတိုက်၊ ဟိုပုံးမြို့။ ဆက်သွယ်ရန် ဖုန်းနံပါတ် – ၀၉ ၄၀၀၀၀၂၆၇ |

'' ပရိယတ္တိအခြေခံ ရှင်သာမဏေများကို ဝိုင်းဝန်းအားပေးကြပါစို့ ''

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၃ နှစ်တာ သက်တမ်းအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁ ခုသာ မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအထိ ရှိနေ



ကိုစိုး

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန် အစည်းအဝေး (ပထမနေ့) ကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၈ ရက်က ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမဆောင်တွင် ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က လွှတ်တော်သက်တမ်း ၃ နှစ်တာကာလအတွင်းလွှတ်တော်သို့ ကြယ်ပွင့်ပြ မေးခွန်း ၁ ခုစီသာ မေးမြန်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအထိရှိနေပြီး ကြယ်ပွင့်ပြမေးခွန်း ၉၂ ခုအထိ အများဆုံး မေးမြန်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ရှိနေကြောင်း ပြောကြားခဲ့သည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမဆောင်တွင် ဖေဖော်ဝါရီလ ၈ ရက်မှ စတင်၍ ကျင်းပပြုလုပ်လျက်ရှိရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ပထမနေ့တွင် နှုတ်ခွန်းဆက် အမှာစကား ပြောကြားစဉ် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ယခုကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် ၂၀၁၉ ခုနှစ်တွင် ပထမဆုံးကျင်းပသည့် လွှတ်တော် အစည်းအဝေးဖြစ်သည့် အပြင် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပသည့်နေ့၏ ၃ နှစ်မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်သည့်အတွက် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကိုခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးမှ ပေးပို့ထားသည့် အဆို ၃ ခုကို တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၄၁ ခုကို မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဥပဒေကြမ်းဆိုင်ရာ ကော်မတီမှ စိစစ်ပြီး ဥပဒေကြမ်းများကို ဆွေးနွေးသွားမည်ဖြစ်ပြီး ဥပဒေကြမ်းအသစ်တစ်ခုကိုလည်း တင်သွင်းရန်ရှိပါကြောင်း၊ ဒုတိယ အကြိမ် ရှမ်းပြည်နယ် လွှတ်တော်သက်တမ်း ၃ နှစ်ကာလအတွင်း တင်သွင်းလာသည့် ဥပဒေကြမ်း ၁၅ ခုနှင့် အဆို ၄၇ ခု အနက် အဆို ၂၇ ခုကို အတည်ပြု ပေးနိုင်ခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်းအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များ ၆၇ ဦးမှ မေးမြန်းလာခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၆၇၆ ခုနှင့် လွှတ်တော်ကိုယ်စားလှယ် ၅၃ ဦးတို့မှ မေးမြန်းလာသည့် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၅၀၄ ခုကို မေးမြန်းဖြေကြားနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ယနေ့အထိ ကြယ်ပွင့်ပြမေးခွန်း ၁ ခုစီမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၊ မေးခွန်း ၂ ခုမှ ၄ ခုအထိ မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ မေးခွန်း ၅ ခုမှ ၉ ခုအထိ မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦး၊ မေးခွန်း ၁၀ ခုမှ ၂၀ ခု အထိ မေးမြန်းသည့် လွှတ်တော် ကိုယ်စားလှယ် ၂၃ ဦး၊ မေးခွန်း ၂၈ ခု မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ မေးခွန်း ၄၉ ခု မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၁ ဦးနှင့် မေးခွန်း ၉၂ ခုအထိ အများဆုံးမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ရှိပါကြောင်း၊ လွှတ်တော်အစည်းအဝေးများကို ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ ခေါ်ယူကျင်းပရခြင်း ဖြစ်ရာ ပြည်နယ်လွှတ်တော်အစည်းအဝေးများကို အနည်းဆုံးတစ်နှစ်လျှင် ၃ ကြိမ် ခေါ်ယူကျင်းပလျက်ရှိပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေး ပထမနေ့တွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သားပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဗိုလ်ကြီးဟန်လင်းထွန်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေမူကြမ်းများကို ဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၄၁ ဦး ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ၃၁ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၂၈ ဦး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၂၄ ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ ကိုယ်စားလှယ် ၆ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၆ ဦး၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကိုယ်စားလှယ် ၂ ဦး၊ ''ဝ'' ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ် ၂ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ် ၁ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှကိုယ်စားလှယ် ၁ ဦး၊ ''ဝ''အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ် ၁ ဦး၊ အာခါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကိုယ်စားလှယ် ၁ ဦး၊ လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကိုယ်စားလှယ် ၁ ဦး၊ တစ်သီးပုဂ္ဂလ ၁ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၃၆ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

❑

# ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူခံရမှု စုစုပေါင်း ၁၇၉ ခုအထိ ရှိလာ

မင်းဇော်မင်း

ဆက်သွယ်ရေး ဥပဒေဖြင့် အရေးယူခံရမှုများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ စုစုပေါင်း ၁၇၉ မှု ရှိလာပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ ၃ လတာကာလအတွင်း တစ်လလျှင် ပျမ်းမျှ ၅ မှုနှုန်း ရှိနေကြောင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်(အသံ) အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ပြီးနောက်ပိုင်းတွင် ယင်းဥပဒေဖြင့် တရားစွဲဆိုခံရမှု ၇၇ ခု အထိရှိလာခဲ့ပြီး စုဆောင်းရရှိထားသော အချက်အလက်များအရ ဆက်သွယ်ရေးဥပဒေဖြင့် တရားရုံးတင်ပြီး အမှုစုစုပေါင်း ၁၇၉ ခုအထိ ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

''ပြီးခဲ့တဲ့ နိုဝင်ဘာလထုတ်ပြန်ချက်မှာ ၁၆၄ မှု ရှိခဲ့တယ်။ အခု ၁၇၉ မှုဆိုတော့ ၃ လအတွင်းမှာ ၁၅ မှု တိုးလာတာဖြစ်တယ်။ ဒါဟာတစ်လကို ၅ မှုလောက်တက်လာနေတာ ဖြစ်ပါတယ်။ ဒီလိုတက်လာတာဟာ ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ အဖွဲ့က ထုတ်ပြန်ထောက်ပြနေတာက ဒီ ၆၆ (ဃ) ဟာ လူထုအတွက် မကောင်းတဲ့ လက္ခဏာ ဆောင်နေတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒီပုဒ်မကို ပြောင်းလဲခဲ့ပေမဲ့ အခုလိုတိုးလာနေတာဟာ လူထုကို အကာအကွယ်မဖြစ်စေတဲ့ ပုဒ်မဆိုတာ ထင်ရှားစေတာဖြစ်လို့ လုံးဝကို ပယ်ဖျက်သင့်တဲ့ ပုဒ်မဖြစ်ပါတယ်''ဟု အသံအဖွဲ့မှ သုတေသန မန်နေဂျာ ကိုရဲဝေဖြိုးအောင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အသံအဖွဲ့မှ လစဉ်လိုလို ထုတ်ပြန်နေသော ထုတ်ပြန်ချက်များသည် ဆက်သွယ်ရေး ဥပဒေမှာ လူထုအတွက် မလိုလားအပ်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်းနှင့် အဆိုပါပုဒ်မကို ပြင်ဆင်သည် ဆိုသော်လည်း လုံလောက်သည့် အကာအကွယ်ပေးနိုင်သည့် ပုဒ်မ မဟုတ်သည့် အနေအထားတွင်ရှိနေကြောင်း ၎င်းက ပြောသည်။

အဆိုပါ ဥပဒေအရ ယခင် အစိုးရလက်ထက်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရသော အမှု အရေအတွက် ၁၁ ခုသာ ရှိခဲ့သော်လည်း လက်ရှိအစိုးရလက်ထက်တွင် တရားစွဲဆိုခံရသော အမှု ၁၆၈ ခု ရှိနေကြောင်း သိရသည်။

## ငါးရက်တစ်ဈေး ဈေးနေ့များ

| | |
|---|---|
| ၁၄-၂-၂၀၁၉ | ဟဲဟိုးဈေး |
| ၁၅-၂-၂၀၁၉ | တောင်ကြီးဈေး |
| ၁၆-၂-၂၀၁၉ | တောင်နီဈေး |
| ၁၇-၂-၂၀၁၉ | ပင်ဖြစ်ဈေး |
| ၁၈-၂-၂၀၁၉ | ဟိုပုံးဈေး |
| ၁၉-၂-၂၀၁၉ | ဟဲဟိုးဈေး |
| ၂၀-၂-၂၀၁၉ | တောင်ကြီးဈေး |

❑ **ဟိုပုံးဈေး**
ညောင်ရွှေဈေး၊ ရပ်စောက်ဈေး၊ ပင်းတယဈေး၊ နမ်းပန်ဈေး၊ စံကားဈေး၊ ဟပ်းဆီးဈေး၊ ပိုင်းပွန်ဈေး၊ တီကျစ်ဈေး၊ ဘန့်ကွဲဈေး၊ ပိုးမြဲဈေး၊ ပိုးနဲဈေး၊ ဆီဆိုင်ဈေး၊ ဆောင်းပြောင်းဈေး

❑ **ဟဲဟိုးဈေး**
လွိုင်ကော်ဈေး၊ ဆိုက်ခေါင်ဈေး၊ ရွာငံဈေး၊ ကျုံးဈေး၊ ကျောက်တလုံးဈေး၊ တောင်တို့ဈေး၊ သန်းထောင်ဈေး၊ နားဘောင်ဈေး၊ နမ့်ဆီးဈေး၊ နမ်စန်ဈေး၊ လွိုင်လင်ဈေး၊ နောင်တရားဈေး

❑ **တောင်ကြီးဈေး**
အောင်ပန်းဈေး၊ နမ့်ခုတ်ဈေး၊ ဆတ်သေဈေး၊ ရွာမရေပေါ်ဈေး၊ မိုင်းပျိုးဈေး၊ ပင်ခွန်ဈေး၊ ပင်လုံဈေး

❑ **တောင်နီဈေး**
တန်းယဉ်ဈေး၊ ပင်လောင်းဈေး၊ ဖောင်တော်ဦးဘုရားဈေး၊ ဘော်ဆိုင်းဈေး၊ ပွေးလှဈေး၊ ပိုင်းသောက်ဈေး၊ ကူနီးသာဈေး၊ နန်းတိုင်းဈေး

❑ **ပင်ဖြစ်ဈေး**
ကလောဈေး၊ ရွှေညောင်ဈေး၊ ခေါင်တိုင်ဈေး၊ အင်းတိန်ဈေး၊ နောင်မွန်ဈေး၊ ကောင်းဘို့ဈေး၊ ကျောက်တန်းဈေး၊ မော်ဘီ-ဝါးတောဈေး၊ ဖယ်ခုံဈေး၊ ဇလဲဈေး




# " ကျွဲကူး ရေပါ "

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ စတင်၍ ခေါ်ယူကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်သည် ယခုနှစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ၃ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီး ဖြစ်သည်။ လွှတ်တော်သက်တမ်း ၃ နှစ်ပြည့်ရန် ၂ ရက် အလို ဇန်နဝါရီလ ၂၉ ရက်တွင် လွှတ်တော်အတွင်း၌ ထိုင်ခုံနေရာ အများစုရယူထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းရန် အရေးကြီးအဆို တင်သွင်းခဲ့ပါသည်။

အဆိုကို ထောက်ခံဆွေးနွေးခြင်း မပြုရန် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်မှုများရှိခဲ့သော်လည်း အဆိုကို လွှတ်တော်တွင် ဆွေးနွေးရန် မဲခွဲ အတည်ပြုနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ယင်းအဆိုကို ဆွေးနွေးအတည်ပြုခဲ့ပြီး ယခုအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းရန် ကြိုးပမ်းနေချိန်လည်း ဖြစ်ပါသည်။ ကော်မတီဖွဲ့စည်းရေးအတွက် အစည်းအဝေးကို ပထမတစ်ကြိမ်ပြုလုပ်ရာတွင် ညှိနှိုင်းမှု အဆင်မပြေနိုင်သေးဘဲ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြန်လည်ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ထားခဲ့ကြောင်း သိရပါသည်။

ဖွဲ့စည်းပုံပြင်ဆင်ရေး ကြိုးပမ်းမှုမှာ ယခုတစ်ကြိမ်သည် ပထမဆုံးမဟုတ်ဘဲ ကြံ့ခိုင်ရေးပါတီက ကြီးစိုးသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းအတွင်းကလည်းတစ်ကြိမ် ကြိုးပမ်းခဲ့ဖူးသည်။ သို့သော် ယင်းဖွဲ့စည်းပုံ ပြင်ဆင်ရေးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော အချက်များကို ယနေ့တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းနိုင်ခြင်း မရှိသေးဘဲ အချည်းအနှီးသာ ဖြစ်နေဆဲဖြစ်သည်။

NLD အစိုးရအနေဖြင့် လက်ကျန်သက်တမ်းအတွင်း တရားဥပဒေစိုးမိုးရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့က အစိုးရသက်တမ်း ၂ နှစ်ပြည့်မြောက်သည့်အချိန်တွင် ပြောကြားထားရာ ယခုအခါ ယင်းရည်မှန်းချက်များကို စတင်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အခြားနည်းလမ်းတစ်ခုဖြစ်သော ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ၂၀၁၁ ခုနှစ်၊ ယခင်သမ္မတ ဦးသိန်းစိန်လက်ထက်မှစတင်၍ ဆောင်ရွက်နေသော်လည်း ယခုချိန်အထိ NCA လုပ်ငန်းစဉ်များက ထင်သလောက် ခရီးမပေါက်နိုင်သေးသလို ၂၁ ရာစု ပင်လုံအစည်းအဝေးများကလည်း ကြန့်ကြာနေဆဲဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးနည်းလမ်း တစ်ခုတည်းသာလျှင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်သောနည်းလမ်းဖြစ်ပြီး တိုင်းရင်းသား ရင်ကြားစေ့ရေးနှင့် ပြည်တွင်းစစ်မီး အဆုံးသတ်ရေးစသည့် တိုင်းပြည်၏ အဓိကလိုအပ်ချက်များကို မဖြစ်မနေ ဖော်ဆောင်အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်နေပါသည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဒီမိုကရေစီ ဖက်ဒရယ်စံနှုန်းနှင့် ကိုက်ညီမှုမရှိဘဲ လိုအပ်ချက်များစွာ ရှိနေသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အဆင့်အတန်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်း (ဇယား-၂)၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်ခြင်း (ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅)၊ အုပ်ချုပ်ရေး ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ (ခ) စသည်တို့ကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီဖက်ဒရယ်နှင့်ဆန့်ကျင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော ခက်မသုံးဖြာအနက် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်များတွင် စစ်တပ်ကို အာဏာခွဲဝေပေးထားမှုကလည်း မဖြစ်မနေ ပြင်ဆင်ရမည့်အချက်များ ဖြစ်နေပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပြည်သူများကလည်း ကမ်းပိန်းများ ပြုလုပ်၍ တောင်းဆိုနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်လေရာ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြန်လည်ရင်ကြားစေ့ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေး လုပ်ငန်းစဉ်များအားလုံး ကျွဲကူးရေပါဖြစ်ကာ အောင်အောင်မြင်မြင်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

ကမ္ဘောဇတိုင်း

" မီဒီယာအကြံပေး "
ဦးသန်းဝေ (တောင်ကြီး)
ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)

" ဥပဒေအကြံပေး "
ဦးညီညီဇော် (LL.B)
(တရားလွှတ်တော်ရှေ့နေ)

" တာဝန်ခံအယ်ဒီတာ "
နန်းနန်းတိုင်း

" အယ်ဒီတာ "
ကိုစိုး (ကမ္ဘောဇတိုင်း)
သွဲ့ရတီမိုလ်

" သတင်းထောက်ချုပ် "
မင်းဇော်မင်း

" အကြီးတန်းသတင်းထောက် "
ထက်တိုင်းကျော်၊ မေသူဇော်၊ လင်းလင်း(လားရှိုး)

" ပင်တိုင်ဆောင်းပါးရှင် "
ကျော်ကျော်လင်း၊ အောင်ဆန်းဝင်း၊ စိုင်းကျော်မောင်

" သတင်းထောက် "
စိုင်းရာဇာ၊ ရဲရင့်ဖွဲ့၊ နန်းဝင်းရီ
ထမ်သီ၊ ဇေယျာ၊ စိုင်းသိမ်သူ
ကိုထွန်း (လားရှိုး)၊ သန်းနိုင် (မူဆယ်)
မိုင်းမော (တြိဂံနယ်မြေ)

" သရုပ်ဖော်ပုံနှင့် ကာတွန်း "
စိုင်းတီးကြောင်၊ ဝေယံ (တောင်ကြီး)၊ သားထွေး

" ထုတ်ဝေသူ "
ဦးတင်အောင်ကျော် (မြဲ - ၀၁၀၇၉)

" ပုံနှိပ်သူ "
ဦးအေးဝင်း၊ "အေးကမ္ဘာ" ပုံနှိပ်တိုက် (၀၀၂၉၁)

" ရုံးနယ်တိုက် တည်နေရာ "
အမှတ်(၁၀၉)၊ ၅ လွှာ၊ လပ်ကီးမြန်မာတိုက်၊ အနောက်မြို့ပတ်လမ်း၊
ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

Mail - kanbawzatai.news@gmail.com
Website - www.kanbawzatainews.com
Facebook - www.facebook.com/kanbawzatai
Phone - 09899885514/ 09252783348
- 09428213690/ 09428360702

" ရှမ်းပြည်နယ် ကိုယ်စားပြု အဖြစ် ထုတ်ဝေ ဖြန့်ချီသည်။ "

# ကျောက်မဲတွင် မြေယာအငြင်းပွားမှုမှ မူလတောင်သူဟု ဆိုသူများ အမှုဖွင့် ဖမ်းဆီးခံရ

မင်းဇော်မင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ခိုမုန်းကျေးရွာအုပ်စု၊ ခိုအုံကျေးရွာတွင် မြေယာ ၅၂ ဧက အတွက် ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကိစ္စနှင့်ပတ်သက်၍ တောင်သူများမှ မြေယာများကို ၎င်းတို့အပိုင်အဖြစ် ဝင်ရောက်ရှင်းလင်းခဲ့ခြင်းကြောင့် မူလတောင်သူဟုဆိုသည့် တောင်သူ ၇ ဦးအနက် ၄ ဦးအား အမှုပေါင်း ၆ ခုဖြင့် အမှုဖွင့်လှစ်ပြီး ကျောက်မဲမြို့မရဲစခန်းတွင် ဖမ်းဆီးထားကြောင်း သိရသည်။

''အမေက အသက် ၈၀ နားနီးနေပြီ။ ကျွန်တော့်အမေကို ဘာလို့သူပုန်ဖမ်းသလို ဖမ်းတာလဲသိချင်တယ်။ အချုပ်ထဲမှာ အမေနာမကျန်းဖြစ်မှာစိုးရိမ်တယ်။ အမြန်ပြန်လွှတ်ပေးဖို့ ပြောချင်တယ်''ဟု ဖမ်းဆီးခံရသူ အသက် (၇၆) နှစ်အရွယ် ဒေါ်နန်းခင်၏သားဖြစ်သူ စိုင်းနွံက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူ ကိုယ်ဝန် ၈ လဖြင့်ဖမ်းဆီးခံထားရသည့် နန်းရှန်ဟွမ်၏ ခင်ပွန်းဖြစ်သူ ခိုအုံကျေးရွာနေ စိုင်းထွန်းလင်းမှ အဖွားဖြစ်သူ ဒေါ်နန်းစင့်နွမ်း၏ မြေယာအတွက် လိုက်ပါဆောင်ရွက်ရင်း ၎င်း၏ဇနီးသည်မှာ ကိုယ်ဝန်အရင့်အမာဖြင့် ဖမ်းဆီးခံထားရသည့်အတွက် ဇနီး၏ ကိုယ်/စိတ်ကျန်းမာရေးကို အထူးစိုးရိမ်မိကြောင်းနှင့် အမြန်ဆုံးပြန်လည်လွှတ်မြောက်ရေး၊ အမှုမှန်ပေါ်ပေါက်ရေး တောင်းဆိုလိုကြောင်းပြောသည်။

အဆိုပါ တောင်သူများမှာ ၎င်းတို့၏လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ပိုင်ဆိုင်မှု သက်သေအထောက်အထားများဖြင့် နိုင်ငံတော်သမ္မတအဆင့်အထိ ခေတ်အဆက်ဆက် တင်ပြခဲ့သော်လည်း မရရှိသဖြင့် ယင်းမြေယာများအတွင်း စိုက်ပျိုးထားသော စားပင်သီးပင်များအား ဝင်ရောက်ခုတ်ထွင်ရှင်းလင်းရာမှ လက်ရှိ မြေယာပိုင်ဆိုင်သူက အမှုပေါင်း ၆ မှုဖြင့် ကျောက်မဲမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးခံရသည့် တောင်သူ ၄ ဦးမှာ ဦးဇာလိန္ဒ (၇၃ နှစ်)၊ ဦးစိုင်းခမ်းကော် (၇၁ နှစ်)၊ ဒေါ်နန်းအုန်းခင် (၇၆ နှစ်)နှင့် ဒေါ်နန်းရှန်ဟွမ် (၂၈ နှစ်)တို့ဖြစ်ကြောင်း မိသားစုများထံကသိရကာ ဒေါ်နန်းရှန်ဟွမ်မှာကိုယ်ဝန်(၈)လရှိနေကြောင်း သိရသည်။

ယင်း တောင်သူ ၇ ဦးအား ကျောက်မဲရဲစခန်းတွင် ဒေါ်နန်းငွေကြည်ဆိုသူမှ (ပ) ၄/၂၀၁၉၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၄၇/၄၂၇၊ (ပ) ၅/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၆/၄၄၇/၄၂၇၊ (ပ) ၁၇/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၆/၄၄၇/၄၂၇၊ (ပ) ၅၄/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၄၇/ ၄၂၇/၃၃၆၊ (ပ) ၅၆/၂၀၁၉၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၀/၄၄၇/၄၂၇၊ (ပ) ၆၁/၂၀၁၉၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇/၄၂၇/၅၀၆/၂၉၄ တို့ဖြင့် အမှုဖွင့်လှစ်ထားကြောင်း အဆိုပါတောင်သူများဘက်မှလိုက်ပါဆောင်ရွက်နေသည့် သီပေါမြို့ တောင်မြို့ရပ်နေ ဦးသန်းနိုင်လင်းထံက သိရသည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ ကျောက်မဲမြို့မရဲစခန်းသို့ လည်းကောင်း၊ တရားလိုဒေါ်နန်းငွေကြည်သို့ လည်းကောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရန် ကြိုးပမ်းခဲ့သော်လည်း ဆက်သွယ်မှု မရရှိခဲ့ချေ။

ယင်းမြေယာများပိုင်ဆိုင်မှုနှင့် ပတ်သက်၍ လက်ရှိပိုင်ရှင် ဦးစိုင်းသန်းမောင်က တောင်သူများအား ဥပဒေနှင့် အညီသာ ပြုမူဆောင်ရွက်သွားရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်က အကြောင်းကြားစာပေးပို့ထားကြောင်း သိရသည်။

အဆိုပါ ခိုအုံရွာမှ မြေယာ ၅၂ ဧကကို ၁၉၉၄ ခုနှစ်က ရာဘာစိုက်ရန် အကြောင်းပြချက်ဖြင့် ကျောက်မဲမြို့၊ အမှတ်(၂) ရပ်ကွက်၊ ပေါက်ကုန်းရပ်နေ ဦးစိုင်းသန်းမောင် ဆိုသူက နှစ် (၃၀) မြေငှားဂရန် ရယူခဲ့ခြင်း ဖြစ်ပြီး ယင်း မြေယာများမှာ တောင်သူ ၇ ဦးမှ ၁၉၇၈ ခုနှစ်ကတည်းက မြေခွန် ပြေစာများဖြင့် ၎င်းတို့ပိုင်မြေများဖြစ်ပြီး မည်သည့်လျော်ကြေး၊ ညှိနှိုင်းမှုများ မရှိသဖြင့် မြေယာပြန်လည်ရယူလိုမှုအတွက် အစိုးရခေတ်အဆက်ဆက်တွင် နိုင်ငံတော်သမ္မတနှင့် ဌာနဆိုင်ရာများထံ တင်ပြစာများ တင်ပြတောင်းဆိုနေခဲ့ရာမှ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မြေယာများအတွင်း ဝင်ရောက်ရှင်းလင်းခဲ့သည့်အပေါ် ဦးစိုင်းသန်းမောင်ဘက်မှ ယခုကဲ့သို့ အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ကျိုင်းတုံမြို့တွင် တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်လျက်ရှိ

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊အတွင်း တိုးချဲ့ရေပေးဝေရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပန်ကြူကျေး ရွာအုပ်စု၊ နမ့်ကွီရေချောင်းမှ တောင်ကြီးလမ်းဘေးရှိ ၈ မိုင်ရေစုကန်သို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းစဉ်အား ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေးနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ''လာမယ့် မိုးမကျမီကာလမှာ ရေပိုက်တပ်ဆင်သွယ်တန်းခြင်းလုပ်ငန်းကို ပြီးစီးအောင်လုပ်ဖို့ လျာထားပါတယ်။ ဒီလုပ်ငန်းတွေ ပြီးစီးအောင်မြင်သွားမယ် ဆိုရင်တော့ ကျိုင်းတုံမြို့အနေနဲ့ ရေအတွက် စိတ်အေးသွားရမှာဖြစ်ပါတယ်''ဟု ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကျိုင်းတုံမြို့ပေါ် ၅ ရပ်ကွက်နှင့် ဌာနဆိုင်ရာများ၊ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် သောက်သုံးရေကောင်းမွန်ဖူလုံစွာ ရရှိစေရေးအတွက် ပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် တင်ဒါအောင်မြင်ခဲ့သည့် လွိုင်မွေဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၂၈၆ ဒသမ ၁၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ယင်းကဲ့သို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ကျိုင်းတုံဒေသခံတစ်ဦးက ''မြန်မြန်ပြီးပါစေလို့ ဆုတောင်းပါတယ်။ ရေကို အပြင်ကနေ ဝယ်သုံးရလို့ မိသားစုထွက်ငွေ သိသိသာသာပိုကုန်ပါတယ်။ နွေရာသီမှာဆိုရင် မီးရေးထင်းရေးအတွက်သာမကဘဲ ရေအတွက်ပါ သောကများနေရတာကြောင့် စည်ပင်ရေရမယ်ဆိုရင် ဝမ်းသာပါတယ်''ဟု ၎င်း၏အမြင်ကို ကမ္ဘောဇတိုင်းသို့ ပြောသည်။

နမ့်ကွီရေချောင်းမှ ၈ မိုင်ရေစုကန်သို့ ပိုက်သွယ်တန်းရန် အကွာအဝေး ၁၄၅၀၀ ပေ ရှည်လျားပြီး ယင်းလုပ်ငန်း စီမံကိန်းလုပ်ငန်းခွင်နေရာသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၈ ရက်တွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

# ပင်းတယမြို့နယ်၊ ဇော်ဂျီရေထွက်ချောင်း တစ်လျှောက်တွင် နွေရာသီ သီးနှံများ စတင်စိုက်ပျိုး

ရဲရင့်ဖွဲ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဇော်ဂျီရေထွက်ချောင်းတစ်လျှောက် ကျေးရွာများရှိ စိုက်ကွင်းများတွင် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်၍ နွေရာသီသီးနှံများအားရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

''တချို့ကတော့ ပြီးခဲ့တဲ့ လကုန်ပိုင်းကတည်းက စိုက်နေကြတာ။ ဒါပေမဲ့ အနည်းစုပါပဲ။ အများဆုံးကတော့ ဒီလအစပိုင်းမှာ စိုက်ကြတာပါ။ ကျွန်တော်ကတော့ ကြက်သွန်နီစိုက်တယ်။ မနှစ်ကတော့အဆင်မပြေဘူး။ ရှုံးသွားတယ်၊ ဒီနှစ်မှာတော့ ဈေးကောင်းဖို့နဲ့ အထွက်နှုန်းကောင်းဖို့မျှော်လင့်ထားတယ်''ဟု ပင်းတယမြို့နေ ဒေသခံတောင်သူ ဦးမျိုးတင့်က ပြောကြားခဲ့သည်။

အဆိုပါဇော်ဂျီရေထွက်ချောင်းတစ်လျှောက်ရှိ ကျေးရွာများဖြစ်သော ရေဖြူ၊ ဇော်ဂျီ၊ ရွှေပုထိုးကျေးရွာ၊ မိုင်လီ၊ ကန်သာ အစရှိသည့် ကျေးရွာ ၂၀ ကျော်မှ စိုက်ကွင်းများတွင် နွေရာသီသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်နှင့် ပဲအမျိုးမျိုးတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ကြက်သွန်ဖြူ တစ်ဧကလျှင် ဒေသမျိုး ခေါ် ကြက်သွန်ဖြူ အတက်ပွားမျိုးပင် ပိဿာချိန် ၂၀၀ ခန့်ကိုလည်းကောင်း၊ ကြက်သွန်နီ တစ်ဧကလျှင် ပိဿာ ၁၀၀ ကျော်ကိုလည်းကောင်း၊ ခရမ်းချဉ်သီး တစ်ဧကလျှင် ပျိုးပင်ပေါင်း ၁ သောင်းကျော်ကိုလည်းကောင်း ထွန်ယက်စိုက်ပျိုးကြပြီး သဘာဝမြေသြဇာများဖြစ်သည့် နွားချေးခြောက်မှုန့်များဖြင့် ကျဲဖြန့်ကာ ဇော်ဂျီရေထွက်ချောင်းမှ ရေများကို စက်ဖြင့်ခုတ်တင်ကာ ရေသွင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်းသိရသည်။

ယင်းစိုက်ပျိုးမှုများအတွက် အထွေထွေကုန်စရိတ်မှာ ကြက်သွန်ဖြူတစ်ဧကလျှင် ကျပ် ၈ သိန်းကျော်၊ ကြက်သွန်နီ တစ်ဧကလျှင် ကျပ် ၁၀ သိန်းကျော်၊ ခရမ်းချဉ် တစ်ဧကလျှင် ကျပ် ၄ သိန်းခန့်ကုန်ကျပြီး ယခင်နှစ်က ကြက်သွန်နီတစ်ပိဿာလျှင် ၇၀၀ ကျပ်မှ ၈၀၀ ကျပ်အထိသာ ဈေးရရှိခဲ့သဖြင့် အရှုံးပေါ်ခဲ့ရကာ ကြက်သွန်ဖြူနှင့် ခရမ်းချဉ်တို့မှာ အရင်းဈေးနှုန်းမျှသာရရှိခဲ့ရာ ယခုနှစ်တွင် တောင်သူများ စားဝတ်နေရေးပြေလည်စေရန်အတွက် သီးနှံဈေးနှုန်းများ ပိုမိုရရှိရန်မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။

ဇော်ဂျီ ရေထွက်ချောင်း တစ်လျှောက်ရှိ နွေရာသီ သီးနှံစိုက်ခင်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ် စိုက်ခင်းများအပြင် ဒေသထွက် ပဲအမျိုးမျိုးတို့ကိုလည်း သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်းလည်း သိရှိရသည်။

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019

ကမ္ဘာ့ဇတိုင်း

# လားရှိုးတွင် သိမ်းဆည်းရမိသည့် တရားမဝင် ဓာတ်မြေဩဇာအိတ် ၅၀၀ ကျော်ကို စိုက်ပျိုးရေးဌာနသို့ လွှဲပြောင်း

မင်းဇော်မင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့ရှိ ပြည်နယ်ခွဲ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် အများပြည်သူအတွက် အန္တရာယ်ရှိစေနိုင်သည့် စားသောက်ကုန်နှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအား ပုံမှန်စစ်ဆေး ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက သိမ်းဆည်းရမိခဲ့သည့် တရားမဝင် သီးစုံမြေဩဇာအိတ် စုစုပေါင်း ၅၂၇ အိတ်အား လုပ်ထုံးလုပ်နည်းများအရ ဖေဖော်ဝါရီလ ၈ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

''အများပြည်သူ အန္တရာယ်ဖြစ်စေနိုင်တဲ့ ပစ္စည်းတွေကို ရှောင်တခင် စစ်ဆေးတာတွေ မြို့နယ်အလိုက် လုပ်နေတဲ့နေရာမှာ အခုလားရှိုးမှာ ပထမဆုံးအကြိမ် သိမ်းဆည်းရမိခဲ့တာဖြစ်လို့ စိုက်ပျိုးရေး ဦးစီးဌာနက ဆက်လက်လုပ်ဆောင်နိုင်ဖို့ လွှဲအပ်ပေးတာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနကပဲ ဗဟိုကို ဆက်တင်ပြပြီး လမ်းညွှန်လာတဲ့အတိုင်း ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ ပြီးတော့ မုန့်တွေ၊ စားသုံးသီအချို့ကိုလည်း FDA ကိုပေးပို့ပြီး ရလာတဲ့အဖြေအရ ဆက်လက်ရောင်းချဖို့ ဒါမှမဟုတ် တားမြစ်ဖို့ လုပ်ဆောင်သွားမှာပါ။ အကယ်၍ တားမြစ်ချက်ကို မလိုက်နာဘူးဆိုရင်တော့ အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်'' ဟု ပြည်နယ်ခွဲ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသန့်က ကမ္ဘာ့ဇတိုင်းသို့ ပြောသည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် ဝက်ဝံတံဆိပ် P205 16 % သီးစုံမြေဩဇာ ၅၂၇ အိတ်အား လားရှိုးမြို့ ဈေးကွက်အတွင်း နေရာ ၅ ခုမှ ဇန်နဝါရီလအတွင်းက ၃ ကြိမ်ခွဲ၍ ရှာဖွေ စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီလ ၂၉ ရက်က ပြုလုပ်သည့် လားရှိုးခရိုင် စားသုံးသူရေးရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးမှ စိုက်ပျိုးရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဗဟိုမြေဩဇာကော်မတီသို့ ပေးပို့နိုင်ရေးအတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ လားရှိုးမြို့ပေါ်ရှိ မုန့်လုပ်ငန်း ၃ ခုကို စစ်ဆေးခဲ့ရာ သံသယရှိဖွယ် ကြက်သားမျှင်မုန့်များကို နမူနာများ ရယူပြီး အရည်အသွေး နှင့် စားသုံးရန်သင့်/မသင့် ဓာတ်ခွဲ စစ်ဆေးနိုင်ရန် FDA သို့ ပေးပို့ထားကြောင်းနှင့် အဆိုပါမုန့်များ ပြုလုပ်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံမှ တင်သွင်းသော ပဲပုတ်စေ့ဆီ ၁၆ ဖာ၊ တစ်ဖာလျှင် ၁ လီတာပါ ၄ ဘူးနှုန်းဖြင့် ၆၄ ဖာအားလည်း လားရှိုးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြနိုင်ရန်နှင့် အရည်အသွေး စစ်ဆေးနိုင်ရန် သိမ်းဆည်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လားရှိုးခရိုင် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ၂၀၁၇၊ ၂၀၁၈ ခုနှစ် ၂ နှစ်တာအတွင်း တိုင်ကြားမှု ၁၁ ခု လက်ခံရရှိခဲ့ရာ ၎င်းတို့မှာ FDA ထောက်ခံချက်မရှိသော ရေသန့်စက်များ၊ လူနေရပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်နေသော ငရုတ်သီးမှုန့်လုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်း အနံ့အသက် ဆိုးရွားပြီး သန့်ရှင်း သပ်ရပ်မှုမရှိသည့် မုန့်လုပ်ငန်းများ၊ တရားမဝင် သိုလှောင်ရောင်းချနေသည့် အချိုရည်၊ ကြက်အသည်းအမြစ်စသည့် လုပ်ငန်းများဖြစ်ပြီး ငွေကျပ် ၂၅ သိန်းကျော်တန်ဖိုးရှိ စားသောက်ကုန်များအား သိမ်းဆည်းဖျက်ဆီးခြင်း၊ ဝန်ဆောင်မှု ညံ့ဖျင်းသည့် မော်တော်ယာဉ်လိုင်း၊ သိန္နီမြို့မှ တရားဝင်လိုင်စင်ဖြင့် တင်သွင်းသည့် ဂျော်ဆီကိုလိုင်စင်မဲ့ဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ သက်တမ်းကာလ ပုံမှန်ထက်ဈေးတင်ရောင်းသည့် ယာဉ်လိုင်းစသည့်လုပ်ငန်းများကို အရေးယူဆောင်ရွက်ခြင်း၊ ခံဝန်ကတိများရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



စားသုံးသူရေးရာဦးစီးဌာနမှ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များတွင် တစ်လတစ်ကြိမ် ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်နေပြီး ပြည်သူလူထုအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် စားသောက်ကုန်၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အလှကုန်၊ အသုံးအဆောင်ပစ္စည်းများကို ဈေးကွက်အတွင်းမှ လည်းကောင်း၊ စားသုံးနေမှုများကို လည်းကောင်း ဖယ်ရှားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ❒

ကြော်ငြာ

## '' အသိပေး အကြောင်းကြားခြင်း ''

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်နေ မဆုနီသာ(ခ) မမိုးမိုး၊ ၁၂/တကန(နိုင်)၀၀၀၉၂၄ ကိုင်ဆောင်ထားသူသည် ကျွန်တော်တို့ ကေရာဇ် (အိမ်သုံးပစ္စည်းနှင့် လယ်ယာသုံး ပစ္စည်းများ ရောင်းဝယ်ရေး)မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့၌ ၂၅၀၀၀၀ ကျပ် တန်ဖိုးရှိ မုန်ဗီရို ၅ လုံးအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ပေးချေရန် ပျက်ကွက်သဖြင့် ယနေ့ ကြော်ငြာပါသည့် ရက်မှ တစ်ပတ်အတွင်း လာရောက် ဆက်သွယ်ပေးပါရန်နှင့် သတ်မှတ်ရက် အတွင်း မဆက်သွယ်ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ထို့အတူ ညောင်ရွှေမြို့မှ ကေရာဇ်(အိမ်သုံးပစ္စည်းနှင့် လယ်ယာသုံး ပစ္စည်းများ ရောင်းဝယ်ရေး)တွင် မုန်ဗီရို ယူထားသူများမှလည်း ၂၀၁၉၊ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၂၀ ရက် အတွင်းတွင် အမြန်ဆုံး ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**

**ဦးချစ်ဟန်**

**၀၉-၂၅၇ ၀၃၆ ၉၇၉**

# အီလက်ထရောနစ်စနစ်ဖြင့် ကုမ္ပဏီပေါင်း ၄ သောင်းကျော် မှတ်ပုံတင် စာရင်းသွင်းပြီး ဖြစ်

မင်းဇော်မင်း

မြန်မာနိုင်ငံရှိ ပြည်တွင်း ကုမ္ပဏီအသင်းအဖွဲ့ လုပ်ငန်းအားလုံးကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား၍ အီလက်ထရောနစ်စနစ် MyCo ဖြင့် စာရင်းသွင်းရန် အချိန် ၆ လ သတ်မှတ်ပေးခဲ့ရာ ပြီးခဲ့သည့် ဇန်နဝါရီလ ၃၁ ရက်အထိ စာရင်းသွင်းသည့် ကုမ္ပဏီပေါင်း ၄၀၀၀၀ ကျော်ရှိခဲ့ကြောင်း MyCo မှ သိရှိရသည်။

''အွန်လိုင်းကနေ ကုမ္ပဏီတွေ စာရင်းသွင်းဖို့ စီစဉ်ထားတာမှာ ကုမ္ပဏီပေါင်း ၆ သောင်းကျော်ရှိတဲ့အထဲက ၄ သောင်းကျော်ပဲ လာသွင်းသေးတော့ ၂ သောင်းလောက် ကျန်နေသေးတာကို စိစစ်နေပါတယ်။ ကျန်တဲ့ကုမ္ပဏီတွေ အွန်လိုင်းစနစ် ဆောင်ရွက်မယ်ဆိုရင်တော့ သတ်မှတ်ဒဏ်ကြေး ပေးဆောင်ရပါလိမ့်မယ်''ဟု MyCo စနစ် လုပ်ဆောင်နေသည့် DICA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဖေဖော်ဝါရီလ ၈ ရက်က ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များအား ပြောကြားခဲ့သည်။

သတ်မှတ်ရက်ထက် နောက်ကျပြီးမှ အွန်လိုင်းစနစ် ပြောင်းလဲလိုသည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်ဒဏ်ကြေး ၂၅၀၀၀၀ ကျပ် ပေးဆောင်၍ MyCo တွင် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီများနှင့် မှတ်ပုံတင်ထားသော အဖွဲ့အစည်းအားလုံးအတွက် အများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စနစ်တစ်ရပ်အနေဖြင့် အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (Directorate Investment and Company Administration-MyCo) ကို ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနက တည်ထောင်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

■ ကောင်းမြင့်မြတ်စိန်



# စိတ်မိုက် အားပေးစကား မပြောကြပါနဲ့လား

ကျွန်တော်တို့သည် ငယ်စဉ်အခါမှစ၍ လူမှုပတ်ဝန်းကျင် မျိုးစုံနှင့် ထိတွေ့ဆက်ဆံကျင်လည်ခဲ့ကြရပါသည်။ မိဘဆွေမျိုး ပတ်ဝန်းကျင်၊ အိမ်နီးချင်း ပတ်ဝန်းကျင်၊ ရပ်ရွာပတ်ဝန်းကျင်၊ လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင် စာသင်ကျောင်းပတ်ဝန်းကျင်၊ အပေါင်းအသင်း ပတ်ဝန်းကျင်တို့တွင် သွားလာလုပ်ကိုင် ဆက်ဆံနေကြရပါသည်။ ထို့ပြင် နိုင်ငံရေးခေတ်စနစ် ဖော်ဆောင်သူ ပတ်ဝန်းကျင်နှင့်လည်း မလွဲမသွေ ထိတွေ့ဆက်ဆံနေကြရလေသည်။ ထိုပတ်ဝန်းကျင်မျိုးစုံတွင် သုံးနှုန်းပြောဆိုနေသော အချို့သော ဆိုရိုးစကားလိုလို ဆောင်ပုဒ်ယောင်ယောင် စကားများ ခေတ်စားနေလေ့ရှိပါသည်။ ဘယ်သူက စတင်ပြောဆိုခဲ့သည်ဟု မသိသော စကားများလည်း ဖြစ်ပါ၏။ ခေတ်စကားဖြင့် ပြောရလျှင် 'တန်းမဝင်သော စကား'များ ဖြစ်ကြလေသည်။ အမှားကြာ၍ အမှန်ထင်ကာ ပြောဆိုနေကြခြင်း ဖြစ်သည်။ ကလေးများ၊ လူငယ်လူရွယ်များ၊ အချို့ အသိဉာဏ်နည်းပါးသူများ အတွက် အတွေးအခေါ်မှားစေသော အယူအဆ လွဲစေသော 'မှုမမှန်သော စကားများ' ဖြစ်ပါသည်။ သေချာသည်ကတော့ ထိုသို့သော စကားများကို သူတော်ကောင်း ပညာရှိများက လုံးဝမပြောခဲ့ခြင်းပင် ဖြစ်ပေသည်။

ထိုမှုမမှန်သော စကားများကို ကျွန်တော်တို့ ရဲရင့်စွာ တော်လှန်ပစ်ကြရပါမည်။ သတိရှိရှိဖြင့် ဖယ်ရှားပစ်ကြရပါမည်။ တွေ့လျှင်၊ မြင်လျှင်၊ ကြားလျှင် ချက်ချင်းပင် ပြုပြင်ကြရပါမည်။ လူငယ်များအတွက်၊ လူကြီးများအတွက်၊ တိုင်းပြည်အတွက်၊ လူ့လောကကြီး အတွက် အန္တရာယ်ရှိသော စကားများ ဆိုရိုးစကားယောင်ယောင်၊ ဆောင်ပုဒ်လိုလို စကားများ ရှိပါသည်။ ထိုစကား အချို့ကို ဖော်ပြရလျှင်–

- အများမိုးခါးရေ သောက်ရင် ကိုယ်လည်း သောက်ရမယ်။
- မုသားမပါ လင်္ကာမချော။
- လူရိုးဆိုတာ သင်္ချိုင်းမှာပဲ ရှိတယ်။
- အူမတောင့်မှ သီလစောင့်မယ်။
- သူတော်မှ ကိုယ်ကောင်းနိုင်မယ်။
- သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ။
- မဖျက်ရင် ပြည်ပျက်မယ်။
- ငွေများ တရားနိုင်။
- လူညီရင် ဤတောင်ကွဲ ဖြစ်တယ်။
- မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ။
- ဆန်ပေးလို့ ဆေးရတာပါ။
- တောမီးလောင် တောကြောင်လက်ခမောင်းခတ်။
- ပွဲလန့်တုန်းဖျာခင်း၊ ငါးပွက်ရာ ငါးစာချ။
- ငကန်းသေရင် ငစွေပေါ်လိမ့်မယ်။ လူနပ်ချမ်းသာ။
- အချစ်နဲ့ စစ်မှာ မတရားတာ မရှိ။
- ချင်းစိမ်းနဲ့ မိသလင် သူကြင်မှ ကိုယ်ကြင်မယ် စသော စကားများပင် ဖြစ်သည်။

'အများမိုးခါးရေ သောက်ရင် ကိုယ်လည်း သောက်ရမယ်'

ထိုစကား၏ အဓိပ္ပါယ်ကပင် ကြောက်စရာကောင်းနေပါ၏။ လူမိုက်အားပေး စကားလည်း ဖြစ်ပါ၏။ မရိုးသားမှု၊ မသမာမှု၊ မကောင်းမှု လုပ်ချင်သူများအတွက် အကိုးအကား စကားသဖွယ်ပင် ဖြစ်နေ၏။ ခေတ်ဆိုးခေတ်ပျက်မှုခေါက်ရိုးကျိုး ဝန်ထမ်းအချို့အချို့၏ လက်သုံးစကားလည်း ဖြစ်လေသည်။ ယနေ့ခေတ်အထိလည်း ခေတ်စားနေဆဲ ဖြစ်၏။ အမြစ်က လှန်ပစ်ရမည့် စကားဖြစ်၏။ 'ဘယ်သူမိုးခါးရေသောက်သောက် ကိုယ်ကတော့ မသောက်ဘူး'ဟူသည့် သတ္တိအစစ်ရှိဖို့တော့ လိုပါသည်။ 'ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘူး'ဆိုသော စာရိတ္တသတ္တိရှိရပါမည်။

'မုသားမပါ လင်္ကာမချော'

ယခု လူတိုင်းလူတိုင်းပင် ထိုစကားကို မြိန်ရည်ယှက်ရည် ပြောနေကြသော စကားဖြစ်သည်။ မိမိကိုယ်တိုင် လိမ်လည်လှည့်ဖြားပြောဆိုခြင်းကိုပင် လူယဉ်ကျေး ဟန်ဆောင်နေခြင်းဖြစ်သည်။ ထိုသို့ဖြင့် လူတိုင်း မုသားကို လှိုင်လှိုင်ပြောနေကြသည်။ မည်သူ့ကို ယုံရမည်ပင် မသိနိုင်တော့ပေ။ မြတ်စွာဘုရားက (မုသားပြောသူ မလုပ်ရဲသော အကုသိုလ် ဒုစရိုက်မှုဆိုတာ မရှိ)ဟု ဟောပြခဲ့ပါသည်။ ထို့ကြောင့်လည်း လောကကြီးမှာ ဒုစရိုက်မှုများ ပေါများနေသလား မသိပါ။ လောကကို လုံခြုံစိတ်ချဘေးကင်းကြစေလိုလျှင် 'မုသားမပါ လင်္ကာမချော' ဟု မပြောသင့်တော့ပါပေ။ ဆင်ခြင်သင့်ပါပြီ။

'လူရိုးဆိုတာ သင်္ချိုင်းမှာပဲရှိတယ်'

ဤစကားကလည်း မရိုးသားသော သူများ၏ လက်သုံးစကားပင် ဖြစ်၏။ ရိုးသားစွာ လုပ်ကိုင်နေထိုင်သူများကို စော်ကားသော စကားလည်းဖြစ်ပါ၏။ ကိုယ်ကျင့်တရားကောင်းများ၊ လူကောင်းများ ရှိနေခြင်းကို မသိကျိုးကျွံပြုကာ လူ့လောကကို ဖျက်ဆီးနေသော သူများက အများအားဖြင့် ပြောဆိုကြသည်။ အသိဉာဏ်နနယ်သော ကလေးများ၊ လူငယ်များအတွက် အတွေးအခေါ်မှားစေနိုင်ပါသည်။ အယူအဆမှားသွားစေပါသည်။ ရိုးသားဖြောင့်မတ်သူများကသာ လူ့လောကကို အလှဆင်နိုင်ပါသည်။ မိဘဆွေမျိုးနှင့် တိုင်းပြည်နှင့် လူမျိုး ဂုဏ်ကိုမြှင့်တင်ပေးသူများမှာ လူရိုးလူဖြောင့်များသာ ဖြစ်လေသည်။ ထိုအယူအဆ မှန်ကိုသာ ကလေးများ လူငယ်များ၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပေးရမည် ဖြစ်ပါသည်။

'အူမတောင့်မှ သီလစောင့်မယ်'

လူ့လောကကြီးကို ဖျက်ဆီးနေသော စကားဖြစ်သည်။ လူ့လောကကို ဖျက်ဆီးနေသော သူများကလည်း ထိုစကားကို မြိန်မြိန်ယှက်ယှက် ပြောကြသည်။ ခေတ်ဆိုးစနစ်ဆိုး၏ စကားအမွေဆိုး ဖြစ်သည်။ သီလစောင့်ခြင်း၊ ကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ခြင်းသည် စိတ်ကောင်းရှိသူတိုင်း လုပ်သော အလုပ်ဖြစ်သည်။ အူမ မတောင့်သည် ဖြစ်စေ၊ အူမတောင့်သည် ဖြစ်စေ စိတ်ကောင်းစေတနာကောင်း ရှိသူများသည် မိမိ၏ စာရိတ္တကို မည်သည့်အခါမှ မဖောက်ဖျက်ပါ။ 'အူမတောင့်မှ သီလစောင့်မယ်' ဆိုသူများကြောင့် တိုင်းပြည်လည်း ဆင်းရဲမွဲတေနေပါပြီ။ ထိုစကား၊ ထိုအယူအဆကို ပြောင်းလဲတော်လှန်ကြရပါမည်။ 'အူမတောင့်တောင့်၊ မတောင့်တောင့် သီလစောင့်ကြမည်'ဟူ၍ ရဲရဲကြီး ပြောကြပါစို့။

'သူတော်မှ ကိုယ်ကောင်းမယ်''သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ'

ထိုစကားများကလည်း အသိဉာဏ် မရင့်ကျက်သောသူများအတွက် လူပြိန်းများအတွက် အယူလွဲစေသော စကားများပင် ဖြစ်သည်။ ဘုရားအစရှိသော သူတော်ကောင်းများ မနှစ်သော စကားများဖြစ်သည်။ မေတ္တာစိတ်၊ သည်းခံစိတ်နည်းသော သူ၊ မာန်မာန ဒေါသကြီးသူတို့သာ ပြောသော စကားများဖြစ်သည်။ လူမဆန်သော သူတို့၏ အယူမှားလည်း ဖြစ်သည်။ စိတ်ထားမြင့်မြတ်ယဉ်ကျေး သိမ်မွေ့သော လူများက ထိုသို့ပြောလည်း မပြောပါ။ လုပ်လည်း မလုပ်ပါ။ အထက်ပါ စကား၊ အထက်ပါ အယူအဆသည် လူမှုဆက်ဆံရေးကို တင်းမာစေပါသည်။ လူဆိုသည်မှာ အားနည်းချက် ရှိစမြဲ၊ အမှားရှိစမြဲ ဖြစ်၍၊ ထိုအချက်ကို ထောက်ထားပြီး လူတစ်ဖက်သားကို ခွင့်လွှတ်တတ်ရပါမည်။ သည်းခံတတ်ရပါမည်။ သူကောင်းအောင် ကိုယ်တော်ပေးရပါမည်။ သူတော်အောင် ကိုယ်ကောင်းပေးရပါမည်။ သို့မှသာ ပတ်ဝန်းကျင်လောကကြီးမှာ ကောင်းမှုများ ဖြစ်ထွန်းလာပါလိမ့်မည်။ ကိုယ်ကောင်းဖို့သာ အဓိက ဖြစ်ပါသည်။ (ကိုယ်ကျင့်သီလနှင့် စိတ်ထားကောင်းခြင်းကို ဆိုလိုပါသည်)။

'မဖျက်လျှင် ပြည်ပျက်'

ယနေ့ခေတ်မှာ လုံးဝ မပြောသင့်သော စကားသာ ဖြစ်၏။ 'စကောလောက်မှ စောက်မနက်'သော လူညံ့တို့ ပြောစကားသာ ဖြစ်၏။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဒေါက်တာအရှင် နန္ဒမာလာ (ပါမောက္ခချုပ်) ဆရာတော်ကြီးက (မဖျက်ရင် ပြည်ပျက်) ဆိုတာ စည်းကမ်း၊ ဥပဒေတို့ဖြင့် တားမြစ်ချက်များကို ဖောက်ဖျက်လျှင် ပြည်ပျက်မည်ဟု ဆိုလိုခြင်း ဖြစ်ကြောင်း၊ ဥပမာ– သစ်ပင်မခုတ်ရ၊ အမှိုက်မပုံရ။ ကွမ်းတံတွေး မထွေးရ၊ လမ်းစည်းကမ်း ယာဉ်စည်းကမ်း မဖောက်ဖျက်ရ။ စသော (မ)များကို ဖျက်လျှင် တိုင်းပြည်ပျက်နိုင်ကြောင်း စည်းကမ်းများ ဥပဒေများ မလိုက်နာလျှင် ပြည်ပျက်နိုင်ကြောင်းသာ မှတ်ယူသိထားပါသည်။

စာမျက်နှာ (၁၄) သို့ ➢ ➢ ➢

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘာ့စတိုင်း

**➢ စာမျက်နှာ(၁၃) စိတ်မိုက်အားပေးစကား မပြောကြပါနဲ့လား'မှ အဆက်**

**လူမှုဝန်းကျင်တွင် လွဲမှားစွာ ပြောဆိုနေကြရာ အချို့က သတိ မထားမိပါချေ။ ကလေးများ၊ လူငယ်များကတော့ မသိ နားမလည်၍ ပြောဆိုနေမိကြလေ့ ရှိပါသည်။ အချို့လူကြီးများသည် အမှတ်တမဲ့ ပြောဆိုနေမိကြလေသည်။ မည်သို့ပင် ဆိုစေ၊ ထိုစကားများသည်ကား လုံး၀ မှုမမှန်ပါ။ လွဲမှားနေပါသည်။ သူတော်ကောင်း ပညာရှိများက လက်မခံပါ။ လက်တွေ့အားဖြင့်လည်း လူ့လောကကို အကျိုးမပြုပါ။ အကျိုး မပြုရုံမက လူများ စွာကိုပင် ဖျက်ဆီးနေပါသည်။ ထိုဖျက်ဆီးခံ လူများကြောင့်လည်း ပြည်သူအများ နစ်နာလှပါ ပြီ။ 'စိတ်မိုက်အားပေးစကား၊ လူမိုက်အားပေးစ ကားများ မပြောကြပါနဲ့လား' ဟူ၍ အလေးအနက် ရေးသား တိုက်တွန်းအပ်ပါသည်။**

'ငွေများ တရားနိုင်'

တရားဥပဒေ စိုးမိုးရေးအတွက် လွန်စွာ ကြောက်စရာကောင်းသော စကားပင်ဖြစ်၏။ ခေတ်ဆိုးခေတ်ပျက်များမှ အမွေဆိုးကို ယနေ့ ထိ လက်ခံကျင့်သုံးနေသူများ ရှိနေခြင်းကို ဤ စကားရပ်က ဖော်ပြနေ၏။ မူးယစ်ဆေးဝါး ထုတ်လုပ် ရောင်းဝယ်သူများ၊ သုံးစွဲသူများ၊ လူကုန် ကူးသူများ မသမာမှု ဒုစရိုက် ကျူးလွန်သူများ ပျောက်ဆုံးစေရန် (ငွေများ တရားနိုင်)သော အဖြစ်များ မရှိဖို့ လက်တွေ့ လုပ်ဆောင်ကြဖို့ လိုအပ်နေပါပြီ။ တရားကို စောင့်မလား၊ ငွေကို စောင့်မလား။ တရားစောင့်လျှင် သေလျှင် ကိုယ့်နောက် ပါမည်။ ငွေကိုစောင့်လျှင် ငွေသည်သေလျှင် ကိုယ့်နောက် မပါချေ။ တရားဥပဒေဘက်တော်သား ဆိုသူများ သစ္စာရှိအပ်ပါသည်။ ထိုစကားကို ဖျက်ပစ်ရန်မှာ တရားဥပဒေဘက်တော်သားတို့မှတစ်ပါး အခြားမရှိပြီ။

'လူညီရင် ဤ်တောင်ကျွဲ ဖြစ်တယ်'

ယခုလို ဒီမိုကရေစီခေတ်သစ်မှာ ထိုစကားကို လွဲမှားစွာ ယူဆလျှင် ဒီမိုကရေစီ စနစ်ပင် ပျက်သွားနိုင်လေသည်။ လူညီတိုင်းကောင်းပါသလား။ မကောင်းမှု လုပ်ရန် ညီညွတ်မည်ဆိုလျှင် မတွေးရဲစရာပါ။ အယူအဆမှား၊ အဆိုပြုချက်မှားများကို ဝိုင်းဝန်းထောက်ခံနေလျှင် လူအများအကျိုးရှိပါ့မလား။ ပြည်သူအများကို အကျိုးမပြုသော အခြေခံဥပဒေများကို ဝိုင်းဝန်း ညီညွတ်စွာ ထောက်ခံနေလျှင် ပြည်သူအများ ဒုက္ခများဖို့သာ ရှိတော့သည်။ 'လူညီရင် ဤ် တောင် ကျွဲဖြစ်သည်' ဆိုသည်မှာ ကူညီလျှင် အမှန်တရားသည်ပင် အမှားဖြစ်သွားစေသည်ဟူသည့် မူရင်း အဓိပ္ပါယ်ကပင် မူမမှန်ဖြစ်နေပါသည်။ ဒီမိုကရေစီ စနစ်၏ အားနည်းချက်ကို အထူးသတိထားအပ်သည်။ တော်တည့်မှန်ကန် ကောင်းမြတ်ခြင်းများတွင်သာ ညီညွတ်သင့်ပါသည်။

'မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ'

သူတစ်ပါး ဒုက္ခရောက်လေ၊ မိမိအကျိုးရှိလေဟု ယူဆသော အတွေးအယူအဆသည် အင်မတန် လူမဆန်သော အတွေးအယူအဆ ဖြစ်ပါသည်။ လူမိုက်အားပေး၊ လူပြိန်းကြိုက်စကား ရိုင်းပြသော စကားများသာ ဖြစ်သည်။ လူယဉ်ကျေးများ မပြုအပ်၊ မပြောအပ်ပါပေ။

'ဆန်ပေးလို့ ဆေးရတာပါ'

လူမှုပေါင်းသင်း ဆက်ဆံရေးမှာ အချို့က မာန်မာနကြီးစွာ ပြောတတ်သော စကားဖြစ်၏။ ကျေးဇူးတင်ရမှာ ကြောက်သူ၊ ကျေးဇူးမသိတတ်သူတို့၏ အယူအဆမှားလည်း ဖြစ်၏။ လူလူချင်းသည် တစ်ဦးနှင့်တစ်ဦး အကျိုးပြုနေသူများသာ ဖြစ်သည်။ 'ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ'နေကြရသူများသာ ဖြစ်သည်။ အပြန်အလှန် အပေးအယူ ကျေးဇူးပြုနေကြရသည်။ ကျေးဇူးသိတတ်ရပါသည်။ ကျေးဇူးသိတတ်ခြင်းသည် စိတ်ထားမြင့်မြတ်သော သူတို့၏ စိတ်ထားဖြစ်သည်။

'တောမီးလောင် တောကြောင် လက်ခမောင်းခတ်'

အတ္တသမား၊ အချောင်သမား၊ လူစိတ်မရှိသော သူများ၏ အယူအဆ အမှားကြီးပင် ဖြစ်၏။ ကလေးသူငယ်များ အတုခိုး မှားမှာ စိုးရိမ်ရသည်။ သူတစ်ပါး ဒုက္ခရောက်သည်ကိုကြည့်ပြီး ဝမ်းသာခြင်း၊ အခွင့်ကောင်းယူခြင်းသည် အလွန်ယုတ်ညံ့သော စိတ်ပင်ဖြစ်၏။ လူညံ့၊ လူယုတ်မာတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်သာဖြစ်၏။

'ပွဲလန့်တုန်းဖျာခင်း'၊'ငါးပွက်ရာ ငါးစာချ'

ထိုစကား၊ ထိုအယူအဆသည်ကား ယနေ့ ခေတ်နှင့် မဆီလျော်ဆုံးပင် ဖြစ်သည်။ လူ့တန်ဖိုး၊ လူ့အခွင့်အရေးကို အလေးထားသောခေတ်တွင် အချို့လုပ်ငန်း၊ ဌာန၊ ကုမ္ပဏီများတွင် ထိုစကားကို မှားယွင်းစွာ ပြောဆိုကြလေ့ ရှိ၏။ လူကို တန်ဖိုးမထားသော ခေတ်ဆိုးများက ထိုစကားကို ပြောခဲ့ကြခြင်း ဖြစ်၏။ ထိုအတိုင်းလည်း ကျင့်သုံးခဲ့ကြ၏။ လူ့အခွင့်အရေးကို လူ မဆန်စွာ ချိုးဖောက်ကြခြင်း ဖြစ်၏။ မိမိလုပ်ငန်းထဲမှ ဝန်ထမ်းများ၊ အဖွဲ့ဝင်များ၊ လက်အောက်ငယ်သားများကို မစာမနာ မညှာမတာ မလုပ်အပ်ပါ။ လူကြီး ပီသစွာ ခေါင်းဆောင်ပီသစွာ ပြောဆိုပြုမူအပ်ပါသည်။ လူကြီးမပီသ ခေါင်းဆောင် မပီသသူတို့က (ငကန်းသေရင် ငစွေပေါ်လိမ့်မယ်)ဟု လက်သုံးစကား ပြောကြလေ၏။

'လူနပ်ချမ်းသာ'

'လူနပ်ချမ်းသာ'ဟု ဆိုခြင်းမှာ အမှောင်လွှမ်းသောခေတ်တွင် အလွန်ခေတ်စားခဲ့၏။ လူကြီးအနားတွင် ပါးပါးနပ်နပ် ကပ်ရပ်ဖားလျှားတတ်လျှင် အခွင့်ကောင်း၊ နေရာကောင်း ရပြီးချမ်းသာခဲ့ကြသည်။ မှန်ကန်ရိုးသားစွာ လုပ်ကိုင်စားသောက်ခြင်းတော့ မဟုတ်။ အခွင့်အရေးသမားတို့၏ အလုပ်သာဖြစ်သည်။ မလိုလားအပ်သော စိတ်ထား၊ ယုတ်ညံ့သောစိတ်ထားနှင့် အပြုအမူများ ဖြစ်သည်။

'အချစ်နဲ့ စစ်မှာ မတရားတာ မရှိ'

ငြိမ်းချမ်းရေးကို အလေးမထားသော စကားဖြစ်၏။ လူစကားမဟုတ်။ ဘုရားအစရှိသော သူတော်ကောင်းကြီးများ မနှစ်သက်သော စကားဖြစ်၏။ မတရားမမျှတမှုများကြောင့် လူ့လောကတွင် ပြဿနာမျိုးစုံ ဖြစ်နေခြင်း မဟုတ်ပါလား။ လူတိုင်း တရားမျှတမှုကို လိုလားပါလျက် ဘာကြောင့် ဤသို့ပြောထွက်ကြပါလိမ့်။ လူငယ်များ၏ နုနယ်သော နှလုံးသားများတွင် ထိုစကားစွဲထင်သွားလျှင် အကျိုးမဲ့ကြပေတော့မည်။ အချစ်မှာဖြစ်စေ၊ စစ်မှာဖြစ်စေ တရားမျှတကြပါစေ၊ မတရားမှု၊ မမျှတမှု စသော မကောင်းမှုများ ပြုလုပ်ရန် ရှက်ခြင်းကြောက်ခြင်း ကင်းနေကြလျှင် ဤကမ္ဘာလောကကြီးသည်ပင် ပျက်ရချေတော့အံ့။

'ချင်းစိမ်းနဲ့ မိဿလင်၊ သူကြင်မှ ကိုယ်ကြင်မယ်'

လင်နှင့်မယား အိမ်ထောင်ရေးမှ အစ လူမှုအဖွဲ့အစည်းများတွင် မကြာခဏ ပြောဆိုနေ၏။ မေတ္တာသက်ဝင် ချစ်ခင်ကြင်နာ စာနာဖေးကူကြရမည့် သူအချင်းချင်း တင်းမာစေသော စကားဖြစ်၏။ စကားအဖြစ်သာ ပြောလျှင်တော်ပါသေး၏။ ထိုအတိုင်း ပြုမူနေထိုင်လျှင်ကား ထိုလင်မယား၏ ရှေ့ရေးမကောင်းနိုင်။ ထိုအဖွဲ့အစည်းဆိုလျှင် ပိုဆိုးမည်။ မာန်မာနကြီးသူတို့က ထိုစကားကို လက်ကိုင်ထား၏။ သို့သော် သူကိုယ်တိုင် စိတ်ဆင်းရဲကိုယ်ဆင်းရဲ နေရပေမည်။ သူလည်း အကျိုးမရှိ၊ ကိုယ်လည်း အကျိုးမရှိသော အပြောအဆို အပြုအမူမျိုးကို ဘာကြောင့် လုပ်ပါမည်နည်း။ ထိုစကားသည် နှစ်ဦးနှစ်ဖက်လုံးကို နှိပ်စက်သော စကားသာ ဖြစ်လေသည်။ ထိုစကားမျိုးကို မည်သူမျှ လုံးဝမပြောအပ်ပါချေ။

အထက်ဖော်ပြပါ စကားများကို လူမှုဝန်းကျင်တွင် လွဲမှားစွာ ပြောဆိုနေကြရာ အချို့က သတိမထားမိပါချေ။ ကလေးများ၊ လူငယ်များကတော့ မသိနားမလည်၍ ပြောဆိုနေမိကြလေ့ ရှိပါသည်။ အချို့လူကြီးများသည် အမှတ်တမဲ့ ပြောဆိုနေမိကြလေသည်။ မည်သို့ပင်ဆိုစေ၊ ထို စကားများသည်ကား လုံးဝမှုမမှန်ပါ။ လွဲမှားနေပါသည်။ သူတော်ကောင်း ပညာရှိများက လက်မခံပါ။ လက်တွေ့အားဖြင့်လည်း လူ့လောကကို အကျိုးမပြုပါ။ အကျိုးမပြုရုံမက လူများစွာကိုပင် ဖျက်ဆီးနေပါသည်။ ထိုဖျက်ဆီးခံလူများကြောင့်လည်း ပြည်သူအများ နစ်နာလှပါပြီ။ 'စိတ်မိုက်အားပေးစကား၊ လူမိုက်အားပေးစကားများ မပြောကြပါနဲ့လား'ဟူ၍ အလေးအနက်ရေးသား တိုက်တွန်းအပ်ပါသည်။ ❐

**➢ စာမျက်နှာ(၂၅)**

**အောင်ဆန်း–အက်တလီစာချုပ်က မွေးဖွားလာသော ပြည်ထောင်စုနေ့မှ အဆက်**

''ဗြိတိသျှတို့က တောင်တန်းဒေသတွေကို အောက်ကျနောက်ကျ ဖြစ်နေလို့ လွတ်လပ်ရေးနဲ့ မထိုက်တန်သေး၊ ဒီလိုထင်နေတယ်– ဒီထင်မြင်ချက်ကို မြန်မာတွေက သဘောမတူပါဘူး။ မြန်မာပြည် လွတ်လပ်ရေးရရင် တောင်တန်းဒေသတွေလည်း လွတ်လပ်ရေးရကို ရရမယ်လို့ မြန်မာများက ထင်မြင်ပါတယ်။ မြန်မာတွေဟာ တောင်တန်းဒေသတွေကို ဗိုလ်ကျ စိုးမိုးလို၍ မဟုတ်ပါ။ ပြည်မနှင့် တောင်တန်းဒေသ မခွဲခြားဘဲ တန်းတူအခွင့်အရေး ရစေချင်လို့ဖြစ်ပါတယ်။ ဤမိန့်ခွန်းကို ယခုလို ရေးပြလိုက်ရတဲ့အတွက် ဦးညွှတ်ကာပဲ အလေးပြုလိုက်ပါသည် ဗိုလ်ချုပ်။

အော် ပိတောက်နှင့် ချယ်ရီကို မွေးစေ၊ လှစေတဲ့ ပြည်ထောင်စုနေ့ကို မမေ့သောအားဖြင့် နိဂုံးစကား ဆိုပါအံ့။ ၂၀ ရာစုပင်လုံစာချုပ် အောင်မြင်ခဲ့သလို ၂၁ ရာစု ပင်လုံညီလာခံများလည်း ဤသို့ပင် ဖြစ်ချင်တယ် (၀) အဖွဲ့အားလုံး ပါဝင်လက်မှတ်ထိုးစေချင်တယ် ဆိုပါက မြတ်ဗုဒ္ဓရဲ့စွမ်းအား (၄)မျိုးကို ကျင့်သုံးစေချင်ပါတယ်။ (၁) တိုင်းရင်းသားအားလုံး အချင်းချင်း ယုံကြည်မှု တည်ဆောက်နိုင်ခြင်း (၂) ကိုယ်ချင်းစာ တရားကြီးမားနိုင်ခြင်း (၃) စွန့်လွှတ်မှုအားတွေကောင်းခြင်း (၄) တိုင်းပြည်အနာဂတ်အတွက် အကြားအမြင်ကြီးမားသော စိတ်ထားများနှင့် တွေ့ဆုံညှိနှိုင်းအဖြေရှာ နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပြည်ထောင်စုနေ့ကို ကြိုဆိုလိုက်ရပါသတည်း။ ❐




စာအုပ်အမည် – အတ္ထုပ္ပတ္တိအဘိဓာန်
စာရေးသူ – မောင်ဝံသ
တန်ဖိုး – ၅၀၀၀ ကျပ်
မှာယူနိုင်သည့်ဖုန်း – ၀၉၂၅၀၀၉၁၉၁၃

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် ပေါ်ထွန်းခဲ့ပြီး ထူးချွန်ကျော်ကြားခဲ့သော လူပုဂ္ဂိုလ်များ၏ ဘဝဖြစ်စဉ် အတက်အကျ၊ အတောင်းအဆို၊ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှု၊ ကျဆုံးမှု၊ ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို လိုရင်း အနှစ်ချုပ် ဖော်ပြထားတာပဲဖြစ်ပါတယ်။

စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ယဉ်ကျေးမှု အနုပညာ၊စီးပွားရေး၊ ဥပဒေ၊ ဆေးပညာ၊ နိုင်ငံရေး၊ ဘာသာရေး၊ စစ်ရေး၊သိပ္ပံ၊ အားကစား စသည့် လူမှုဘဝ စာမျက်နှာအသီးသီးမှ ပုဂ္ဂိုလ် ၂၅၀၀ ကျော်၏ စိတ်ဝင်စားဖွယ်ရာ အတ္ထုပ္ပတ္တိများ ပါဝင်ပါတယ်။

ခရစ်တော် မပေါ်မီ ဘီစီ ၆ ရာစုမှသည် မျက်မှောက်ကာလအထိ ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြသော စိန့်ဩဂတ်စတမ်း၊ လီယိုနာဒို ဒါဗင်ချီ၊ ဂျော့ဝါရှင်တန်၊ ဂန္ဒီ၊ ဂျင်ဂျစ်ဝန်၊ ဦးသန့်၊ တော်လ်စတွိုင်း၊ ရှုးဆိုး၊ ချိုင်ကော့စကီးတို့ကအစ ဟူကျင်းတောင်၊ တိုနီဘလဲ၊ အာဘေး၊ ဘန်ကီးမွန်း တို့အထိ ပါဝင်ပါသည်။




စာအုပ်အမည် – ပွင့်သောပန်းတိုင်း မွှေးစေလို
စာရေးသူ – ကောင်းမြတ်
တန်ဖိုး – ၂၀၀၀ ကျပ်
မှာယူနိုင်သည့်ဖုန်း – ၀၉၂၅၀၀၉၁၉၁၃

ဒီစာအုပ်လေးကတော့ ကလေးတွေမှာ တွေ့ရတတ်တဲ့ အမူအကျင့်ဆိုင်ရာ ပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲ။ အဲဒီ ပြဿနာတွေက ဘာအကြောင်းကြောင့် ဖြစ်နိုင်တယ်၊ အဲဒီ ပြဿနာမျိုးမဖြစ်အောင် ကလေးတွေကို ဘယ်လိုပြုစုပျိုးထောင်သင့်တယ်၊ ကိုယ့်ကလေးမှာ အဲဒီလို ပြဿနာမျိုးရှိနေရင် ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းသင့်တယ်၊ ဘယ်အရာတွေကိုတော့ ရှောင်ရှားရမယ် ဆိုတာတွေကို ခေါင်းစဉ်တပ်ပြီး တစ်ချက်ချင်းစီ ဆွေးနွေးအကြံပြုထားပါတယ်။

မိဘတော်တော်များများ ခေါင်းကိုက်ရတဲ့ ပြဿနာတွေကိုဆောင်ရန်၊ ရှောင်ရန်တွေနဲ့တကွ ပြည့်ပြည့်စုံစုံ ရေးသားထားတာမို့ ကိုယ့်ဥယျာဉ်မှာ ပွင့်တဲ့ ပန်းတိုင်းကို လန်းဆန်းမွှေးပျံ့စေလိုတဲ့ မိဘတိုင်းအတွက်တော့ အလွန့်အလွန်ကို အဖိုးတန်မယ့် စာအုပ်ကလေး တစ်အုပ်ပါပဲ။

ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

# ဖြစ်နိုင်ချေအား ခန့်မှန်းတွက်ချက်ခြင်း အနုပညာ

■ ကြည်မင်းဦး



နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး မိုးလေဝသ ပညာတို့တွင် ခန့်မှန်းတွက်ချက်တတ်မှုသည် အမှန်ကန်ဆုံးနှင့် အနီးစပ်ဆုံးအဖြေကို ရရှိစေနိုင်သည့် သဘောအား ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်း၏ အကြောင်းကို မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဦးထွန်းလွင်၏ ခန့်မှန်းတွက်ချက် ထုတ်ပြန်ပေးခဲ့မှုသည် သာဓကတစ်ခုအဖြစ် ထင်ရှားသည်။

ထိုနည်းတူစွာပင် ရှေ့တန်းစစ်မြေပြင်နေရာသို့ ရောက်ရှိနေသည့် တပ်မှူးစစ်ကြောင်းမှူး တပ်ခွဲတပ်စုမှူး တာဝန်ယူထားရသည့် ခေါင်းဆောင်များနှင့် အကြပ်စစ်သည်များတွင်လည်း ဖြစ်နိုင်ချေအား ခန့်မှန်းတွက်ချက်ရသည့် စစ်ပညာဆိုသည်မှာ အရေးကြီး အသုံးဝင်လှပေသည်။

စစ်တို့၏ သဘောမှာ မိမိအကြောင်းနှင့်ရန်သူ့အကြောင်းကို သိထားရမည်ဖြစ်ကာ ရန်သူသတင်းကို ရရှိမှုနှင့် မိမိစစ်သည်များနှင့်အတူပါဝင်နေသည့် ရိက္ခာလက်နက် ခဲယမ်းနယ်မြေတောတောင်ခရီးလမ်း ကျွမ်းကျင်မှုတို့အပြင် ရာသီဥတုကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ရသည်။

ရုတ်တရက် တွေ့ကြုံရနိုင်သည့် ခံစစ်အတွက် တန်ပြန်တိုက်စစ်ဆင်နိုင်ရမည်။ တိုက်စစ်အသွင်ဖြင့် သေသေချာချာ စုဖွဲ့ပြင်ဆင်၍ ရန်သူကို တိုက်ဖို့ကြိုးစားရင်းကနေပြီး မထင်မှတ်ဘဲ တွေ့ကြုံရနိုင်သော အခက်အခဲများ ရှိနိုင်သဖြင့် တပ်စိတ်တပ်စု တပ်ခွဲစု ရပ်ဆုံရပ်များ သတ်မှတ်လျက် မိမိဘက်မှ ထိခိုက်ကျဆုံးမှု အနည်းဆုံးဖြင့် ခွာစစ်ဆင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်တွက်ချက်ထားတတ်မှုသည် စစ်သည်တော်တိုင်းအတွက်လိုအပ်ချက်အဖြစ်စစ်ပညာတွင် သင်ယူလေ့ကျင့်ရလေသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ တာချီလိတ် ခရိုင်မိုင်းယောင်းမြို့နယ်မှ မိုင်းယုမြို့၏ အနောက် မြောက်တွင် ကော်ဟိုလွယ်တပ်မတော်စခန်းနှင့် မိုင်းယုမြို့ အရှေ့ဘက်နေရာတွင် ထင်းရှူးတောင်တပ်မတော်စခန်းတို့ဖြင့် ပြည်တွင်းလက်နက်ကိုင် ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ) တပ်ဖွဲ့၏ ရန်ကို ကာကွယ်ခဲ့ရသည့်ဖြစ်စဉ်များကို ပြန်ပြောင်း၍ သတိရမိသည်။

၁၉၈၂ ခုနှစ်ခန့်အချိန်က မိုင်းယောင်းမြို့မှ စတင်၍ ထွက်ခွာလာသည့် တပ်မတော်ရိက္ခာစုံ သယ်ယူသည့် လုံခြုံရေးစစ်ကြောင်းသည် မိုင်းယုမြို့အနီးရှိ ကော်ဟိုလွယ်တပ် စခန်းသို့တစ်နှစ်စာ စုပုံထားရှိရန်အတွက် သယ်ဆောင်လာစဉ်၌ လမ်းခရီးတစ်ဝက်နေရာဖြစ်သော ဝမ်ကျိုင်း (ထိုစဉ်ကရွာပျက်) နေရာအရောက်တွင် ရန်သူ၏ သာလွန်အင်အားဖြင့် ချုံခိုတိုက်ခိုက်ခံရသည်။

ယင်းတိုက်ခိုက်ခံရမှုကြောင့် ရိက္ခာတင်ဆောင် သယ်ယူလာသည့် နွားလှည်း၌ တပ်ဆင်မောင်းနှင်လာသော နွားများအပါအဝင်အရပ်သားနှင့် တပ်မတော်သားတချို့ ထိခိုက်သေဆုံးခဲ့ပြီး ရိက္ခာနှင့် စစ်ဝတ်စုံများပါ ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုအဖြစ်အပျက်ကို အကြောင်းပြု၍ မိုင်းယုနှင့် မိုင်းယောင်းလမ်းတွင် လစဉ်လစာပေးအဖွဲ့အား လုံခြုံရေးနှင့် ခရီးကြိုခြင်း တာဝန်မှာမိုင်းယုကော်ဟိုလွယ် တပ်စခန်း၏ ရှေ့တန်းရောက်တပ်မတော်သားများအတွက် ဘုရားတရားကိုတ၍ သတိဝီရိယ ပိုမိုစိုက်ထုတ်ကာ ချွေးထွက်များခဲ့သည့်ကာလများ ဖြစ်ခဲ့သည်။

ကြိုကြားထိတွေ့မှုဖြစ်စဉ်များ၌လည်း တပ်မတော်ဘက်မှသာ အနိုင်ပိုင်း၍ အောင်နိုင်ခဲ့ကြသည်။ ရန်သူသတင်းကို ရဖို့အတွက် ဒေသခံတိုင်းရင်းသားများကို စည်းရုံးရေးလုပ်ငန်းများတွင် အောင်မြင်ခဲ့ပြီး ရန်သူကိုလျှော့မတွက်မိစေဘဲ အစဉ်သတိဖြင့် စစ်နည်းဗျူဟာတွင် ပို၍အပင်ပန်းခံခဲ့သောကြောင့် တပ်မတော်စစ်ချီလမ်းပေါ်တွင် မိုင်းဗုံးထောင်သည့် အရပ်သားကိုဖမ်းဆီးနိုင်ခဲ့သည်။ ထိုစဉ်က ငိုအားထက် ရယ်အားသန်စရာ အဖြစ်အပျက်တစ်ခုကိုတော့ ပြန်လည်သတိရမိသည်။

ဖမ်းဆီးထိန်းသိမ်းထားသည့် အရပ်သားကို စစ်မေးခဲ့ရာတွင် ဗကပ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ၎င်းအား မိုင်းတစ်လုံးထောင်စေ၍ ဂျုန်းကနဲ ပေါက်ကွဲသံကြားရလျှင် ၎င်းအတွက် မိုင်းဗုံးထောင်ပေးသည့် အခတန်ဖိုးအဖြစ် ဘိန်းစိမ်းတစ်ဆယ်သားကို ပေးပြီး ၎င်းထောင်ပေးထားခဲ့သော မိုင်းဗုံးများအတွက် ဗကပ လက်နက်ကိုင်များထံတွင် ဘိန်းစိမ်းအကြွေးရရန် ရှိနေသေးကြောင်းအား ဝန်ခံပြောဆိုသွားခဲ့သည်။

စာရေးသူအတွက်တော့ အသက်အရွယ်အတွေ့အကြုံများဖြင့် လောကထဲက လူတွေရဲ့အကြားမှာ သင်ယူစရာ လေ့လာစရာ သံဝေဂယူစရာအဖြစ်အပျက်ပေါင်းများစွာကို ပညာတစ်ခုအဖြစ် မှတ်ယူသည်။ ပညာလို အိုသည်မရှိဟူသော ဆိုရိုးစကားရှိသောကြောင့် စာရေးသူသည် အစဉ်အမြဲသင်ယူလေ့လာ လေ့ကျင့်နေရဦးမည့် ဘဝတက္ကသိုလ်ကျောင်းသားအဖြစ် ခံယူသည်။ သင်ယူခြင်းသည် သေဆုံးမှသာပြီးမြောက်နိုင်သည်ဟုလည်း နားလည်လက်ခံထားပါသည်။

ကျိုင်းတုံမြို့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီး ၆ ရက်နေ့တွင် လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမနေရာ၌ လူထုတွေ့ဆုံပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

ပထမရောက်ရှိလာသည့် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် လေယာဉ်ကွင်းမှ ၎င်းတည်းခိုညအိပ်မည့် Amazine ဟိုတယ်နေရာသို့ လုံခြုံရေးယာဉ်တန်းဖြင့် ရောက်လာခဲ့သည်။ ထိုဟိုတယ်နေရာမှအကွာအဝေးကိုက် ၅၀၀ ခန့်သာရှိလောက်မည်ဖြစ်သော ကျိုင်းတုံမြို့ရဲ့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ ဒေါ်အောင်ဆန်းစုကြည်က ခြေလျင်လမ်းလျှောက်လာ၍ ဘုရားရှိခိုးမည်ဟု လာရောက်ကြိုဆိုနေသည့် ပြည်သူများက သိထားသဖြင့် ဟိုတယ်အထွက်ပေါက်နေရာမှ ဘုရားအနီးနေရာထိလမ်းလျှောက်၏။ ဝဲယာတို့မှ တန်းစီ၍ စောင့်ဆိုင်းနေခဲ့ကြသည်။ ထိုလူတန်းထဲ၌ စာရေးသူလည်း ရှိနေခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ဆိုသော နိုင်ငံ့ခေါင်းဆောင် တစ်ဦးကို အနီးကပ်၍ မြင်ဖူးချင်သောကြောင့် ဖြစ်သည်။

အချိန်ကြာသည်ဟု မဆိုနိုင်သော်လည်း ဒေါ်အောင်ဆန်းစုကြည် လမ်းလျှောက်၍ဘုရားဖူးထွက်လာမည့် လမ်းပေါ်ကမြင်ကွင်းများကြောင့် စာရေးသူမှာ အံ့အားသင့်သွားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပါလာသောလုံခြုံရေး တာဝန်ယူထားသည့် လူလတ်ပိုင်း အမျိုးသားနှစ်ယောက်မှာ ခြေထောက်၌ ဖိနပ်ဗလာဖြင့် ဟိုတယ်ဝန်းထဲက ထွက်လာပြီး လမ်းဘေးဘယ်ညာရှိ လူတန်း၏ အလယ်မှပင် မဟာမြတ်မုနိဘုရားရှိရာဘက်သို့ ဟိုကြည့်ဒီကြည့်နှင့် ထွက်သွားတာကို စာရေးသူက သတိထားလိုက်မိသည်။

အချိန်ခဏကြာတော့ ထိုအမျိုးသားနှစ်ယောက်မှာ ဖိနပ်မစီးထားသည့် ခြေဗလာဖြင့်ဟိုတယ်ရှိရာဘက်သို့ ပြန်လျှောက်လာသည်။ ထို့နောက်စာရေးသူနှင့် မျက်နှာချင်းဆိုင်လမ်း၏ တစ်ဖက်ခြမ်း နေရာက ပန်းစည်းများကိုင်၍ဒေါ်အောင်ဆန်းစုကြည်လာရာ လမ်းမှာ ကြိုတင်စောင့်နေသူများ၏ ပန်းစည်းတစ်ထုပ်ချင်းကိုစစ်ဆေးကြည့်ရှုနေတာကို စာရေးသူမြင်နေရသည်။ လုံခြုံရေးတာဝန်ရှိသူ နှစ်ဦးက စစ်ဆေးနေသည့်အချိန်မှာ နေ့ခင်းနေပူချိန်မြင့်ရာမှ အနိမ့်သို့ကျနေဆဲဖြစ်သည်။

ဟိုတယ်မှ အထွက်လမ်းနှင့် မိုင်းခတ်လမ်းမ၏ အစပ်ထိသည့်နေရာတွင် လက်သန်းထိပ်ဖျား အရွယ်ခန့်ရှိသည့် ကျောက်ခဲလေးများကို လမ်းလွတ်ရာသို့ ကောက်ယူဖယ်ရှားပေးနေသော လုံခြုံရေးဝန်ထမ်း အမျိုးသား၏ အပြုအမူကြောင့် ၎င်းကို စိတ်ထဲက လေးစားချီးကျူးမိသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့ မနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူထုတွေ့ဆုံပွဲကိုလေယာဉ်ကွင်းလမ်းက မြို့တော်ခန်းမနေရာတွင် ပြုလုပ်သည်။

**ဒေါ်အောင်ဆန်းစုကြည်က ခြေလျင် လမ်းလျှောက်လာ၍ ဘုရားရှိခိုးမည်ဟု ကြိုဆိုနေသည့် ပြည်သူများကသိထားသဖြင့် ဟိုတယ်အထွက်ပေါက် နေရာမှ ဘုရားအနီး နေရာထိ လမ်းလျှောက်၏။ ဝဲယာတို့မှ တန်းစီ၍ စောင့် ဆိုင်းနေခဲ့ကြသည်။ ထိုလူတန်းထဲ၌ စာရေးသူလည်း ရှိနေခဲ့သည်။**

စာမျက်နှာ (၂၃) သို့ ➤ ➤ ➤

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

ဖေဖော်ဝါရီ ၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၅ ရက်၊ နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့သို့ ရောက်ရှိလာပြီး တာချီလိတ်မြို့၊ အောင်မြတ်ခန်းမတွင် ဒေသခံလူထုများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ပြီးနောက် ဒေသခံလူထုများမှ ဒေသတွင်း လိုအပ်ချက်များကို တင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၆ ရက်၊ နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမတွင် လူထုတွေ့ဆုံပွဲပြုလုပ်ရာ တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသသို့ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၆ ရက်က မိုင်းတုံမြို့နယ်ရှိ သံလွင် မြစ်ကူးတံတား (တာဆန်း) အသစ်ဆောက်လုပ်မည့် နေရာသို့ လာရောက်ပြီး ပန္နက် ချပေးခဲ့ကာ မိုင်းတုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသခံလူထုများ တွေ့ဆုံရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် ဖေဖော်ဝါရီလ ၆ ရက်က ရှမ်းပြည်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့မဈေး ပတ်ဝန်းကျင်ရှိလမ်းများ၌ ဈေးဖွင့်ချိန်၊ ကျောင်း/ရုံးတက်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လူနှင့်ယာဉ်အသွားအလာများချိန်တွင် လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇

၇၂ နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်ကျောင်းများမှ ပါမောက္ခချုပ်များနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဌာနေပြည်သူစစ်များ၊ ရပ်မိ၊ ရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် သူနာပြုဆရာမများ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပထမဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန် ကြီးချုပ်ဒေါက်တာလင်းထွဋ်က ဖတ်ကြားခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာ ပြခန်းများအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက''တို့ရှမ်းပြည်ပွဲတော်'' တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ပြခန်းများအား လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။



ဆက်လက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပြီးနောက် ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SSSCCI) ရုံးအား တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၇၂) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီလ ၇ ရက်က တောင်ကြီးမြို့၊ အဝေရာကုန်းသာယာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီလ ၈ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်ခန်းမဆောင်တွင် ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေး ပထမနေ့တွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၅ ဦးမှ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုအား မေးမြန်းရာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉

ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း၏ ၂၀၁၉ ခုနှစ် ကိုးကန့်ရိုးရာ နှစ်သစ်ကူးညစာစားပွဲနှင့် ကိုးကန့်တိုင်းရင်းသားရိုးရာ အကဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၉ ရက် ညနေပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဘုရာဖြူရပ်ကွက်ရှိ ကိုးကန့်တိုင်းရင်းသားလူမှုရေးအသင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား/တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့၊ ဝေဠုန်ပရိယတ္တိ စာသင်တိုက်ရှိ ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းနိုင်ရေးအတွက် ရန်ပုံငွေဈေးရောင်းပွဲတော်နှင့် ကားပြပွဲဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်၊ နံနက် ၉ နာရီက တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

❐



VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019

■ ကောင်လေး(မြန်မာစာ)




၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံပညာနှင့် နည်းပညာများ အချိန်နှင့်အမျှ ပြောင်းလဲနေသော ခေတ်လည်းဖြစ်ပါသည်။ ပညာခေတ်ဟု ဆိုရလောက်အောင် ပညာတတ်ဘွဲ့ရလူတွေ၊ စာတတ်သူတွေ များပြားလာကြသော်လည်း စာဖတ်သူဦးရေသည် တဖြည်းဖြည်း လျော့ကျသည်။ ထိုသို့ဖြစ်ရခြင်းမှာ နည်းပညာသည် အချိန်၊ နာရီ၊ စက္ကန့်နှင့်အမျှ ပြောင်းလဲလာခြင်းနှင့် လူတို့အတွက် အသုံးအဆောင်ဖိမ်ခံပစ္စည်းများ တီထွင်ထုတ်လုပ်လာမှုကြောင့် စာဖတ်အား လျော့လာကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံအတွင်းမှာရှိတဲ့ စာတတ်နှုန်းနှင့် စာဖတ်နှုန်းများဖြင့် တိုင်းတာနိုင်ပါသည်။ ''စာမတတ်သူ ပပျောက်ရေး''အတွက် ၂၄ နှစ်နီးပါး ကြိုးစားခဲ့ကြရာ အောင်မြင်ခဲ့ပြီး လူတိုင်းစာတတ်မြောက်ခဲ့သည်။ ယခုအခါ ''လူတိုင်း လူတိုင်း စာတတ်ပြီး စာမဖတ်သူများ'' ပပျောက်ရေးအတွက် နိုင်ငံတော်အမျိုးသားရေးတာဝန်တစ်ခုအဖြစ် ဆောင်ရွက်နေကြသည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်း စာတတ်ခြင်းသည် အရေးပါသကဲ့သို့ စာဖတ်ခြင်းသည်လည်း အထူးအရေးပါလှပါသည်။

လူသားတစ်ယောက်သည် မွေးဖွားလာသည်မှစ၍ အသိဉာဏ်သည်လည်း ပါလာကြပါသည်။ မိမိတို့၏ ပင်ကိုယ်အသိဉာဏ်ပိုမိုရင့်သန်မြင့်မားလာစေရန်နှင့် ပိုမိုပြည့်ဝနှလုံးလှစေရန် စာဖတ်ခြင်းသည် အဓိကကျနေပါသည်။ ထိုသို့ စာပေလေ့လာဖတ်ရှုမှု၊ အသိဉာဏ်ရင့်ကျက်မှုများသည် နိုင်ငံသားများ ပို၍များပြားလာပါက ထိုနိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ ''မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား/သူများ၊ လူငယ်များ၊ လူကြီးများ ရသည့်အချိန်တွင် ကားပေါ်၌လည်းကောင်း၊ မီးရထားပေါ်၌လည်းကောင်း၊ လေယာဉ်ပေါ်၌လည်းကောင်း၊ အိမ်(သို့မဟုတ်)ကျောင်း (သို့မဟုတ်)လက်ဖက်ရည်ဆိုင်၌လည်းကောင်း စာဖတ်ကြရန်လိုသည်''ဟု အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စာဖတ်ခြင်း ယဉ်ကျေးမှုဆိုင်ရာဆွေးနွေးပွဲတွင် ဂျကာတာနိုင်ငံတကာကျောင်းမှ ဆရာမ Betsy Shahetapy က ယခုကဲ့သို့ ထောက်ပြဆွေးနွေးခဲ့သည်။ ထို့ကြောင့် စာဖတ်ခြင်းသည် လူတိုင်းအတွက် အရေးပါအရာရောက်သော အလေ့အကျင့်တစ်ခုဖြစ်ပါသည်။ တစ်ဖန် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုတို့ကို မြင့်မားလျှင် နိုင်ငံလည်း တိုးတက်မှုမြင့်မားမည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဖြစ်သော်လည်း စာဖတ်နှုန်းမှာ အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိနေပါသည်။ ထိုအခြေအနေသည် ကျွန်တော်တို့နိုင်ငံ သဘာဝအလှတရားများနှင့် မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝသော်လည်း စာပေဆင်းရဲမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ကျွန်တော်တို့နိုင်ငံ ဆင်းရဲနေခြင်း၏ အဓိက သော့ချက်မှာ စာတတ်သူများပြီး စာဖတ်သူဦးရေ အလွန်နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံကို ဆင်းရဲတွင်းနက်ကြီးထဲက ကယ်ထုတ်ဖို့ဆိုရင် စာပေသည် အဓိကလက်နက်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စာပေသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံတွင် ၁၀၅၈ ခုနှစ်တွင် ပုဂံမြို့ ရွှေဂူကြီးဘုရားကြီးအရှေ့ဘက်၊ ပုဂံမြို့ သရပါတံခါးအနီးတွင် အနော်ရထာမင်း ပိဋကတ်တိုက်ကို ဆောက်လုပ်ပြီးစီးခဲ့သည်။ ပိဋကတ်တိုက်၏ ဗိသုကာလက်ရာထူးခြားချက်မှာ အမိုးအဆင့်ငါးဆင့်ဖြင့် ဆောက်လုပ်ထားသည်။ လွန်ခဲ့သော နှစ်ပေါင်း ၉၅၇ နှစ်က ဆောက်လုပ်ခဲ့သော အနော်ရထာမင်း၏ ပိဋကတ်တိုက်သည် မြန်မာ့စာကြည့်တိုက် သမိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ ခရစ်နှစ်အေဒီတစ်ရာစုတွင် ဗုဒ္ဓဘာသာနှင့်အတူ ရှေးဟောင်းစာပေ၊ ပေစာနှင့် ပုရပိုက်များလည်း ရောက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ရှေးဟောင်းစာပေ အကြွယ်ဝဆုံး နိုင်ငံဖြစ်သည်။ မြန်မာတို့၏ ရှေးဟောင်းစာပေများမှာ အုတ်ခွက်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ပုရပိုက်နှင့် ပေစာတို့ကို ယနေ့ခေတ်တိုင် ထင်ရှားစွာ ရှိနေခြင်းသည် အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်ပင် ဖြစ်ပေသည်။

ယနေ့ လူငယ်များသည် နောင်အနာဂတ်အတွက် အနာဂတ်၏ ခေါင်းဆောင်များ(သို့)နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များဖြစ်သည်။ ယနေ့ ကလေးများ စာမဖတ်လျှင် နောင်အနာဂတ်လူငယ်များ မတွေးဝံ့စရာ၊ ရင်လေးစရာဖြစ်ပေလိမ့်မည်။ ယနေ့ လူငယ်များ စာမဖတ်လျှင် လူကြီးဖြစ်ပါက တိုင်းပြည်အတွက် အဆိပ်ပင် ရေလောင်းသလို ဖြစ်ပေမည်။ လူငယ်များသည် နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ ဒေသအကျိုးများကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ၏ ရတနာများဖြစ်သောကြောင့် သေချာပြုစုပျိုးထောင်လေ့ကျင့်ပေးရမည်။ လူငယ်တိုင်း စာတတ်ကြသော်လည်း လူငယ်တိုင်း စာ မဖတ်ကြပါ။ လူငယ်တိုင်း သိန်းကျော်တန်သည့် ဖုန်းဝယ်နိုင်ကြသော်လည်း လူငယ်တိုင်း ထောင်ကျော်တန် စာအုပ်တစ်အုပ်ဝယ်ယူရန် နှမြောဝန်လေးကြသည်။ ထို့ကြောင့် လူငယ်လူရွယ်များ စာများများဖတ်ကြရန် လိုအပ်ပါသည်။

''အမှောင်ခွင်း၍ အလင်းဆောင်အံ့''ဟူသော စကားအတိုင်း လူငယ်တိုင်း စာဖတ်ကြပြီး မှောင်သောနေရာများသို့ ပညာအလင်းရောင်များ ပေးဖို့လိုအပ်ပါသည်။ ''စာဖတ်သော လူမျိုးသည် တိုးတက်၍ တိုးတက်သော လူမျိုးသည် စာဖတ်ကြလေသည်''၊ ''ဂျော်ဘရန်း''ခေါ်သူက ''စာဖတ်ခြင်းသည် အသိကိုတိုးစေ၍ မှားသောအစွဲအလမ်းတွေကို ပျောက်ပျက်စေသည်''ဟု ပြောခဲ့သည်။ ထို့ကြောင့် စာဖတ်ခြင်းသည် မသိသောအရာတွေ မှတ်သားဖို့သာ မဟုတ်ဘဲ မှားသောအယူအဆများ၊ အစွဲအလမ်းအားလုံးကိုပင် ပျောက်စေသည်။ လူငယ်များအတွက် စာကြည့်တိုက်သည် ဝင်ခွင့်ဖြေစရာမလို၊ စာမေးပွဲမလိုဘဲ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး ဗဟုသုတများ ရှာဖွေမှတ်သားနိုင်သော နေရာတစ်နေရာဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ''ယနေ့လူငယ်တွေ စာဖတ်ပါ၊ များများဖတ်ပါ၊ ဒါမှ များများသိမယ်၊ ဗဟုသုတတိုးမယ်၊ အသိဉာဏ်မြင့်မားမယ်၊ အဲဒီတော့မှ ကိုယ်ဘာလုပ်သင့်တယ်၊ လုပ်ရမယ်ကိုသိမယ်၊ လူငယ်တွေ တိုးတက်ရေးအတွက် စာပေကို မှန်မှန်ကန်ကန် အသုံးပြုစေချင်ပါတယ်''လို့ ပြောကြားခဲ့ပါသည်။

မျက်မှောက်ခေတ်သည် Knowledge Age ဟု တင်စားလောက်အောင် ပညာခေတ်ဖြစ်သည်။ ပညာတတ်မှ လူရာဝင်သောခေတ်လည်း ဖြစ်ပါသည်။ ပညာဆိုသည်မှာ အတန်းပညာကို ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် စာတတ်မြောက်ရန်အတွက် ပညာသည်အခြေခံဖြစ်ပါသည်။ စာတတ်မြောက်မှသာလျှင် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားနိုင်ပါသည်။ စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် ပညာဗဟုသုတကြွယ်ဝလာသည်နှင့်အမျှ လူတစ်ယောက်သည် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ကို ခွဲခြားတတ်လာမည်။ အမှားကိုရှောင်၍ အမှန်ကိုဆောင်လိမ့်မည်။ အသိဉာဏ်နှင့် အတွေးအခေါ်များရင့်သန်လာပေမည်။ ''စာဖတ်ခြင်းဆိုတာ စာအုပ်တစ်အုပ်ကိုဖတ်ခြင်းအားဖြင့် ရသစာအုပ်ပဲဖြစ်ဖြစ်၊ သုတစာပေပဲဖြစ်ဖြစ် တခြားတစ်ဦးတစ်ယောက်ရဲ့စိတ်ထဲ၊ ဦးနှောက်ထဲကို ဝင်ကြည့်ရသလိုပဲ။ အဲဒီတော့ ကိုယ့်ရဲ့ ကမ္ဘာကြီးက အများကြီးပဲ ကျယ်သွားတယ်။ ဆိုတော့ လူတစ်ယောက်မှာဆိုရင် ဦးနှောက်တစ်ခုပဲ ရှိတယ်။ စိတ်တစ်ခုပဲရှိတယ်။ အဲဒီစိတ်၊ အဲဒီဦးနှောက်ကနေ မြင်မယ်ဆိုရင် အင်မတန်မှ ကျဉ်းမြောင်းတယ်။ တခြားလူတွေရဲ့ စိတ်၊ တခြားလူတွေရဲ့ဦးနှောက်ကနေပြီးတော့ ဝင်ကြည့်လိုက်ရတဲ့ အခွင့်အရေးရတယ်ဆိုရင် ကိုယ့်ရဲ့ ကမ္ဘာကြီးက အများကြီးကျယ်သွားတယ်။ အဲဒီတော့ စာဖတ်ခြင်းဆိုတာ ဒါပဲ။ ကျွန်မတို့က တခြားပုဂ္ဂိုလ်တွေရဲ့ ဦးနှောက်ထဲ၊ တခြားပုဂ္ဂိုလ်တွေရဲ့စိတ်ထဲ၊ နှလုံးသားထဲဝင်ပြီးတော့ ကြည့်လိုက်ရတဲ့ အခွင့်အရေးတွေရသလို ဖြစ်သွားတယ်။ အဲဒီတော့ ကျွန်မတို့ ဒီလို အခွင့်အရေးတွေ ရတဲ့အခါမှာ အချင်းချင်းနားလည်မှုကို ပိုပြီးတော့ ထူထောင်နိုင်တဲ့အခြေအနေဖြစ်သွားတယ်။ တခြားလူတွေကို နားလည်တယ်။ ကိုယ်နဲ့မတူတဲ့ဟာတွေ၊ ဘာကြောင့်မတူတာလဲဆိုတာကို နားလည်တယ်။ ကိုယ်နဲ့မတူသော်လည်း ကိုယ့်ထက်သာတဲ့ဟာတွေလည်း ရှိတယ်ဆိုတာကို သဘောပေါက်သွားတယ်''လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

စာမျက်နှာ (၂၀) သို့ ➢ ➢ ➢

# မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး



■ ကျော်လင်းထွန်း(ချောင်းဦး)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့သည် မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်ပြည့် မွေးနေ့ဖြစ်သည်။ ဗိုလ်ချုပ်မွေးနေ့ဟု ဆိုလိုက်ရ၍ လောကတွင် အသက်မရှိတော့သောသူကို မွေးနေ့မပြုလုပ်၊ မကျင်းပသင့်ဟု မလိုသူအချို့က ဆိုကြပါလိမ့်မည်။ တကယ်ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းဟူသော ''သဒ္ဒ = အသံ''သည် ကမ္ဘာတည်သရွေ့၊ မြန်မာတည်သရွေ့ ရှင်သန်နေပါသည်။ တဖန် ''ဗိသုကာကြီး''ဟူသော အသုံးအနှုန်းကို မလိုသူများက လက်ညှိုးထိုးထောက်ပြပါလိမ့်မည်။ ''ဗိသုကာ''၏ အဓိပ္ပါယ်ကို ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ ဦးစီးဌာနက ထုတ်ဝေဖြန့်ချိသော ''ခရီးဆောင် မြန်မာအဘိဓာန်''တွင် ''တည်ဆောက်မှုပညာ၊ ဆောက်လုပ်ခြင်းပညာ ကျွမ်းကျင်သူ''ဟူ၍ ဖွင့်ဆိုထားပါသည်။ ဤသို့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် ''လွတ်လပ်ရေး ဗိသုကာကြီး''ထက်ကျော်လွန်ပြီး ''ပြည်ထောင်စု ဗိသုကာကြီး''၊ 'တပ်မတော် ဗိသုကာကြီး''ဟုလည်း ဆိုရပေလိမ့်မည်။ လွတ်လပ်ရေးရအောင် တောင်ပေါ်မြေပြန့် ပြည်မပြည်နယ် စည်းလုံးစေသော ပြည်ထောင်စု နိုင်ငံတော်ကို ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့ပါသည်။ အင်္ဂလိပ်ကိုသာမက ဖက်ဆစ်ဂျပန်ကိုပါ တော်လှန်ချေမှုန်းခဲ့သော BIA, BDA အရင်းခံ တပ်မတော်ကြီးကိုလည်း ဗိုလ်ချုပ်အောင်ဆန်းကပင် ဦးဆောင်တည်ထောင်ခဲ့ပါသည်။ ဤသို့ဖြင့်ပင် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီသူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်သော ''ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်''ကို ဖန်တီးပေးခဲ့သည့် ''နိုင်ငံတော် ဗိသုကာကြီး''ဟုလည်း ဆို၍ ရနိုင်ပါသည်။

နိုင်ငံတော်၏ ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အခြားမဟုတ်။ ယနေ့ ''ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်'' နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ကြီးပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းတစ်ခေတ်တွင် တစ်ယောက်ပင်ပေါ်ထွန်းရခက်သော လူသားတစ်ဦးပင် ဖြစ်သည်။ မြန်မာပြည်သူပြည်သားများ သာမကဘဲ ကမ္ဘာသူကမ္ဘာသားအားလုံးက အမြတ်တနိုး လေးစားတန်ဖိုးထားရသောသူဖြစ်သည်။ ထို့မျှမကပါ။ ကမ္ဘာ့နိုင်ငံခေါင်းဆောင် အသီးသီးကပင် ရှေးယခင်မှသည် ယနေ့ထက်တိုင် လေးစားအားကျခြင်း ခံရသော စံပြခေါင်းဆောင်ကြီး တစ်ဦးပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ တွင် မွေးဖွားသည်။ ရှေ့နေဦးဖာနှင့် ဒေါ်စုမှ မွေးသည်။ နိုင်ငံ၏ လွတ်လပ်ရေးအတွက် ဂျပန်ပြည်တွင် စစ်ပညာသွားသင်သည် စသည်တို့မှာ အားလုံးသိကြပြီး ဖြစ်ပါ၏။ သို့ဖြစ်၍ ၎င်းအကြောင်းအရာများထက် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားကြိုးစားမှုများအပေါ် ကမ္ဘာကျော်ပညာရှိများ၊ စစ်ဗိုလ်ချုပ်ကြီးများနှင့် မြန်မာ့လွတ်လပ်ရေး သမိုင်းဝင်များ၊ ပညာရှင်များရဲ့ အမြင်များကို ဦးစွာတင်ပြရပေမည်။

မြန်မာနိုင်ငံရောက် ဂျပန်စစ်တပ်များ၏ ပထမဆုံး စစ်သေနာပတိချုပ် ''ဂျင်နရယ်အီးဒါး'' က 'အောင်ဆန်းသည် ငွေလည်းမမက်၊ အာဏာလည်း မမက်၊ တစ်ကိုယ်ကောင်းလည်း မဆန်၊ ဒါကြောင့် ဂျပန်တွေက သူ့ကိုလေးစားကြသည်'ဟု ချီးမွမ်းခန်းတင်ခဲ့သည်။

ရဲဘော်သုံးကျိပ်အား ဂျပန်ပြည်တွင် စစ်ပညာသင်ကြားရေးအတွက် အကူအညီပေးခဲ့သည်။ 'ဗိုလ်မိုးကြိုး'ခေါ် 'ဗိုလ်မှူးကြီး ကေဂျီဆူဇူကီး'ကလည်း ''အောင်ဆန်းသည်တကယ့်ကို ဖြောင့်မတ်သူဖြစ်၏။ သူသည် ရဲရင့်သတ္တိရှိသော ကျွမ်းကျင်မှုလည်းရှိသော စစ်ခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ သူသည် မျိုးချစ်စိတ် ပြင်းထန်သူတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် သူ့ကို ဂျပန်ပြည်သို့ ခေါ်လာစဉ်ကတည်းကလည်း လေးစားရသည်။ တော်လှန်ရေးအတွက် အတူချီတက်စဉ်ကလည်း လေးစားရလေသည်''ဟု ဆိုခဲ့သည်။

ဗြိတိသျှစစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆာဝီလျံစလင်းကမူ ''အောင်ဆန်းသည် ဖြောင့်မတ်တည်ကြည်သူ တစ်ဦးဖြစ်ပြီး၊ ဖြစ်ပေါ်လာသော အခြေအနေကို လက်တွေ့သုံးသပ်၍ လုပ်ဆောင်တတ်သူဖြစ်သည်။ ဂျပန်ကပေးသော ရွှေရည်စိမ် လွတ်လပ်ရေး၏ အဓိပ္ပါယ်မဲ့သည်ကို အောင်ဆန်းက သူ၏ထင်ရှားသော နောက်လိုက်တစ်ဦးအား ''အင်္ဂလိပ်တွေက ဗမာရဲ့သွေးကို စုပ်တယ်ဆိုရင် ဂျပန်တွေက ဗမာတွေရဲ့ ရိုးတွင်းချဉ်ဆီကိုပါ စုပ်တာ''ဟုပင် ပြောခဲ့သည်။ အောင်ဆန်းအပေါ်တွင် ကျွန်ုပ်အထင်ကြီးမိသော အဓိကအချက်မှာ သူ၏ရိုးသားပွင့်လင်းမှုပင် ဖြစ်၏''ဟူ၍ ဂုဏ်ရည်ထုတ်ပြဖွင့်ဆိုခဲ့သည်။

ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း ကလီမင့်အက်တလီက ''အောင်ဆန်းသည် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံရုံသာမက စွမ်းဆောင်နိုင်သော နိုင်ငံခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ လူနည်းစုတိုင်းရင်းသားများနှင့် ပတ်သက်၍ သူ၏ရက်ရောသော အဆိုပြုချက်များကို ထိုအချက်မှန်ကြောင်း သက်သေခံသည်။''ဟု ချီးကျူးထောပနာပြုခဲ့သည်။ ထိုဗြိတိသျှဝန်ကြီးချုပ်အက်တလီကို ဗိုလ်ချုပ်အောင်ဆန်းသည် ဘိလပ်သို့သွား၍ ၁၉၄၇ ခု၊ ဇန်နဝါရီလတွင် လွတ်လပ်ရေးကိစ္စ ဆွေးနွေးခဲ့သည်။ ထိုမှ (၉) လအကြာ၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီး (၃) လအကြာတွင် ဦးနုနှင့်အတူ သမိုင်းဝင် 'နုအက်တလီ' စာချုပ် ချုပ်ဆိုခဲ့သော ကမ္ဘာကျော်ဝန်ကြီးချုပ်တစ်ဦး၏ ချီးကျူးလေးစားခြင်း ခံရသော ဗိုလ်ချုပ်အောင်ဆန်းမှာ မြန်မာလူမျိုးတိုင်းရင်းသားများအတွက် တစ်သက်တာလုံး ကမ္ဘာ့အလယ်ဝံ့ကြွားစရာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီး၍ မြန်မာပြည် ပြန်လည်ရောက်ရှိလာသော ဗြိတိသျှဘုရင်ခံ ဆာရီဂျင်နစ်ဒေါ်မန်စမစ်သည် သူ၏ အထက်အရာရှိဖြစ်သည်။ အိန္ဒိယနှင့် ဗမာပြည်ဆိုင်ရာဝန်ကြီးပက်သစ်လောရင့်စ်ထံ ပေးပို့သော အစီရင်ခံစာတွင် ''ယနေ့ မြန်မာပြည်တွင် အောင်ဆန်းသည် အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည်ကို ကျွန်ုပ်တို့လက်ခံရပေမည်။ လူတိုင်းက သူ့ကိုယုံကြည်လေးစားကြသည်။ သူ၏ တပ်သားများသည် သူ့ကို အလွန်ကြည်ညို၍ သူခိုင်းသမျှ လုပ်ကြလိမ့်မည်''ဆိုသည့်အရာ ပါဝင်သည်။

ဗြိတိသျှစာရေးဆရာတစ်ဦးဖြစ်သော ကမ္ဘာကျော် စာရေးဆရာ ဖောရစ်ကောလစ်၏ ဗိုလ်ချုပ်အောင်ဆန်း ချီးမွမ်းခန်းက ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်။ ''၁၉၄၇ ခု၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် လန်ဒန်မြို့၌ အောင်ဆန်း–အက်တလီ စာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုခဲ့သည်။ အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် လန်ဒန်မြို့ရှိ နာမည်ကြီး 'ဒေါ်ချက်စတာ'ဟိုတယ်၌ ပါလီမန်အမတ်များ၊ သံတမန်များ စသည့်လူကြီး လူကောင်းများကို ဖိတ်လျက် ညှော်ခံပွဲတစ်ခု ကျင်းပခဲ့သည်။ ကျွန်ုပ်မြင်ခဲ့ရသည်များမှာ ''ဗမာ့သမိုင်းတွင် ၁၉၂၀ ပြည့်နှစ်၌ နိုင်ငံရေးလှုပ်ရှားမှု၊ နိုးကြားမှု မဖြစ်ပေါ်ခဲ့သော် ဗမာပြည်လွတ်လပ်ရေး ရမည်မဟုတ်။ ယခုကဲ့သို့ နိုင်ငံရေးနိုးကြားမှုဖြစ်ပေါ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ပေါ်ထွန်းလာခြင်းသည်ပင်လျှင် မြန်မာ့သမိုင်းတွင် ပြောင်းလဲမှုဖြစ်မည့် လက္ခဏာဖြစ်ခဲ့သည်''ဟူ၍ ချီးကျူးထားခဲ့ပြန်သည်။

အခြားသော ကမ္ဘာကျော် သမိုင်းဝင် ပုဂ္ဂိုလ်ကြီးပေါင်းများစွာ၏ (၃၂)နှစ်အရွယ်တွင်ကွယ်လွန်ခဲ့ရှာသော ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးဂုဏ်၊ မျိုးချစ်ဂုဏ်တို့မှာ စာအုပ်ဖြင့် မပြောနှင့်၊ စာဖွဲ့၍ မကုန်နိုင်အောင် များပြားလှသည်မှာ အားလုံးသိပြီး ဖြစ်ပါမည်။ မြန်မာနိုင်ငံအတွင်းရှိ သမိုင်းဝင် နိုင်ငံရေးသမားများသာမက ရဟန်းပညာရှိ လူပညာရှိအပေါင်းကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်အမျိုးမျိုးကို ဖော်ထုတ်ခဲ့ကြပါသည်။ ၎င်းတို့အနက် ဗိုလ်ချုပ်အောင်ဆန်း၏ ဆရာဖြစ်သော ''သခင်ကိုယ်တော်မှိုင်း''၏ အာဇာနည်ဗိမာန်ဋီကာ လေးချိုးကြီး ပါဝင်သော ''အာဇာနည်ဗိမာန် အဓိဌာန်ကုသိုလ်တော်ကြီး'' စာအုပ်ကို တစ်အုပ်လျှင် တစ်ကျပ်နှုန်းဖြင့် ဖြန့်ချိခဲ့ပြီး ရောင်းရသော အမြတ်ငွေကို ''အာဇာနည်ဗိမာန်''အတွက် ဆရာကြီးက လှူဒါန်းခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို နှမြောမိကြောင်း စာရေးဆရာကြီး ဦးထင်ဖတ်(မောင်ထင်)က မှတ်တမ်းတင်ထားသည်မှာ စိတ်ဝင်စားစရာ ပို၍ ကောင်းနေသည်။ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ခဲ့ရသည်မှာ အသက် (၃၃)နှစ်ခန့် (၃၂ နှစ်၊ ၅ လ၊ ၆ ရက်)ဟု အတိအကျ ဖော်ပြခဲ့သည်ကို ကြည့်၍ ဗိုလ်ချုပ်အောင်ဆန်းကို နှမြောနေကြောင်း ထင်ရှားပါသည်။ ထို့မျှမက ဤသို့မှတ်တမ်းတင်ထားသည်။ ဗိုလ်ချုပ်၏ အလုပ်လုပ်ပုံကိုလည်း အကျယ်ချဲ့စရာ မလို။ သူ၏ စိတ်ထဲတွင် လွတ်လပ်ရေးလုပ်ငန်းတစ်ခုတည်းကိုသာ စိုက်လိုက်မတ်တပ်စွဲ၍ နေလေရာ မိုးလင်းမှ သန်းခေါင်ကျော်အထိ သူတကာထက်ပို၍ အလုပ်လုပ်နိုင်သည်။''ဟူ၍လည်းကောင်း၊ ''ဗိုလ်

စာမျက်နှာ (၂၀) သို့ ➤ ➤ ➤

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

## ➢ စာမျက်နှာ(၁၈) စာတတ်သူတိုင်း စာဖတ်ကြဖို့မှ အဆက်

ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားခဲ့သည်။ ရည်ရွယ်ချက်ကား မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်စွာတွေးခေါ် မြော်မြင်တတ်သော ခေတ်အမြင်ခေတ်အတွေးများဖြင့် ကျင့်ကြံဆောင်ရွက်နိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်ပင် ဖြစ်ပါသည်။

''ကလေးကလေး အထင်မသေးနဲ့၊ ကလေးကနေ လူကြီးဖြစ်တာ၊ ကလေးကောင်းမှ လူကြီးကောင်းမှာ လူကြီးကောင်းမှ အားလုံးကောင်းမှာ''ဟူသော စကားအတိုင်း ကလေးတွေကိုလည်း အထင်မသေးသင့်ပါ။ ငယ်စဉ်ကတည်းက ကလေးတွေကို စာဖတ်တဲ့ အလေ့အကျင့်ဖြစ်အောင် သေချာပြုစုပျိုးထောင်ပေးရမည်။ ကလေးတွေအများဆုံးရှိနေတဲ့ စာသင်ကျောင်းများတွင်လည်း ကျောင်းစာကြည့်တိုက်များ ဖွင့်ထားပေးရန် လိုအပ်ပါသည်။ ထိုကျောင်းစာကြည့်တိုက်များတဆင့် ကလေးများစာဖတ်တဲ့ အလေ့အကျင့်များပို၍ ရှိလာပြီး နိုင်ငံအတွက် လိုအပ်ပါသည်။ ထိုအလေ့အကျင့်များမှ တဆင့် စာပေနှင့်ပညာရေးမြင့်မားပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်မှသာ အခြားသော ကဏ္ဍမျိုးစုံသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည်မှာ မုချဧကန်မလွဲပေ။ ထို့ကြောင့် စာပေဖွံ့ဖြိုးမှုနှင့် ပညာရေးမြင့်မားမှုမှာ အဓိက အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျောင်းပြင်ကလေး၊ လူငယ်များနှင့် လူကြီးများအနေနှင့်လည်း ရွှေငွေရတနာထက် တန်ဖိုးကြီးတဲ့ စာကြည့်တိုက်(ခေါ်)လူထုတက္ကသိုလ်များ ပို၍များပြားလာခဲ့ပါပြီ။ စာကြည့်တိုက်ဟူသည် ပညာဗဟုသုတလိုလားရှာမှီးသူတို့အတွက် လွတ်လပ်စွာ ရှာဖွေဖတ်ရှုမှတ်သားရာနေရာဖြစ်သလို၊ စာအုပ်စာတမ်းများထားရှိရာနေရာလည်းဖြစ်ပါသည်။ တစ်ဖန် ပညာရပ်အမျိုးမျိုး၊ ဆရာအမျိုးမျိုးကို တွေ့ရှိနိုင်သည့် ''ဘဝတက္ကသိုလ်'' သို့ ''လောကပြတင်းပေါက်များ'' ဟု ပညာရှင်များက ခေါ်ဆိုကြသည်။ လူငယ်များအနေဖြင့် ဘာသာ၊ သာသနာ၊ ဗုဒ္ဓ၊ ဓမ္မ၊ ဆေးပညာ၊ သုတ၊ ရသ၊ သမိုင်း၊ ရာဇဝင်၊ မြန်မာ့စာပေ၊ ကမ္ဘာ့စာပေနှင့် ဂန္ထဝင်ကျမ်းမျိုးစုံတို့ စုဝေးရာ ''လောကပြတင်းပေါက်'' တစ်ခုကို အနီးကပ်မြင်တွေ့ခွင့်၊ လေ့လာခွင့်၊ သိခွင့်ရလိမ့်မယ်ဆိုတာ အသေအချာဖြစ်ပေသည်။ ယခုအခါ ကလေးများအတွက် ကလေးစာပေပွဲတော်များ၊ လူငယ် စာပေဆွေးနွေးပွဲများ၊ စာဖတ်ဝိုင်းများ စသည်ဖြင့် ကျင်းပလာသည်မှာ ပို၍ကောင်း၊ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အဓိကကျနေပါသည်။ ထို့ကြောင့် ယနေ့လူငယ်များ၏ဘဝသည် လွန်စွာအရေးကြီးပြီး အလေ့အကျင့်ကောင်းများနှင့် သေချာ ပြုစုပျိုးထောင်ပေးရန် အထူး လိုအပ်ပါသည်။

''လူမျိုးတစ်မျိုးဟာ စာပေကို အထင်သေးနေရင် သိပ္ပံကိုအထင်သေးနေရင်၊ အနုပညာကို အထင်သေးနေရင်၊ ဘဝကို အထင်သေးနေရင်၊ မေတ္တာကရုဏာကို အထင်သေးနေရင်၊ ပိုက်ဆံနောက်ကိုသာ ငမ်းငမ်းတက်လိုက်နေရင် အဲဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာမဟုတ်ဘူး''ဟု ဆရာမြသန်းတင့်က ရေးသားခဲ့ပါသည်။ ''စာပေမြင့်မှ လူမျိုးတင့်မည်''ဟူသော ဆိုရိုးစကားအတိုင်း ကမ္ဘာ့အလယ်မှာ မျိုးဂုဏ်တင့်ဖို့ စာပေအဆင့်အတန်းမြင့်မားပြီး ငယ်စဉ်ကတည်းက စာဖတ်အလေ့အကျင့်ကို ပြုစုပျိုးထောင်ကာ စာတတ်သူတိုင်း စာဖတ်ကြဖို့လိုအပ်ပါသည်။ ဆရာကြီးဟောင်း ဦးတင့်ဆွေ (၁၉၀၆–၁၉၅၃)က ''လောက၌ လူမည်သည်မှာ ကိုယ်နှင့်စိတ်နှစ်ခုပေါင်းမှ လူဖြစ်လာခြင်းဖြစ်၏။ ကိုယ့်ကိုယ်ကိုယ်သာ အစာအာဟာရ ကျွေးပြီးစိတ်ကို ဗဟုသုတအာဟာရ မကျွေးဘဲထားလျှင် အကျိုးနည်းလိမ့်မယ်''ဟု ဆိုခဲ့သည်။ ပညာဗဟုသုတဟူသည် ပြည့်စုံရယ်လို့ မရှိပါ။ စာအုပ်စာပေတွေ ဖတ်တတ်၊ မှတ်တတ်တဲ့ အရွယ်ကစ၍ သေဆုံးသည့် အချိန်ထိ ဖတ်နေတာတောင် ပြည့်စုံရယ်လို့မရှိပါ။ စာအုပ်စာပေတွေ ဖတ်ရှုမှတ်သားရင်း အောင်မြင်ခဲ့ကြသူတွေ ရေတွက်လို့မရပါ။ ဥပမာ မြန်မာ့သမိုင်းမှာဆိုရင် စာအုပ်စာပေကိုတစ်စိုက်မတ်မတ်လေ့လာ လိုက်စားခဲ့လို့ ဘဝရဲ့အထွတ်အထိပ်ကို ရောက်ရှိသွားတဲ့''စာတိုညို''စသည်ဖြင့် စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးကား ကြီးမားလွန်းလှပေသည်။ ထို့ကြောင့် ''တိုင်းပြည်လူမျိုး၊ လွန်စွာ ဖွံ့ဖြိုးကောင်းကြိုးစားမှာတည်း''ဟူသော စကားအတိုင်း စာတတ်သူတိုင်း စာဖတ်ကြဖို့ လိုပါသည်။

အချုပ်အားဖြင့်ဆိုသော် စာတတ်သူတိုင်း စာအုပ်စာပေများ ရွေးချယ်ဖတ်ကြရန် လိုအပ်ပါသည်။ အသိပညာဗဟုသုတများနှင့် ပြည့်စုံကြွယ်ဝသော လူငယ်များနှင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ပါက ကမ္ဘာ့အလယ်၌ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်လိမ့်မည်ဆိုတာ အသေအချာပါ။ စာတတ်သော လူတိုင်းလူတိုင်း စာဖတ်ကြပြီး အသိဉာဏ်ပွင့်လန်းဝေဆာ၍ အမြဲတမ်းထွန်းလင်းပေးနိုင်သော မီးအိမ်ရှင်များ ဖြစ်လာရန် နိုင်ငံကို ဆင်းရဲတွင်းနက်ကြီးထဲမှ အမြန်ဆုံး ကယ်ထုတ်နိုင်မည့် နိုင်ငံသူ/နိုင်ငံသားများ ဖြစ်လာပါစေသတည်း။ ။

## ➢ စာမျက်နှာ(၁၉) မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးမှ အဆက်

ချုပ်သည် အလုပ်လုပ်ရာ၌လည်း ငါကားခေါင်းဆောင်၊ သူကားနောက်လိုက်ဟု ခွဲခြား၍လုပ်သော သဘောမရှိ၊ ဩဇာပေး၍ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ဝေပုံကျအလုပ်ကိုပင် လုပ်ခဲ့လေသည်''ဟူ၍လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းကို လေးစားမြတ်နိုးကြောင်း သူ၏ ''ဗမာ့နိုင်ငံရေး သုခမိန်''စာအုပ်တွင် ရေးသားခဲ့ပါသည်။

ဒဂုန်တာရာ (ခေါ်) ဌေးမြိုင်၏ 'အောင်ဆန်း (သို့မဟုတ်) အရိုင်း'ဟူသော ဆောင်းပါး၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဇော်ဂျီ၊ အိုးဝေ (ဦး) ညိုမြ၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၊ ဗိုလ်ချုပ်အစ်ကို အောင်သန်း၊ ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)တို့၏ စာများ၊ စာအုပ်များကို ကြည့်လျှင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီးမှာ ဗိုလ်ချုပ် အောင်ဆန်းသာလျှင် ဖြစ်ကြောင်း လေးစားမြတ်နိုးဖွယ် တွေ့မြင်ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပွင့်လင်းရိုးသားသော စကားလုံးများ၊ တစ်နည်းဆိုရသော် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင် ကမ္ဘာကျော်မိန့်ခွန်းတချို့ထက်ဝက်ကို တင်ပြလိုပါသည်။ အားလုံးသိပြီး ဖြစ်သည်။ မိန့်ခွန်းကပင် စတင်ပါမည်။ ''ဗမာတွေ စိတ်ထက်သလေးဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ရမယ့်အချိန် တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာ၊ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး''ဟူ၍ တိုင်းပြည်ကို ကရုဏာ ဒေါသောသတိပေးခဲ့သည်။

''စကားမစပ် ရိုင်းရိုင်းဆိုရရင် အတော့်ကိုပြဲအောင် ကြိုးစားနိုင်မှ လုပ်နိုင်မှ အဲဒါအတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် (၂၀) လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်။ အဲဒီလိုမဟုတ်ဘဲ ခင်ဗျားတို့ အလုပ်မလုပ်ဘဲ နေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမယ်မဟုတ်ဘူး''ဆိုပြီး တိုင်းပြည်နှင့်ပြည်သူလူထုကို အမုန်းခံပြီး ပိုးစိုးပက်စက် (ရက်ရက်စက်စက်) အကူအညီတောင်းခဲ့ရှာသော ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးအတွက် နေ့မနား၊ ညမအား လုပ်ကိုင်နေရပြီး မိသားစုစီးပွားရေးကို ရှေ့တန်းမတင်နိုင်ခဲ့ပါ။ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးပါက အေးအေးလူလူ စာရေးရန် စိတ်ကူးသေးသည်။ တပည့်များကို ပြင်ဦးလွင် (မေမြို့)လွှတ်ပြီး ဥယျာဉ်စိုက်ပျိုးလုပ်ငန်း စုံစမ်းစေပြီး ''ဗမာပြည်လွတ်လပ်ရေးရပြီ ဆိုတာနဲ့ မေမြို့က ခြံတစ်ခြံလောက်မှာ ဥယျာဉ်လေးစိုက်ပြီး မိသားစုဘဝလေးနဲ့ နေဖို့တော့ စိတ်ကူးယဉ်မိတယ်'' ဟု ဟံသာဝတီသတင်းစာကို ပြောခဲ့ဖူးသည်။ ''အစိုးရဖြစ်အောင် အတင်းအဓမ္မလုပ်လာလို့ အစိုးရဖြစ်တာ မဟုတ်ဘူး၊ တိုင်းပြည်လူထုထောက်ခံမှုနဲ့ ကျုပ်တို့အစိုးရဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့သိတဲ့တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး၊ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လို လူစားတွေလဲ၊ ရာဇဝင်မှာ အရေးခံမယ့် လူစားတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလား ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် သိပါလိမ့်မယ်'' ဟူ၍ သူ၏ အတွင်းစိတ် သဘောထားမှန်ကို မိန့်ခွန်းတွင်ထည့်သွင်းမိန့် ကြားရင်း နိုင်ငံရေးလုပ်မည့် အစိုးရများကို ဆုံးမသွားခဲ့သည်။

ပင်လုံမြို့ရှိ ပင်လုံညီလာခံတွင် ''တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအားငွေအား ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ မြန်မာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲအပြားပြား လုပ်နေကြရင်းဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်ကြမယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်'' ဟူ၍ပြည်ထောင်စုအားနှင့် လွတ်လပ်ရေး ရယူကြရန် တိုင်းရင်းသားခေါင်းဆောင်တွေကို စည်းရုံးခဲ့ပါသောကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်အပေါ်ထားသော စိတ်ရင်းစေတနာအမှန်ကို မြင်နိုင်ပါ၏။ ထို့ကြောင့်ပင်လျှင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ နံနက် (၁၀)နာရီခန့်တွင် သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို ရေးထိုးနိုင်ခဲ့ပြီး လွတ်လပ်ရေးရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိမှာ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူအများ သိရှိကြပြီးဖြစ်၍ မတင်ပြတော့ပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားထိုက်သော၊ အတုယူထိုက်သော ကိုယ်ကျင့်တရား၊ တိုင်းပြည်အပေါ်ထားသော စေတနာတို့မှာ စာရေးသား၍ မကုန်နိုင်ပါပေ။ ယခုအခါ ဖေဖော်ဝါရီလ (၁၃)ရက်နေ့၊ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ''မြန်မာကလေးများနေ့'' အဖြစ် သတ်မှတ်ပြီး ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြော ပြိုင်ပွဲများ၊ အားကစားပွဲများ၊ စာအုပ်အရောင်းပွဲများ၊ ပြပွဲများကို နှစ်စဉ်မြို့တိုင်း ရွာတိုင်းကျင်းပနေပါသည်။ ဤဗိုလ်ချုပ်မွေးနေ့ ''မြန်မာကလေးများနေ့''တွင် ကလေးသူငယ်များ၏ ရင်တွင်းမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ မွေးပေးကြရင်းဗိုလ်ချုပ်အောင်ဆန်းလို မြန်မာနိုင်ငံကသာမက ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၊ ကမ္ဘာကျော် ပညာရှိကြီးများကပင် တသသချီးမွမ်းအားကျရသော သူမျိုး ဖြစ်ချင်စိတ်များ မွေးထုတ်ပေးရန် ကြိုးစားလျက် ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးများကို ဝိုင်းဝန်းဆပ်ကြပါစို့ဟု ဆန္ဒပြုရေးသားရပေသည်။

❒

**''တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား ငွေအား ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ မြန်မာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း တို့က တခြား အကွဲကွဲ အပြားပြား လုပ်နေကြရင်းဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်း လုပ်ကြမှသာ အကျိုးရှိနိုင်ကြမယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်''**

■ ကျော်ကျော်လင်း(ရှမ်းပြည်)

# ပင်လုံညီလာခံမှ အစပြုသည်





မြန်မာ့ရေ၊ မြန်မာ့မြေများတွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ရှေးနှစ်ပေါင်းများစွာသော ကာလများစွာမှ စတင်၍ ချစ်ခင်ရင်းနှီးစွာဖြင့် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်လာခဲ့သည့် သွေးသားရင်းချာများဟုဆိုလျှင် မမှားချေ။ ပဒေသရာဇ်ခေတ်များအတွင်း ရံဖန်ရံခါ အုပ်စိုးသူ ပဒေသရာဇ်များ အချင်းချင်းပြိုင်ဆိုင်မှုများကြောင့် ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားလေ့ရှိသော်လည်း ပြည်သူများအနေဖြင့် ထိုသို့အထင်အမြင် လွဲမှားမှုများနှင့် ပဋိပက္ခများကို ရှောင်ရှားနိုင်ခဲ့သည်။ ပြည်သူအချင်းချင်းမှာမူ စည်းလုံးညီညွတ်မြဲ၊ ချစ်ခင်ရင်းနှီးမြဲဖြင့်သာ နေထိုင်ခဲ့သည်။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့က ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ သက္ကရာဇ် ၁၈၂၄ တွင်တစ်ကြိမ်၊ ဒုတိယအင်္ဂလိပ်မြန်မာ စစ်ပွဲသက္ကရာဇ် ၁၈၅၂ တွင်တစ်ကြိမ် အကြောင်းပြချက်များဖြင့် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ခြင်းကြောင့် တနင်္သာရီကမ်းမြောင်ဒေသ၊ ရခိုင်ဒေသတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသလို၊ အောက်မြန်မာနိုင်ငံတစ်ခုလုံးကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုသို့ အခြေအနေများတွင် လောဘတက်နေသော နယ်ချဲ့ကိုလိုနီများသည် လောဘမသတ်နိုင်ဘဲ သူတို့၏ အစီအစဉ်များဖြင့် ဆက်လက် အကောင်အထည်ဖော်ခြင်းဖြင့် ၁၈၈၅ ခုနှစ်တွင် ကျန်ရှိနေသေးသည့် အထက်မြန်မာပြည်ကို ၁၈၈၅ ခုနှစ်တွင် အပြီးသတ်သိမ်းပိုက်ကာ မြန်မာတစ်ပြည်လုံး ကိုလိုနီအဖြစ်သို့ ကျရောက်သွားရသည်။ မြန်မာနိုင်ငံကို ကျူးကျော်စစ်ပွဲ (၃)ကြိမ် ဆင်နွှဲသည့် ကာလများတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများကလည်း သွေးစည်းညီညွတ်စွာဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် လက်နက်အင်အားမမျှတမှု၊ စစ်ပွဲနည်း ပရိယာယ်မကြွယ်ဝမှု စသည့် ဘက်ပေါင်းစုံ အားနည်းမှုများကြောင့် ဗြိတိသျှတို့၏ သိမ်းပိုက်မှုကို ခံလိုက်ရသည်။ ဗြိတိသျှ လက်အောက်သို့ မြန်မာတစ်ပြည်လုံးကျရောက်သွားသည့် ကာလမှ ဆယ်နှစ်တိုင်တိုင် တိုင်းရင်းသားများအားလုံးက ဆူပူပုန်ကန်ကြသည်။ လက်နက်ကိုင် တော်လှန်ရေး ကြာညောင်းလာသောအခါတွင် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများသည် တောတောင် ထူထပ်ရာဒေသများသို့ ဆုတ်ခွာပြီး ခုခံတိုက်ခိုက်ကြခြင်းကြောင့် တော်လှန်ရေးသည် တောမီးပမာ ပြန့်နှံ့သွားပြီး အင်္ဂလိပ်တပ်များသည် အိန္ဒိယမှတပ်ကူများ ခေါ်ယူပြီး နှိမ်နင်းရသည်မှာ ဆယ်နှစ်မကကြာမြင့်ခဲ့သည်။ လက်နက်ကိုင် တော်လှန်ရေး ငြိမ်သက်သွားသော်လည်း နယ်ချဲ့ဆန့်ကျင်ရေးသည် နိုင်ငံရေးအသွင်သို့ ကူးပြောင်းသွားသည်။

၁၈၉၇ ခုနှစ်ခန့်မှ စတင်၍ မြန်မာပြည်ရှိ အချို့သော မြို့ကြီးများတွင် ဗုဒ္ဓဘာသာအဖွဲ့အစည်းများကို စတင်ဖွဲ့စည်းလာသည်။ ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် ဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဂျီစီဘီအေ အသင်းချုပ်ကြီးကိုဖွဲ့စည်း တည်ထောင်ကာ ဆုံးရှုံးသွားသော အမျိုးသား လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ကြိုးပမ်းကြပြန်သည်။ ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ရပ်တည်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်နေ့တွင် စတင်ဖြစ်ပွားသော တောင်သူလယ်သမားများ၏ လက်နက်ကိုင် တော်လှန်ရေးကြီးမှာ ထင်ရှားလှသည်။ ၁၉၃၀ ပြည့်နှစ် နောက်ပိုင်းတွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာပြီးလျှင် တို့ဗမာအစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ နိုင်ငံရေးတိုက်ပွဲများဖြင့် နယ်ချဲ့တို့ကို တိုက်ခိုက်ကြသည်။ ၁၃၀၀ ပြည့် အလုပ်သမား၊ တောင်သူလယ်သမားအရေးတော်ပုံကြီးသည် ဗြိတိသျှနယ်ချဲ့တို့ကို အကြီးအကျယ် ထိခိုက်စေသော နိုင်ငံရေးအုံကြွမှုကြီးပင် ဖြစ်ပေသည်။

၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဖက်ဆစ်ဂျပန်များ၏ လက်အောက်သို့ကျရောက်သွားပြန်သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဗမာ့တပ်မတော်နှင့် ဖဆပလ အဖွဲ့ချုပ်ကြီးတို့က တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ဦးဆောင်ကာ တိုင်းရင်းသားပြည်သူအားလုံး၏ ရန်သူဖြစ်သော ဂျပန်ဖက်ဆစ်များကို လက်နက်ကိုင်တော်လှန်ကြသည်။ ဤတော်လှန်ရေးတွင် တိုင်းရင်းသားအားလုံး ညီညွတ်စွာ ပါဝင်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်နှစ်သောင်းကျော်ကို သုတ်သင်၍ သုံးရာကျော်ကို သုံ့ပန်းအဖြစ် လက်ရဖမ်းဆီးနိုင်ခဲ့သည်။ လက်ဖနင်တင်ဂျင်နရယ် တစ်ဦးနှင့်မေဂျာဂျင်နရယ် နှစ်ဦး ပါဝင်သော အမှတ် ၅၄ နံပါတ်ဂျပန် စီစီဖံတပ်ကြီးတစ်ခုလုံးကို ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းပစ်ခဲ့သည်။

ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင်တိုင်းရင်းသားအားလုံးတို့သည် ဗြိတိသျှလက်အောက်မှ လုံးဝလွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံရေးတိုက်ပွဲများကို ဆင်နွှဲကြပြန်သည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ရှမ်း၊ ကချင်နှင့် ချင်းတောင်တန်းဒေသတို့ကို ဆက်လက်သိမ်းသွင်းခဲ့ပြီး ၎င်းဒေသတို့တွင် ဗြိတိသျှတို့ ကြီးကြပ်မှုဖြင့် အစဉ်အလာ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ထားရှိခဲ့သည်။ ဗြိတိသျှတို့သည် တိုင်းရင်းသားများနေထိုင်ရာ တောင်တန်းဒေသများကို မတိုးတက် မဖွံ့ဖြိုးသော ဒေသများ (Backward Traets)၊ ချွင်းချန်ဒေသများ (Excluded Areas) ဇယားဝင်ဒေသများ (Scheduled Areas) စသည်ဖြင့် အမည်အမျိုးမျိုးပေးကာအဆင့်အတန်း သတ်မှတ်သကဲ့သို့ အုပ်ချုပ်ရေးတွင် မြန်မာပြည်မနှင့် ခွဲခြားအုပ်ချုပ်ခဲ့သည်။ ထိုသို့ တောင်တန်းဒေသနှင့် မြန်မာပြည်မ ခွဲခြားအုပ်ချုပ်ခဲ့သဖြင့် ၁၉၂၃ ခုနှစ်တွင် ဗြိတိသျှတို့ မြန်မာပြည်မကို ပေးအပ်ခဲ့သည်။ ဒိုင်အာခီခေါ် ပူးတွဲတာဝန်ခံ အုပ်ချုပ်ရေးကိုသော်လည်းကောင်း၊ ၁၉၃၅ မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေအရ ၁၉၃၇ တွင် မြန်မာပြည်မ၌ ကျင့်သုံးခဲ့သည်။ ၉၁ ဌာနအုပ်ချုပ်ရေးကိုလည်းကောင်း၊ တောင်တန်းဒေသများ မခံစားကြရဘဲ တောင်တန်းဒေသများသည် ပဒေသရာဇ်နွံအတွင်း၌သာ ကျင်လည်နေခဲ့ရသည်။ ဤသို့ဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး စနစ်မတူသည့် ဒေသနှစ်ခုတွင် နေကြသည့် ပြည်မသားနှင့် တောင်တန်းသားများအကြား နိုင်ငံရေး၊ ယဉ်ကျေးမှုအမြင် ကွဲပြားလာခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံတွင် ပထဝီနိုင်ငံရေးအရ လူမျိုးကိုယ်စီ ဒေသသီးခြားနေထိုင်ခဲ့သည့် တောင်တန်းသားနှင့် မြေပြန့်သားတို့အကြား အုပ်ချုပ်ရေး ခွဲခြားသည့်အပြင် သွေးခွဲရေးစနစ်ကိုပါ ကျင့်သုံးသည့်အတွက်တောင်တန်းသားနှင့် မြေပြန့်သားများအကြား သွေးကွဲမှုများ ရှိလာကာ အချင်းချင်း သံသယစိတ်များ ပေါ်ပေါက်ခဲ့ရသည်။ ဗြိတိသျှတို့ ပြဋ္ဌာန်းထားသည့် နယ်ခြားဖြတ်သန်းရေး ဥပဒေ (Froniter Crossing Regulation)ကြောင့် တစ်နယ်နှင့်တစ်နယ် ကူးသန်းသွားလာရာတွင် အဟန့်အတားဖြစ်သည် သာမက တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံခွင့် မရသည့်အတွက်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း တားဆီးရာ ရောက်စေခဲ့သည်။ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအရာရှိကြီး တစ်ဦးဖြစ်ခဲ့သူ ဖာနီဗယ်လ် (J.s Furnivall)က ဗြိတိသျှတို့၏ အုပ်ချုပ်ရေးသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို လုံးဝအားမပေးကြောင်း၊ ကျဉ်းမြောင်းသော လူမျိုးစုစိတ်၊ သီးခြားနေလိုသော စိတ်၊ သံသယစိတ်ပွားများစေရန် သွေးထိုးပေးကြောင်း၊ တောင်တန်းသားတို့ကို ဗမာတို့နှင့် ခွဲခြားရုံသာမက၊ တောင်တန်းသားအချင်းချင်းကိုပင် လူမျိုးစုအလိုက် တသီးတခြား အကွဲကွဲအပြားပြား ရှိစေခဲ့ကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဗြိတိသျှတို့ လက်အောက်ကျရောက်ခဲ့ရသည့် မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ၁၉၃၉ ခုနှစ်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်မီး တောက်လောင်ချိန်၌ ဗြိတိသျှတို့ စစ်ဒဏ်ကို အလူးအလဲ ခံနေရရာ မြန်မာပြည်သူတို့က ဤအချိန်သည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် အခွင့်အခါကောင်း တစ်ရပ်ဟု ယူဆခဲ့သည်။ မြန်မာမျိုးချစ် လူငယ်တို့သည် ''အင်္ဂလိပ်အခက် ဗမာအချက်''ဟု ကြွေးကြော်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆထက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်၏ အကူအညီရယူကာ အင်္ဂလိပ်တို့ကို မြန်မာ့မြေမှ တိုက်ထုတ်ခဲ့သည်။ သို့သော် မြန်မာတို့အား နိုင်ငံရေးအရ ဖိနှိပ်အုပ်ချုပ်ခြင်း၊ စီးပွားရေးအရ သွေးစုပ်ခြင်း၊ လူမှုရေးအရ ချိုးနှိမ်ခြင်းများ ပြုလုပ်လာသည့် ဖက်ဆစ်များကို မြန်မာပြည်သူအပေါင်းက မုန်းတီးခဲ့သည်။ ဖ.တ.ပ.လ အဖွဲ့မှ ဦးဆောင်သည့်မြန်မာပြည် အရပ်ရပ်မှ တိုင်းရင်းသား ပြည်သူများကို မြန်မာ့တပ်မတော်မှ ဦးဆောင်ပြီး တော်လှန်ရေးအင်အားစုအဖြစ် စုစည်းလျက် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို တိုက်ထုတ်ခဲ့ပါသည်။ မဟာမိတ်တပ်များကို ဆက်သွယ်ပြီး အကူအညီ ရယူခဲ့ခြင်းဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးအပြီး မေလ ၃ ရက် ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှတပ်များကရန်ကုန်မြို့

စာမျက်နှာ (၂၃) သို့ ➤ ➤ ➤

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

■ နွန်းနွန်းနော်(ဇမ္ဗူသီဟ)

# အချစ်ဆိုသည်မှာ



ကျွန်မရဲ့ ရုံးခန်းက အလွန်စည်ကားတဲ့ မြို့နယ်တစ်ခုမှာပါ။ မြို့ကြီးတွေရဲ့ ထုံးစံအတိုင်း အောက်ဆုံးထပ် မြေညီဆို ဝင်လွယ်ထွက်လွယ်ပြီး မြန်မာရပ်ကွက်ဆိုတော့ ရင်းနှီးခင်မင်ကြတယ်။ တစ်နေ့မှာ ခေါင်းရင်းခန်းက ၇၀ ကျော် အမေကြီးက ငိုကြီးချက်မနဲ့ ရုံးခန်းထဲ ဝင်လာပါတယ်။ သူ့ချွေးမက သူ့ကိုကော်ဖီမစ် ခိုးသောက်တယ်လို့ မဟုတ်တမ်း စွပ်စွဲပြောဆိုပါသတဲ့ သားဖြစ်သူကလည်း မလိမ္မာဘူး။ ချွေးမနဲ့ တစ်လေသံတည်း။ အမေကြောင့် ကျွန်တော်အပြောအဆို ခံရတယ်ဆိုပြီး ရန်တွေ့ပါတယ်တဲ့။

အမေကြီးနဲ့အတူ သားချွေးမသုံးနှစ်အရွယ် မြေးလေးတို့ အတူနေကြပါတယ်။ အပေါ်သုံးထပ် ၆ လွှာ အခန်းလည်း အမေကြီးပိုင်ပြီး ငှားစားတာ တစ်လသုံးသိန်းခွဲပါ။ ပင်စင်က တစ်သိန်းနှစ်သောင်းပါ။ တစ်လဝင်ငွေ ငါးသိန်းနီးပါးဆိုတော့ စားနိုင်သောက်နိုင် လှူဒါန်းနိုင်ပါတယ်။ သားဖြစ်သူက ကုမ္ပဏီတစ်ခုမှာ အရေးပါတော့ လစာလည်း ကောင်းပါတယ်။

ရန်ကုန်လူစည်ကားရာ အောက်ဆုံးထပ်ဆို တန်ဖိုးရှိတယ်။ (၁၅' ထ ၅၀'')ခန်းက ရောင်းရင် သိန်း ၁၂၀၀ ဝန်းကျင်ပါ။ ဈေးဆိုင်ဖွင့်ဖို့ တစ်ပိုင်းလေးငှားရင်တောင် တစ်လ ၂ သိန်းတော့ အနည်းဆုံးရပါတယ်။ သူ့ချွေးမလေးက ဆိုင်ဖွင့်ချင်တယ်ဆိုလို့ အိမ်ရှေ့တစ်ပိုင်းကို ဖွင့်ခွင့်ပြုထားပါတယ်။ အိမ်ရှေ့မှာ ကော်ဖီမစ်အစ စီးကရက်အဆုံး မုန့်ပဲသွားရည်စာရောင်းပါတယ်။ ရောင်းအားကလည်းကောင်း၊ ကျွန်မကြည့်နေတာ အရောင်းရဆုံးက စီးကရက်ရယ်၊ ဆေးလိပ်ရယ်ပါ။

ရန်ကုန်မြို့တော်က ရှေ့ကနဲ့မတူ လူထူထပ်ပြီး ကားလမ်းကလည်း အမြဲပိတ်နေသလိုပဲ။ လူဦးရေက ရှစ်သန်းပါ ပြောင်းရွှေ့က နှစ်သန်း စုစုပေါင်းတစ်ဆယ်သန်းပါ။ ဒါကြောင့် တစ်နိုင်ငံလုံး လူဦးရေရဲ့ ငါးပုံတစ်ပုံဟာ ရန်ကုန်တိုင်းမှာ မှီတင်းနေထိုင်ကြပါသတဲ့။ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား သုံးစွဲမှုရဲ့ ထက်ဝက်ကိုလည်း သုံးစွဲနေရတော့ လျှပ်စစ်မီးဆို ထိန်ထိန်ညီးပါပဲ။

အမေကြီးအကြောင်း ဆက်ပါရစေ။ အမေကြီးက သူ့အိမ်လည်းနေသေး တစ်ဖက်စောင်းနင်း စွပ်စွဲတာဖြေမဆည်နိုင်ဖြစ်နေပါတယ်။ ဒီပြင် အကြောင်းကိစ္စလည်း ရှိပါတယ်။ အမေကြီး မခိုးဘူးဆိုတာ ကျွန်မကောင်းကောင်း သိပါတယ်။ ကျွန်မမှာ အမေကြီးကိုသနားပြီး စိတ်ထဲမကောင်းနိုင်တော့ပါ။ မိဘကို နင်ပဲငဆ ပြောမိရင် ကျောက်တုံးကြီး ခေါင်းနဲ့ဆောင့်သလိုပဲ ဖြစ်မှာလေ။ မိအို ဘအိုဆိုတာ တန်ဖိုးမဲ့လို့ မယူဆသင့်ဘူး။ အိုပေမယ့် သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ မိဘကို ဘယ်ညာပခုံးပေါ်တင်ပြီး မပြတ်လုပ်ကျွေးလည်း ကျေးဇူးဂုဏ်ဆပ်မကုန်နိုင်တဲ့အကြောင်း၊ ဂါရဝနိဝါတကို ရှေ့တန်းတင်ရမယ်ဆိုတဲ့ ဆရာတော်ကြီးတွေရဲ့ တရားတော်ဟာ စာအုပ်နဲ့ ရုပ်မြင်သံကြားထဲမှာပဲ ရှိနေပါတယ်။

မိဘကို နင်ပဲငဆ ပြောမိရင် ကျောက်တုံးကြီး ခေါင်းနဲ့ ဆောင့်သလိုပဲ ဖြစ်မှာလေ။ မိအို ဘအိုဆိုတာ တန်ဖိုးမဲ့လို့ မယူဆသင့်ဘူး။ အိုပေမယ့် သူ့တန်ဖိုးနဲ့ သူ ရှိပါတယ်။ မိဘကို ဘယ်ညာ ပခုံးပေါ်တင်ပြီး မပြတ် လုပ်ကျွေးလည်း ကျေးဇူးဂုဏ် ဆပ်မကုန်နိုင်တဲ့အကြောင်း၊ ဂါရဝနိဝါတကို ရှေ့တန်းတင်ရမယ်ဆိုတဲ့ ဆရာတော်ကြီးတွေရဲ့ တရားတော်ဟာ စာအုပ်နဲ့ ရုပ်မြင်သံကြားထဲမှာပဲ ရှိနေပါတယ်။

မြတ်စွာဘုရားသာသနာတော်မှာ အရှင်မဟာ မောဂ္ဂလာန်မထေရ်ကြီးဟာ တန်ခိုးအရာမှာ အသာဆုံးတေဒဂ်ဖြစ်ပါတယ်။ အတိတ်ဘဝက အဂ္ဂသာဝကဆုပန်ပြီး ပါရမီရှိသူဖြစ်ပေမယ့် ကာမရာဂအလို ဆန္ဒက မရုန်းထွက်နိုင်လို့ မယားဂုံးချောစကားနဲ့ မိအိုဘအိုကိုသတ် အလောင်းကို တောထဲစွန့်ပစ်ထားခဲ့ပါတယ်။ ဒီအကုသိုလ်ကံကြောင့် သာဝလောင်းလျာပေမယ့် နှစ်များစွာ ငရဲကျတယ်။ ငရဲကလွတ်လာပေမယ့် ဘဝများစွာ လူများရဲ့အသတ်ကို ခံခဲ့ရပါတယ်။ နောက်ဆုံးဘဝမှာ အဘိညာဉ်တန်ခိုးရှိ ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ တန်ခိုးရှင်ဆိုတော့ ခိုးသားဓားပြက ရန်ပြုပေမယ့် ပထမတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်မှာ ရှောင်တိမ်းနိုင်ခဲ့ပါတယ်။ တတိယတစ်ကြိမ်မှာ အတိတ်အကုသိုလ်ကံကြီးကြောင့် ရှောင်လွှဲမရနိုင်ဘဲ၊ ခိုးသားဓားပြတွေ ရိုက်နှက် နှိပ်စက်သတ်ဖြတ်တာခံရပြီး ပရိနိဗ္ဗာန်စံတော်မူရပါတယ်။

သာဝကကြီးတောင် ဒီလောက်ခံရတာ သာမန် ပုထုဇဉ်ဆိုတာ ကြာလာတော့လည်း မယားစကားကို မစိတ်မွန်ပြီး မိဘကိုစော်ကားမော်ကား လုပ်တတ်ကြပါတယ်။ တောင်ကိုသာ ကျော်လို့ ရနိုင်ပါတယ်၊ မိဘဆိုတဲ့တောင်ကို ကျော်လို့ မရနိုင်ပါဘူး။ တူသောအကျိုးကို မိနစ်မဆိုင်း ပြန်ခံရတတ်ပါတယ်။

ကျွန်မမှာ တွေးစရာတွေ ကြုံနေရတတ်ပါတယ်။ ကျွန်မတို့ ဘိုးဘေးမိဘလက်ထက်က စပြီး ကျွန်မတို့အပါအဝင် အချစ်ရဲ့ အရသာကို ခံစားဖူးကြတယ်။ အချစ်ဆိုသည်မှာ ကြည်နူးခြင်း၊ အေးချမ်းခြင်းဆိုပေမယ့် စိတ်မချမ်းမြေ့မှုကိုလည်း ကြုံရတတ်ပါတယ်။ အခု ချစ်ပေမယ့် နောင်ချစ်ချင်မှချစ်မယ်၊ အခုမချစ်ပေမယ့် နောင်ချစ်ချင်ချစ်မယ်၊ ဒါလည်း အချစ်ရဲ့ဥပဒေသတစ်ခုပါ။

ကမ္ဘာတည်သရွေ့ ယောက္ခမချွေးမယောက်မဆိုတာ ရှိနေရဦးမှာပါ။ လောကနိယာမပါ။ မိသားစုထဲကို ချွေးမသားမက်ဝင်လာရင် ယောက္ခမဖြစ်သူများဟာ မလိုအပ်ရင် မမြင်ချင်မကြားချင်ယောင်ဆောင်ရပါမယ်။ ယောက္ခမတွေကိုယ်တိုင်က ချွေးမသားမက် ဖြစ်ခဲ့ဖူးတော့ သားသမီးတွေဘယ်ကိုခြေလှမ်းရင် ဘယ်စခန်းဆိုက်မှန်းတယ်ဆိုတာသိနှင့်ပြီးဖြစ်ပေမယ့် နေရာတကာဆင်ခြင်တတ်မှ သဟဇာတဖြစ်ပါမယ်။ ချွေးမကို မိတ်ဆွေကောင်းသဖွယ် ဆက်ဆံသင့်ပါတယ်။

ကျွန်မတို့ သားရင်းသမီးရင်းနှင့် ပြောဆိုရင် အရင်က တုတ်ထိုးအိုးပေါက် အပြောမျိုးကျင့်သုံးခဲ့ပေမယ့် အခုအချိန်မှာစိတ်အခန့်မသင့်တိုင်း ဆူပူနေရင် ချွေးမသားမက်က သူတို့ကို ရည်ရွယ်လေသလားလို့ ယူဆနိုင်ပါတယ်။ အလိမ္မာသုံးပြီး ကျိုးကြောင်း ညီညွတ်စွာ မပြောဆိုတတ်ရင် လုံးဝမပြောပါနဲ့။

ဒီ စာရေးနေတုန်း လေလှိုင်းသံက ဝိုင်းစုရဲ့ ချစ်တာအမှားဆိုတဲ့ တေးပျံ့လွင့်လာနေပါတယ်၊ တစ်နေ့ အသဲကွဲမယ်ဆိုတာ သိပါတယ်တဲ့။ ခြေရင်းခန်း မိသားစုက ဆရာမလေးကို ညွှန်းဆိုသကဲ့သို့ပါ။ ဆရာမလေးက သူ့ချစ်သူနဲ့ ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ပြီး မကြာနှောင်းခင်မှာ ဆရာမလေးလာပြောလို့ သိရပါတယ်။ ယောက္ခထီးကဆိုးတယ်တဲ့။ အတ္တကြီးတဲ့အဒေါ် အပျိုကြီးသုံးယောက်ရှိတဲ့မိသားစုပါတဲ့။ ခွဲစားပါဆိုလို့ မိုးမလင်းခင် လင်သားအတွက် ချက်ပြုတ်ပေးတယ်၊ ဦးဦးဖျားဖျား ယောက္ခမအတွက် စားပွဲပေါ်တင်ပေးခဲ့တယ်။ အိမ်သန့်ရှင်းရေးလုပ်ပြီး တစ်ခါတစ်ရံ ကျောင်းချိန်အမီ ရေမချိုးရဘဲ ပြေးသွားရတဲ့နေ့တောင် ရှိနေပါသတဲ့။ သီတင်းကျွတ်တုန်းကလည်း မိဘနဲ့အဒေါ်တစ်ယောက်စီ လူကုန်ဝယ်ချမ်းပြီး ကန်တော့ခိုင်းပါသတဲ့။ ဆရာမလေးအမေ ဆေးရုံတက်တော့လည်း တစ်ယောက်မှသတင်းမေးမသွားဘူးတဲ့။

တစ်ဦးတည်းသော သားမို့လည်းအဒေါ်အပျိုကြီးတွေရဲ့အသဲပါတဲ့။ အဒေါ်တွေရဲ့စကားတစ်ခွန်းပါပဲတဲ့။ သားလိမ္မာရတာ ဆရာမလေးက ကံကောင်းတယ်လို့ ကျွန်မယူဆနေတာ အများအားဖြင့်လည်း သားလိမ္မာတွေဟာ ဇနီးမယားအပေါ်လည်း နွေးထွေးကြင်နာတတ်ကြပါတယ်။ တူနှစ်ကိုယ်တဲအိုပျက်မှာ နေရတာသည် ပဓာနဆိုတာ သီချင်းထဲမှာပဲ ရှိတယ်။

စာမျက်နှာ (၂၃) သို့ ➤ ➤ ➤

## ➢ စာမျက်နှာ(၂၂) အချစ်ဆိုသည်မှာမှ အဆက်

မိန်းမနှင့် ယောကျ်ားနှစ်ဦးသားပေါင်းသင်းဖို့ အချစ်တစ်ခုတည်းနဲ့မရနိုင်ဘူးဆိုတာ သိတဲ့အချိန်အရမ်းကို နောက်ကျနေပါပြီတဲ့။ စာကျက်ဝိုင်းကိုလည်း ကျောင်းဆင်းပြီး တာဝန်ယူသေးတော့ အိမ်ပြန်ချိန် နောက်ကျတာလည်း မကြည်ကြဘူးတဲ့။ ဝိုင်း မသင်ပါနဲ့လားဆိုတော့ ဆရာမက သူပိုက်ဆံ နည်းနည်းစုချင်တယ်၊ သူ့မိဘကိုလည်း သူ့ပညာနှင့် ကန်တော့ချင်ပါသေးတယ်တဲ့။

သူ့ယောကျ်ာမအိမ်က နောက်နှစ်လမ်းကျော်မှာ အောက်ထပ် နှစ်ခန်းစာစတိုးဆိုင်ကြီးဖွင့်ထားတယ်။ တော်တော်ချမ်းသာကြပါတယ်။ အရောင်းဝန်ထမ်း သုံးယောက်နှင့် အဒေါ်တွေကြီးကြပ်၊ ဆရာမယောကျ်ားက ငွေရှင်းကောင်တာထိုင်ပါတယ်။

ဇာတ်လမ်းကစပါပြီ။ ဆရာမကို အလုပ်ထွက်ခိုင်းပြီး ဆိုင်ကိုဦးစီးပါတဲ့။ ဝိုင်းမသင်ဘဲ ညနေပိုင်း ဆိုင်ထိုင်ပေးမယ်ဆိုလည်း မဟုတ်ပြန်ဘူး။ အလုပ်ထွက်ဖို့ပဲ ဖိအားပေးနေပြန်တယ်။ မိဘသင်ပေးထားတာ ဘွဲ့နှစ်ခု၊ ဝါသနာပါတဲ့ ဆရာမဘဝကိုလည်း မစွန့်နိုင်ဆိုတော့ ရှေ့တိုးလည်းထပ်းပိုးနောက်ဆုတ်လည်းလှည်းတုတ်ဖြစ်နေပါတယ်။

အိမ်ထောင်ပြုဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင်ဆိုတဲ့ ပညာရှိစကားအမြင်နဲ့ အိမ်ထောင်ရေးကို လွယ်လွယ်ဆုံးဖြတ်ခဲ့တော့ ပြဿနာက တစ်နေ့တစ်မျိုး မရိုးရအောင်ပါ။

ဆရာမလေးက "သမီးကို သူ့ဘဝထဲခေါ်ပြီး နှိပ်စက်တယ်။ သမီးဘဝက အခုဘယ်အခန်းကဏ္ဍမှာ ပါနေမှန်းမသိတော့ဘူး။ သူက အေးဆေးနေသလောက် သမီးဘယ်လိုမှ မခံစားနိုင်တော့ဘူး"ဆိုပြီး အိမ်ပေါ်က အပြီးဆင်းလာပါတယ်။ တလောက ညှိနှိုင်းဖို့ခေါ်ပါတယ်တဲ့။ ဆရာမက လက်မခံတော့ဘူး ကွာရှင်းစာချုပ် လက်မှတ်ထိုးလိုက်ကြပါပြီ။

ကျွန်မက စာတစ်ပုဒ်ဖတ်ဖူးပါတယ်။ နည်းနည်းချစ်ရင်ဆေးဖြစ်တယ်၊ များများချစ်ရင်ဘေးဖြစ်တယ်၊ အသက်ပေးချစ်ရင် ခွေးဖြစ်မယ်တဲ့။ ဘယ်အချစ် ပါရဂူကရေးထားလည်းမသိပါ။ သူရေးတာမှန်သင့်သလောက်မှန်နေပါတယ်။

ဗုဒ္ဓမြတ်စွာသိဂါလောဝါဒသုတ်မှာ ဟောကြားတော်မူတဲ့ သားသမီးဝတ်၊ မိဘဝတ်၊ မယားကျင့်ဝတ်၊ လင်ကျင့်ဝတ်တို့ကို မှတ်သားပြီး အထူးလိုက်နာကြရင်တော့ အိမ်တွင်းစစ်မီးခင်းတာတွေ ဖြစ်ပွားမယ်မထင်ပါ။ နောက်ပြီး ကျွန်မကြားဖူးတဲ့ ကုသိုလ်အထူးထပ်လုပ်စရာမလိုဘဲ နတ်ပြည်ရောက်တဲ့ ပုဂ္ဂိုလ်သုံးမျိုးရှိပါတယ်တဲ့။ ရဟန်း၊ မင်းနဲ့ အိမ်ထောင်သည်ဇနီး ဖြစ်ပါတယ်။ ရဟန်းတော်ကလည်း မိမိဝိနည်းသိက္ခာပုဒ်သီလ ဘာဝနာကို စောင့်ထိန်း၊ မင်းဖြစ်သူကလည်း မင်းကျင့်တရားဆယ်ပါးနဲ့အညီ မင်းကျင့်ဝတ်ကိုစောင့်ထိန်း၊ အိမ်ထောင်သည် ဇနီးလည်း မယားကောင်းတို့ရဲ့ကျင့်ဝတ်ကို စောင့်ထိန်းလျှင် ပြီးတော့ သည်ကုသိုလ်အထူးလုပ်ရန် မလိုပြီတဲ့။ ။

❒

## ➢ စာမျက်နှာ(၂၁) ပင်လုံညီလာခံ အစပြုသည်မှ အဆက်

ကို သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့်အုပ်ချုပ်ခဲ့သည်။ စစ်အုပ်ချုပ်ရေး ကာလအတွင်း ဗြိတိသျှအစိုးရသည် ၁၇ မေ ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေး မူဝါဒသဘောထား ကြေညာချက်ဖြစ်သည့် စက္ကူဖြူ စာတမ်းကို ထုတ်ပြန်ခဲ့သည်။ စက္ကူဖြူ စာတမ်းပါဗြိတိသျှတို့၏ လျာထားချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအဆင့်အတန်းကို ဒုတိယကမ္ဘာစစ် မဖြစ်မီ အခြေအနေထက် များစွာနိမ့်ကျနေပြီးမြန်မာပြည်သူတို့ မျှော်မှန်းထားသည့် လွတ်လပ်ရေးနှင့်လည်း အလှမ်းကွာဝေးနေပါသည်။ ထို့ပြင် ဗြိတိသျှတို့က မြန်မာပြည်မကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရသည့်တိုင်အောင် တောင်တန်းဒေသများကို ချန်ထားလိုသည့် သဘောထားမှာ ထင်ရှားပေါ်လွင်နေသည်။ လွတ်လပ်ရေး လိုချင်သည့် ဆန္ဒပြင်းပြနေသည့် မြန်မာပြည်သူတို့သည် စက္ကူဖြူစာတမ်းကို မနှစ်သက်ကြပေ။

မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ရန် ဦးစီးရှေ့ဆောင်သည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ.ဆ.ပ.လ)သည် မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ရာ ဗြိတိသျှတို့က မြန်မာ့လွတ်လပ်ရေးကို မဖြစ်မနေ ပေးရမည့် အခြေအနေကို ဆိုက်ရောက်ခဲ့သည်။ ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ် အဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ဆွေးနွေးပြီး အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုရာ၌ တောင်တန်းဒေသအရေးနှင့် ပတ်သက်ပြီး ပင်လုံညီလာခံတွင်လည်းကောင်း၊ အထူးညီလာခံတစ်ရပ်တွင် လည်းကောင်း၊ တောင်တန်းဒေသခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူလိုသည့် ဆန္ဒရှိ-မရှိ သဘောထား ခံယူရမည်ဟု ပါရှိသည်။ ဗြိတိသျှတို့တွက်ကိန်းအရ တောင်တန်းဒေသများကို မြန်မာနှင့် သွေးခွဲထားပြီး ဖြစ်သည်။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးလျှင်မည်သည့် သဘောတူညီချက်မျှ မရဟုအပိုင်မှတ်ယူထားသည်။

ပင်လုံညီလာခံတွင် တောင်တန်းဒေသကိုယ်စားလှယ်များက မြန်မာ ပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေး မယူလိုဟု ဆန္ဒ ပြုပါက မြန်မာပြည်မ သက်သက်သာလျှင် လွတ်လပ်ရေးရယူ သွားကာ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏ ကာကွယ်ရေးအတွက် အရေးပါသည့် မြင်းခွာပုံသဏ္ဍာန် တောင်တန်းဒေသတို့သည် ဗြိတိသျှတို့ လက်အောက်ကျန်နေရစ်ကာ ဗြိတိသျှသို့ ဆက်လက်ကြီးစိုးလွှမ်းမိုးနိုင်မည် ဖြစ်သည်။ ထိုသို့ ဖြစ်ပွားပါက ရှမ်း၊ ကချင်နှင့် ချင်းတောင်တန်း ဒေသတို့မပါသည့် မြန်မာ့လွတ်လပ်ရေးမှာ အနှစ်သာရ မရှိတော့သည့်အပြင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးသည်လည်း အမြဲတမ်းခြိမ်းခြောက်ခံနေရမည် ဖြစ်သည်။ အောင်ဆန်းအက်တလီစာချုပ်အရ တော်တန်းသားတို့၏ ဆန္ဒကို ရယူရန် အထူးညီလာခံတစ်ရပ်ခေါ်၍ တောင်တန်းသားများ၏ ဆန္ဒရယူနိုင်သော်လည်း တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်ဟူသော အချိန်ကန့်သတ်ကြွေးကြော်ထားသည့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ ကြွေးကြော်မှုကြောင့် အချိန်ပိုကြာမည်ဟု တွေးမိပြီး လက်ရှိရှမ်းစော်ဘွားများ စီမံထားသည့် ပင်လုံညီလာခံတွင်ပင် တောင်တန်းသားများ၏ ဆန္ဒရယူရန် ဗိုလ်ချုပ်မှ ဆုံးဖြတ်ခဲ့သည်။ တောင်တန်းနယ်များ မပါသောမြန်မာပြည်လွတ်လပ်ရေးသည် ပြီးပြည့်စုံသော လွတ်လပ်ရေးမဟုတ်ဟု သိမြင်ထားသည့်အတွက် တောင်တန်းဒေသခေါင်းဆောင်တို့က မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးယူမည်ဟူသော သဘောတူညီချက် ရရှိရေးသည် လွန်စွာအရေးကြီးကြောင်း ဗိုလ်ချုပ်သိထားသည်။

မြန်မာနိုင်ငံ၏ အနာဂတ်အရေးအတွက်အလွန်အရေးပါသည့် ပင်လုံသဘောတူညီချက်ရရှိရန် နိုင်ငံရေးနည်း၊ စည်းရုံးရေးနည်း အပါအဝင် တိုင်းရင်းသားတို့၏ ဆန္ဒကို လိုက်လျောခြင်း (Soft Power)ကို သုံးသကဲ့သို့ လူထုနည်း (Hard Power) ကိုလည်း တွဲဖက်အသုံးပြုခဲ့သည်။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အပါအဝင် မြန်မာခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရလဒ်မှာ ဗြိတိသျှတို့ ကြိုတင်တွက်ကိန်း ချထားသလိုမဟုတ်တော့ဘဲ တောင်တန်းသားတို့သည် မြန်မာပြည်နှင့်ပူးပေါင်း၍ လွတ်လပ်ရေး ယူမည်ဟူသော ရာဇဝင်တွင်မည့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤစာချုပ် ချုပ်ဆိုနိုင်သည်နှင့်အတူ ဗြိတိသျှလက်အောက်ခံ ဘဝတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးအပါအဝင် အစစအရာရာ၌ တသီးတခြား ဖြစ်ခဲ့ရသော မြန်မာတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ချစ်ကြည်စွာ ဥမကွဲသိုက်မပျက် ပြန်လည်ပေါင်းစည်း နိုင်ခဲ့သည်။

ပင်လုံသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်သဖြင့် တောင်တန်းမြေပြန့် ပူးပေါင်း၍မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ရန် လမ်းပွင့်သွားခဲ့သည်။ ပင်လုံညီလာခံအပြီး မကြာမီမှာ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပ၍တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်သောတိုင်းပြည်ပြု လွှတ်တော်ဖွဲ့စည်းနိုင်ခဲ့သည်။ တိုင်းပြည်ပြု လွှတ်တော်မှ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၄၇ အောက်တိုဘာ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် နု-အက်တလီ စာချုပ် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အပုဒ် (၁)အရ ဗြိတိသျှ အစိုးရက မြန်မာနိုင်ငံကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်အသိအမှတ်ပြုခဲ့သည်။ ဤသို့ဖြင့် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ပေါ်ထွန်းလာခဲ့သည်။

❒

## ➢ စာမျက်နှာ(၁၆) ခန့်မှန်းတွက်ချက်ခြင်း အနုပညာမှ အဆက်

ခန်းမ၏ အပေါ်ထပ်နှင့် အောက်ထပ်နေရာတွင် ခန်းလုံးပြည့်မှာ ပြည်သူများနှင့် ပြည့်နေရုံမျှသာမကဘဲ ပြတင်းတံခါးဝနှင့် ခုံတန်းများ၏ ဘေး၌ မတ်တပ် ရပ်နေသူများလည်း တွေ့ခဲ့ရသည်။ ခန်းမနေရာ၏ တောင်ဖက်ခြမ်းရှိ စကြံနေရာတွင် ပလတ်စတစ်ထိုင်ခုံများ ချ၍ ထိုင်နေသူ များကိုလည်း စာရေးသူ မြင်ခဲ့ရသည်။

အမေစု အန်တီစု အဖွားစုဟု အမည်နာမ တပ်ခေါ်ဝေါ်နေကြသည့် နိုင်ငံတော်၏အတိုင်ပင်ခံ နိုင်ငံ့ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ထိုနေ့တွေ့ဆုံပွဲတွင် ပြည်သူတို့အားပြောကြားခဲ့သည့် စကားလုံးတိုင်းမှာ အနှစ်သာရရှိ၍ အဓိပ္ပါယ်ပြည့်ဝသည်ဟု စာရေးသူ၏ တစ်ဦးတည်းကိုယ်ပိုင်အမြင်ဖြင့် ယုံကြည်မိသည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် ခွဲခြား၍မရနိုင်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ပြည်သူတစ်ဦးချင်းစီက ပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ငြိမ်းချမ်း၍ လမ်းနှင့် လျှပ်စစ်မီးကောင်းစွာပြည့်စုံပါက ပြည်သူတစ်ဦးချင်းဖြစ်စေ အစုအဖွဲ့ ကုမ္ပဏီများဖြစ်စေ အားသန်ရာစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် ဒေသနေ လူငယ်များသည် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေနိုင်မည် ဖြစ်သည်ဟု ကျွဲကူးရေပါစကားဖြင့် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့သည်ကို စာရေးသူကြားခဲ့ရသည်။

ပြည်သူတို့၏ လိုအပ်ချက်များကို တင်ပြပြောကြားခွင့်အပိုင်းမှာလည်း ထိုနေ့ကပင် စာရေးသူကြားခဲ့ရသည်။ အလုံးစုံကိုတော့ ခရေစေ့တွင်းကျ စာရေးသူမှ မမှတ်မိသော်လည်း ကြားဖူးနားဝဖြင့် ကြားရသမျှတို့တွင် ရှမ်းပြည်နယ်နေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ဆိုသူက ဆိုသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသသို့ မြေပြန့်နေရာများမှ လာရောက်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် သက်သာသောနှုန်းထားဖြင့် လေယာဉ်စီးနင်းခွင့်ရစေရန် ဆောင်ရွက်ပေးစေလိုသည်ဟုလည်း ပြောသည်။ ကျိုင်းတုံလူငယ်စင်တာ၌ ရန်ပုံငွေနှင့် နေရာအဆောက်အဦးအခက်အခဲရှိနေ၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ရန် တင်ပြသူလည်း ရှိခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ပါဝင်သည့် ဝန်ကြီးများနှင့်အတူတူထိုင်နေ၍ ခန်းမထဲ၌ ရှိနေသည့် ပြည်သူများကို တိုင်းပြည်အား အဖက်ဖက်က တည်ဆောက်နေရသည့် အချိန်တွင် ပြည်သူများနှင့် ဌာနဆိုင်ရာတို့၏ လိုအပ်ချက်များအတွက် ချက်ချင်းဆောင်ရွက် ပေးလို့ မရနိုင်သေးသည့် ကိစ္စတချို့အတွက် နားလည်လက်ခံတတ်ရန် လိုအပ်ကြောင်း ပြည်နယ် အစိုးရအနေဖြင့် ဖြစ်စေ ဒေသတာဝန်ရှိသူတို့က ဖြစ်စေ ပြည်သူကို လတ်တလော ချွေးသိပ်ပေးသည့် သဘောဖြင့် မဖြစ်နိုင်သည့် လုပ်မပေးနိုင်သည့် ကိစ္စများအတွက် မျှော်လင့်ချက်များ မပေးကြစေလိုကြောင်း လမ်းညွှန်ခဲ့သည်။

ကမ္ဘာ့စတိုင်း
VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019

# အောင်ဆန်းအက်တလီ စာချုပ်က မွေးဖွားလာသော ပြည်ထောင်စုနေ့

■ ဆာယာလှမြင့်



လွတ်လပ်ရေးအောင်ပွဲကြီးပြီးတော့ ညီအောင်ပြုတဲ့ ပြည်ထောင်စုပွဲကြီး ရောက်ပြန်ပြီပေါ့။ တကယ်တမ်း မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် ၁၉၄၇ ပင်လုံ ပြည်ထောင်စု ညီလာခံပြီးမှ နောင်တစ်နှစ်အကြာ ၁၉၄၈ ခုနှစ်မှာ မြန်မာ့လွတ်လပ်ရေး ရခဲ့တာပါ။ ဆိုရလျှင် ၂၀ ရာစု ပင်လုံညီလာခံက အရင်၊ အဲဒီနောက် လွတ်လပ်ရေးရခဲ့တော့သတည်း။ ကျွန်တော်သည်လိုပဲ အမှန်ကို သိထားပါ၏။ ဤသို့ပင် ဖြစ်ခဲ့သော်လည်း မြန်မာပြည်မှာ–

လွတ်လပ်ရေး ရပြီးနောက်ပိုင်း ပြည်တွင်းစစ်မီးတွေ တောက်လာခဲ့၏။ ခုထိ မငြိမ်းနိုင်ကြသေးပါ။ NLD အစိုးရ ဦးဆောင်တဲ့ ၂၁ ပင်လုံ ညီလာခံဟူ၍ ထပ်လုပ်နေရပြန်သေး၏။ ထိုညီလာခံ အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့လျှင် ပြည်တွင်းစစ်တွေ ငြိမ်းပြီထင်ရဲ့။ တိုက်ပွဲရှောင်တွေလည်း မရှိစေချင်တော့ပါ။ ပြည်ထောင်စုနေ့ စာချုပ်ကို ချုပ်နိုင်ခဲ့ခြင်းသည် ဟိုတုန်းက တိုင်းရင်းသားတွေ သွေးစည်းညီညွတ်ခြင်း အရင်းခံတည်ခဲ့၍သာ ဖြစ်၏။ လွတ်လပ်သော နိုင်ငံတစ်ခုသည် နိုင်ငံရဲ့ နယ်နိမိတ်၊ လူဦးရေ၊ အစိုးရတစ်ရပ်၊ အချုပ်အခြာအာဏာ၊ နိုင်ငံတကာ အသိအမှတ်ပြု ဆိုပေမယ့် ဟိုတစ်ခါ ပင်လုံစာချုပ်ကဲ့သို့ မညီညွတ်ခဲ့ကြလျှင် ပြည်တွင်းစစ်တွေက ဖြစ်မြဲ ဖြစ်နေမှာပဲ။

နှစ်ပေါင်း (၇၁)နှစ် ရှိလာပြီးဖြစ်တဲ့ ပြည်ထောင်စုနေ့ ဖြစ်လာဖို့ လွယ်လင့်တကူတော့ မဟုတ်ပါချေ။ သမိုင်းဝင် အောင်ဆန်းအက်တလီစာချုပ်ကို ပြန်ကြည့်ပါ။ ပထမအနေနဲ့ စာချုပ်ရဲ့ နောက်ဆက်တွဲမှာ အင်္ဂလိပ်လို "Note of dissent by U Saw and Thakin Ba Sein" ဦးစောနှင့် သခင်ဗစိန်တို့၏ သဘောတူကြောင်း မှတ်ချက်ပါတဲ့ စာပိုဒ်ကို တွေ့ရပါမည်။ အကျယ်တဝင့် သိလိုက တက္ကသိုလ်နေဝင်းရေးတဲ့ လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်းမှာ ရှာဖွေလို့ ကြည့်နိုင်ပါ၏။ သို့သော် ထိုကန့်ကွက်ချက်က ဘာမှ အရေးမပါခဲ့ပေ။

ဒုတိယအနေနဲ့ ဗြိတိသျှတို့က ထိုစာချုပ်မှာ "မျှုပ်ကွက်"တစ်ခု လုပ်စားပြန်သည်။ စာချုပ်၏ အပိုဒ် (၈)၊ အပိုဒ်ခွဲ (ခ)မှာ "ပြည်နယ်အသီးသီးမှ လူမျိုးစုခေါင်းဆောင်များက မိမိတို့သည်လည်း မြန်မာပြည်မနှင့် အေးအတူ ပူအမျှ လုံးဝလွတ်လပ်ရေး ရချင်ပါမည်ဟု ဆန္ဒသဘောထား တိကျပြတ်သားစွာပေးရန် ၁၉၄၇ ခု ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပင်လုံညီလာခံ၌ မေးမြန်းဆန္ဒယူရမည်"ဟု ဆိုထား၏။ ဤအချက်သည် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အကောင်အထည် ပေါ်လာရေးကို ဟန့်တားနေခဲ့၏။ သို့သော် ဗိုလ်ချုပ်သည် ဤကိစ္စနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြခြင်း မရှိပါ။ ဗိုလ်ချုပ်ရင်ထဲသို့ တိုင်းရင်းသားတို့၏ သွေးစည်းမှုတွေ တိုးဝင်နေပြီထင့်။

စာချုပ်ကို ဆက်ဖတ်ကြည့်လိုက်ပြန်တော့ လွတ်လပ်ရေးကို စျေးဆစ်ထားတာ တွေ့ရ၏။ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ဗြိတိသျှဓနသဟာယနိုင်ငံများ အဖွဲ့အစည်းအတွင်း (သို့) ပြင်ပတွင် လွတ်လပ်ရေးကို ရယူပိုင်ခွင့်ရှိသည်တဲ့။ ဗိုလ်ချုပ်သည် ဤအချက်ကို ဘဝင်မကျသော်လည်း အဆင်ပြေပါစေတော့ရယ်လို့ လက်မှတ်ရေးထိုးပေးခဲ့ပါ၏။ ဗိုလ်ချုပ်နှင့်ကိုယ်စားလှယ် ခေါင်းဆောင်တွေ လိုချင်သည်က သီးခြားလွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ်သာ ရပ်တည်သွားချင်တာမို့ အိန္ဒိယ၊ ပါကစ္စတန်တို့လို ဓနသဟာယနိုင်ငံအဖွဲ့တွင် ယနေ့အထိ မနေခဲ့ပါဘူး။ အသေအချာ စဉ်းစားကြည့်တော့ လွတ်လပ်ရေးကို စျေးဆစ်လိုက်တဲ့သဘော။ ဘယ်လိုပင် စျေးဆစ်စျေးဆစ် နှစ်ဦးနှစ်ဖက် ဘာပြဿနာမှ မဖြစ်ခဲ့။

သို့သော် ရန်ကုန်မှာ တက္ကစီကားသမားနှင့် ကားငှားစီးသူ အမျိုးသမီးတို့ ကားခစျေးဆစ်ကြရာမှ မကြေမလည် ဖြစ်ကြပြီး ကားသမားက အမျိုးသမီးကို လည်ပင်းဝက်အူလှည့်နှင့်ထိုးယုတ်မာစွာ အဓမ္မကျင့်၊ ရက်စက်စွာ သတ်ပစ်လိုက်တဲ့သတင်းဆိုး အကျည်းတန် အရုပ်ဆိုးလျက် အမျိုးသမီးထုရဲ့ လုံခြုံမှုကို ရတက်မအေးစွာ ဖြစ်ပျက်သွားခဲ့ပါတော့သည်။

မြန်မာတို့ရဲ့ ဌာနီမှာ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးက အားနည်းနေသေးတယ် ဆိုတဲ့ အနေအထား။ ထောင်ထဲမှာ လူပြည့်နေတယ်။ နှစ်ကြီးသမားတွေ၊ သက်ကြီးရွယ်အိုတွေ ပြန်လွှတ်သင့်တယ်လို့ ဝေဖန်ထောက်ပြနေကြပြီ။ လုံခြုံရေး စိတ်မချရသေးလို့ အပြစ်မဲ့ပြည်သူတွေ တိုက်ပွဲရှောင်နေရတာပေါ့။ ကချင်ပြည်နယ်မှာ တံတားပေါင်း (၁၀၀)လောက် ပျက်စီးသွားပြီဆိုတာ ကြားရတဲ့အတွက် ဆရာတော် ဒေါက်တာရှင်ဉာဏိသရက သီတဂူစန်းလပမာချမ်းမြသာယာအောင် တံတားတွေ ပြင်ပေးချင်ပေမယ့် "ဒိုင်း"ကနဲ အသံတွေ ကြောက်လို့ မပြင်ရဲတော့ဘူးတဲ့။ ကြားဖူးနားဝ ရှိသည်မှာ ဂျပန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေခြင်းသည် ပြည်တွင်းစစ်တွေ မရှိနေတာလည်း ပါတယ်ဆိုပဲ။ ဖြစ်နိုင်ပါတယ်။

မြန်မာ့အခြေအနေကို မျှော်ကြည့်လိုက်တော့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုတွေနှင့် အလှမ်းဝေးနေဆဲပါ။ တစ်မျိုးသားလုံးရဲ့ ဘုံရန်သူအဖြစ် အခြားဂြိုလ်က အန္တရာယ်ပေးမယ့် ဂြိုလ်ကောင်ကြီးတစ်ကောင် မြန်မာ့မြေပေါ်ကျလာလျှင် ကောင်းမှာပဲ။ ဒါဆိုလျှင် အချင်းချင်းပစ်နေလို့ မရတော့။ တိုင်းရင်းသားအားလုံး အန္တရာယ်ဟူသမျှ အတူတကွ တွန်းလှန်ကြရတော့မှာ။ ဤသို့ပင် တွေးမိပါတယ်လို့ စာရေးဆရာသုမောင်က စာတစ်ပုဒ်မှာ ရေးသွားခဲ့သည်။ ပြည်တွင်းစစ်တွေ ယနေ့အထိ အတောမသတ်နိုင်ခြင်းမှာ ၂၀ ရာစုပင်လုံညီလာခံကဲ့သို့ မညီညွတ်ကြလို့၊ လက်မတွဲနိုင်ကြလို့ ဆိုလျှင် ဤအဖြေမှန်ပါ၏။

ဘုရားလောင်း ဇာတ်တော်တစ်ခုတွင် ဆင်၊ မြောက်၊ ခါသတ္တဝါ သုံးကောင်က သုံးကောင်ထဲပဲ မျက်နှာချင်းဆိုင် ဆုံတွေ့၍ဘယ်သူ အသက်ကြီးဆုံးလဲ အဖြေရှာကြရာ ငှက်ဖြစ်တဲ့ခါက မစင်စွန့်ခဲ့လို့ သူတို့မှီတင်းနေထိုင်တဲ့ ညောင်ပင်ကြီး ပေါက်လာရတာဆိုတော့ သူသာ အသက်အကြီးဆုံးမို့ အားလုံးက ကန့်ကွက်မရှိ ထောက်ခံပြီး "ခါ"ကို ကျန်နှစ်ကောင်က အသက်ထက်ဆုံး အရိုအသေပေးကာ နေသွားကြပါသတဲ့။ ထိုသုံးကောင်၏ အနေအထားမှာ အရွယ်အစားမတူ၊ သဘာဝတွေ မတူကြပေမယ့် စွန့်လွှတ်ခြင်း ခွင့်လွှတ်ခြင်းတွေနဲ့ သူတို့နှလုံးသားကိုအလှဆင်ကြတယ်လို့ သည်လိုပဲ ခံစားရမှာပါ။ အမုန်းစကား မဆိုဘဲ နှလုံးသားကို အလှဆင်တာ၊ လောကမှာ အလှဆုံးပဲ။

ပြည်ထောင်စုနေ့ရဲ့ အနှစ်သာရသည်ကားတွဲလက်မဖြုတ်ခြင်းကို ဖော်ဆောင်၏။ တစ်မြေထဲနေ၊ တစ်ရေထဲသောက်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အမြန်ဆုံး လက်တွဲနေစေချင်ပါ၏။ အကြောင်းရင်းတော့ ရှိကြမှာပါလေ။ ဗိုလ်ချုပ်တို့ခေတ်ကလည်း သွေးစည်းညီညွတ်မှုကို ဖျက်ခဲ့တာမျိုး ရှိပေမယ့် ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ကြလေ၏။ ဗိုလ်ချုပ်တို့ မြန်မာကိုယ်စား (၁၇)ဦးနှင့် အက်တလီခေါင်းဆောင်တဲ့ ဗြိတိသျှ ကိုယ်စားလှယ်အဖွဲ့တို့ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးစဉ်အခါက တောင်တန်းဒေသ အုပ်ချုပ်ရေးအရာရှိ မစ္စတာစတီဗင်ဆင် ကြိုးဆွဲရာ ကနေကြသော စော်ဘွားအချို့က ဗိုလ်ချုပ်သည် စော်ဘွားများ၏ ကိုယ်စားလှယ် မဟုတ်ပါ။ တောင်တန်းဒေသကိစ္စ ဆွေးနွေးရန် စော်ဘွားများကို သီးသန့်ခေါ်ပါဟု အက်တလီထံ ကြေးနန်းရိုက်၍ ကန့်ကွက်ခဲ့ပါသေးသည်။

အော် စောလူးမင်းလို လူမျိုးတွေ သည်တုန်းကလည်း ရှိခဲ့ဖူးပါသည်။ ဤကိစ္စကို ရှမ်းပြည်နယ်လူထုက တောင်ကြီးမြို့မှာ အစည်းအဝေးခေါ်ပြီး တောင်တန်းဒေသများသည် မြန်မာပြည်နှင့် ပူးပေါင်း၍၊ လွတ်လပ်ရေး ရယူလိုကြောင်း၊ ဗိုလ်ချုပ်သည် တောင်တန်းသားများအတွက် ပြောရေးဆိုခွင့်ရှိပြီး သူ၏ လိုလားချက်များကို အားလုံးက ထောက်ခံပါကြောင်း ကြေးနန်းတစ်စောင် ပြန်ရိုက်ခဲ့ရလေသည်။

သည်တော့မှ အောင်ဆန်းအက်တလီစာချုပ်ကို (၂၇–၁–၁၉၄၇) လက်မှတ်ရေးထိုးနိုင်ခဲ့၊ ဗိုလ်ချုပ်နှင့်အဖွဲ့ မြန်မာပြည်ပြန်ရောက်၊ စာချုပ်ပါ ကတိအတိုင်း (၇–၂–၁၉၄၇)တွင် ပင်လုံကို အရောက်သွား (၁၂–၂–၁၉၄၇)နေ့ နံနက် (၁၀) နာရီအချိန်မှာ မြန်မာကိုယ်စားလှယ် တစ်ဦး (ဗိုလ်ချုပ်)နှင့် တောင်တန်းကိုယ်စားလှယ် (၂၁) ဦးတို့သည် မြန်မာ့ လွတ်လပ်ရေး၏ အခြေခံ ပင်လုံစာချုပ်ကြီးကို လက်မှတ် ရေးထိုးပြရင်း သွေးစည်းညီညွတ်မှုကို မှတ်တမ်းတင်ခဲ့ကြလေသည်။ တို့ပြည်ထောင်စု ညီညွတ်ပြီလို့ ဝင့်ကြွားနိုင်ခဲ့တဲ့ နေ့သည် ပြည်ထောင်စုနေ့ဟူ၍ မြန်မာသမိုင်းမှာ တွင်ခဲ့ပါ၏။ မေ့ပျောက်၍ မရသော ဤနေ့သည် (၇၁) နှစ်မျှ ကြာခဲ့ပြီ ဆိုသော်လည်း စာရေးသူနှင့် စာဖတ်သူတို့က ပင်လုံစာချုပ် လက်မှတ်မထိုးမီ ပြောခဲ့တဲ့ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းကို အလွမ်းပြေ ကြားချင်ပါသေးတယ်ဆိုလျှင်–

စာမျက်နှာ (၁၄) သို့ ➤ ➤ ➤

# ကုန်စည်ဈေးနှုန်း

| | | | |
|---|---|---|---|
| ဆန်ဈေး | | | |
| ၁။ | ရွှေဘိုပေါ်ဆန်းမွှေး(သစ်) | တစ်ပြည် | ၂၂၀၀ |
| ၂။ | ဖျာပုံပေါ်ဆန်း(သစ်) | တစ်ပြည် | ၂၀၀၀ |
| ၃။ | ဒေသဆန်(ရှမ်း)(သစ်) | တစ်ပြည် | ၁၅၀၀–၂၀၀၀ |
| ၄။ | ငချိပ် | တစ်ပြည် | ၂၀၀၀ |
| ၅။ | ကောက်ညှင်း | တစ်ပြည် | ၁၆၀၀ |
| ဆီဈေး | | | |
| ၁။ | ပဲဆီ(ရှယ်) | တစ်ပိဿာ | ၃၂၀၀–၆၀၀၀ |
| ၂။ | ပဲဆီ(ရိုးရိုး) | တစ်ပိဿာ | ၂၈၀၀ |
| ၃။ | အမေထွား | တစ်ပိဿာ | ၅၅၀၀ |
| ၄။ | နေကြာဆီ | တစ်ပိဿာ | ၄၅၀၀ |
| ဆား | | တစ်ပိဿာ | ၄၀၀ |
| ငရုတ်သီး | | | |
| ၁။ | ငရုတ် (အရှည်) | တစ်ပိဿာ | ၄၀၀၀–၆၀၀၀ |
| ၂။ | ငရုတ်(အပု) | တစ်ပိဿာ | ၃၅၀၀–၅၀၀၀ |
| ကြက်သွန် | | | |
| ၁။ | ကြက်သွန်ဖြူ (မျိုးခြား) | တစ်ပိဿာ | ၅၀ |
| ၂။ | ကြက်သွန်ဖြူ မှာထူး(၄) | တစ်ပိဿာ | ၃၅၀ |
| ၃။ | ကြက်သွန်ဖြူ မှာထူး(၃) | တစ်ပိဿာ | ၂၅၀ |
| ၄။ | ကြက်သွန်ဖြူ မှာထူး(၂) | တစ်ပိဿာ | ၁၅၀ |
| ၅။ | ကြက်သွန်ဖြူ မှာထူး(၁) | တစ်ပိဿာ | ၁၀၀ |
| ၆။ | ကြက်သွန်ဖြူ တရုတ် | တစ်ပိဿာ | ၁၂၀၀–၁၅၀၀ |
| ၇။ | ကြက်သွန်နီ(ဥကြီး) | တစ်ပိဿာ | ၈၀၀ |
| ၈။ | ကြက်သွန်နီ(ဥသေး) | တစ်ပိဿာ | ၆၀၀ |
| ပဲအမျိုးမျိုး | | | |
| ၁။ | ပဲနီလေး | တစ်ပိဿာ | ၂၂၀၀ |
| ၂။ | ကုလားပဲ | တစ်ပိဿာ | ၁၂၀၀ |
| ၃။ | ပဲစင်းငုံ(နီသေး) | တစ်ပိဿာ | ၁၂၀၀ |
| ၄။ | ပဲစင်းငုံ (ဖြူကြီး) | တစ်ပိဿာ | ၁၁၅၀ |
| ၅။ | ပဲစင်းငုံ (နီကြီး) | တစ်ပိဿာ | ၁၁၀၀ |
| ၆။ | ပဲပုတ်စေ့ | တစ်ပိဿာ | ၁၁၀၀ |
| ၇။ | ပန်းနှမ်း | တစ်ပိဿာ | ၁၅၅၀ |
| ၈။ | နှမ်းဖြူ | တစ်ပိဿာ | ၁၀၀၀ |
| ၉။ | ပြောင်း | တစ်ပိဿာ | ၄၃၅–၄၄၀ |
| အာလူး (ဒေသ) | | တစ်ပိဿာ | ၅၀၀–၁၃၀၀ |
| ချင်း (ကြီး) | | တစ်ပိဿာ | ၂၅၀ |
| ချင်း (သေး) | | တစ်ပိဿာ | ၆၀၀ |
| လက်ဖက်ခြောက် | | တစ်ပိဿာ | ၄၀၀၀–၁၁၀၀၀ |
| သားငါးဈေး | | | |
| ၁။ | ကြက်သား(ဒေသ) | တစ်ပိဿာ | ၁၁၀၀၀ |
| ၂။ | ကြက်သား(စီပီ) | တစ်ပိဿာ | ၇၀၀၀ |
| ၃။ | ဝက်သား | တစ်ပိဿာ | ၁၁၀၀၀ |
| ၄။ | ဆိတ်သား | တစ်ပိဿာ | ၁၆၀၀၀ |
| ၅။ | အမဲသား | တစ်ပိဿာ | ၁၂၀၀၀ |
| ၆။ | ငါး (ငါးကြင်း) | တစ်ပိဿာ | ၃၀၀၀–၉၀၀၀ |
| ရွှေဈေး | | | |
| ၁။ | အခေါက်ရွှေ | တစ်ကျပ်သား | ၁၀၇၅၅၀၀ |
| ၂။ | ဒင်္ဂါးရွှေ(၁၅ ပဲရည်) | တစ်ကျပ်သား | ၁၀၁၂၅၀၀ |
| ၃။ | ဒင်္ဂါးရွှေ(၁၄ ပဲရည်) | တစ်ကျပ်သား | ၉၆၀၅၀၀ |
| စက်သုံးဆီ | | | |
| ၁။ | ဓာတ်ဆီ (၉၂/၉၅) | တစ်လီတာ | ၇၈၀ / ၁၀၂၀ |
| ၂။ | ဒီဇယ် (ရိုးရိုး/ပရီမီယံ) | တစ်လီတာ | ၉၃၅ / ၉၅၀ |

အထက်ပါ ဈေးနှုန်းများကို ကမ္ဘောဇတိုင်းသတင်းဌာနယ်မှ တောင်ကြီးမြို့ပေါ်၌ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ရယူ စုဆောင်းထားခြင်း ဖြစ်ပါသည်။
အချိန်နှင့်အမျှ ဈေးနှုန်း အပြောင်းအလဲများ ရှိနိုင်ပါသည်။

# တစ်ပတ်တာကံကြမ္မာ

■ ဆရာယဉ်မင်းအောင်



## တနင်္ဂနွေ

လက်ရှိလုပ်ကိုင် ဆောင်ရွက်နေသော အလုပ်များကို စိတ်တိုင်းမကျ ဖြစ်နေလိမ့်မည်။ ငွေကြေးများကို ထိန်းသည့်ကြားမှ ပျောက်ပျက်မည်။ အထွက်များမည်။ နေအိမ်အတွင်း ရှုပ်ထွေးသော ပြဿနာကြုံတတ်ပါသည်၊ သတိထားပါ။ မိတ်ဆွေကောင်းတွေ့မည်။ အကူအညီကောင်းရမည်။ ထင်ရှားသော နေရာများသို့ သွားလာရမည်။ ကုန်သည်များမှာ အရောင်းအဝယ်ကောင်းမည်။ ဝန်ထမ်းများမှာ အလုပ်ထွက်ခြင်း၊ ပြောင်းခြင်းကြုံမည်။ အချို့မှာ ထွက်ချင်စိတ် ဖြစ်နေလိမ့်မည်။ ပွဲစားများမှာ အရောင်းအဝယ်ဖြစ်ပါလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးကိစ္စတွင် ချစ်သူ၏ စိမ်းကားခြင်းခံရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် အစားမှားမည်။ အစာမကြေဖြစ်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၂/၅/၈)ဖြစ်သည်။

ယတြာ။ စေတီ၏ စနေထောင့်တွင် နှင်းဆီလှူပါ။



## တနင်္လာ

ကားပြင်ရမည်။ ကားအသစ်ဝင်မည်။ လဲလှယ်ရမည်။ အချို့မှာ ဆိုင်ကယ်ကိစ္စဆောင်ရွက်ရမည်။ နေအိမ်အတွင်းသို့ ကားတာယာအဟောင်း အဝင်မခံသင့်ပါ။ စီးပွားရေးကိစ္စများတွင် ငွေကြေးအထွက်များနေမည်။ အဝင်နည်းနေလိမ့်မည်။ သူတစ်ပါးကိစ္စ ဝင်မပါသင့်ပါ။ အမှုဖြစ်တတ်သည်။ အစားကောင်းစားရလိမ့်မည်။ လက်ဆောင်ရလိမ့်မည်။ ကုန်သည်များမှာ အကြွေးကိစ္စ စကားများမည်။ ငွေကြေး အချေးအငှားမလုပ်သင့်ပါ။ ဝန်ထမ်းများမှာ အထက်လူကြီးများက ဖိအားပေးခံရမည်။ ပွဲစားများမှာ အရောင်းနည်းနည်း တည့်လိမ့်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူကြောင့် ပျော်ရွှင်ကျေနပ်ရမည်။ ကျန်းမာရေးကိစ္စများတွင် ဝမ်းပျက်လိမ့်မည်။ ကံကောင်းစေသော ဂဏန်းမှာ(၀/၄/၉)ဖြစ်သည်။

ယတြာ။ စေတီမှာ တံခွန်လှူပါ။



## အင်္ဂါ

နေအိမ်ဆေးသုတ်ရမည်။ နေအိမ်ဆောက်လုပ်ရမည်။ မိတ်ဆွေကောင်းတွေ့တော့မည်။ ငွေကြေးအဆင်ပြေပါမည်။ အလုပ်အကိုင် နှစ်မျိုးတွဲလုပ်ရမည်။ ရွှေ ရတနာ စသည် ဝင်လာမည်။ အနီးကပ် အတူနေသူ နဲ့ စကားများမည်။ အထင်လွဲခံရမည်။ ဘုရားကျောင်းကန်ရောက်လိမ့်မည်။ စက်ပစ္စည်းများလည်း ပြုပြင်ရလိမ့်မည်။ ကုန်သည်များမှာ လှောင်ကုန်ဈေးကောင်းရလိမ့်မည်။ ဝန်ထမ်းများမှာ အလုပ်တွင် အမှားအယွင်းအလွဲအချော်ဖြစ်တတ်ပါသည်။ ပွဲစားများ ဘာမှ မအောင်မြင်ဘဲ ရပ်တန့်နေဆဲကာလဖြစ်လိမ့်မည်။ ညှိနေ၏။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူနဲ့ ပြန်တွေ့ဆုံရမည်။ ပျော်ရွှင်ရမည်။ ကျန်းမာရေးကိစ္စများတွင် သွေးထွက်သံယိုနည်းနည်းဖြစ်ပါမည်။ ကံကောင်းစေသော ဂဏန်းမှာ (၂/၃/၇)ဖြစ်သည်။

ယတြာ။ ဘုရားမှာ ဆွမ်း၊ ဟင်းလှူပါ။



## ဗုဒ္ဓဟူး

အလှူ မင်္ဂလာဆောင် သွားရမည်။ ညစာစားပွဲသွားရမည်။ မထင်မှတ်သူနဲ့ ပြန်ဆုံပါမည်။ စက်ပစ္စည်းအသစ်ဝင်မည်။ ပျောက်ဆုံးနေသော ပစ္စည်းပြန်တွေ့မည်။ စီးပွားရေးကိစ္စများ အကောင်အထည်ဖော်ရမည်။ စတင်ရမည်။ ငွေကြေးရစရာ ရှိသူများ ပြန်ရတတ်သည်။ နေအိမ်တွင် ဝါယာရှော့ဖြစ်တတ်ပါသည်။ သတိထားပါ။ အဝေးဧည့်သည်လာမည်။ ကုန်သည်များမှာ အရောင်းအားနည်းနေမည်။ ဝန်ထမ်းများမှာ ခရီးသွားလာခြင်း၊ ကြီးသူကိစ္စဆောင်ရွက်ပေးရခြင်း ကြုံမည်။ ပွဲစားများမှာ မထင်မှတ်တဲ့ အလုပ်ဖြစ်လိမ့်မည်။ ငယ်ရွယ်သူများမှာ အချစ်ရေး အဆင်ပြေမည်။ အေးချမ်းနေပါမည်။ ကျန်းမာရေးကိစ္စများတွင် ဖျားမည်။ အအေးမိလိမ့်မည်။ သတိပြုပါ။ ကံကောင်းစေသော ဂဏန်းမှာ (၀/၅/၉)ဖြစ်သည်။

ယတြာ။ စေတီမှာ ဖျော်ရည်လှူပါ။



## ကြာသပတေး

စာချုပ်ပြုလုပ်ရမည်။ အမွေကိစ္စပြောဆိုရမည်။ ရုံးပိုင်းဆိုင်ရာများလည်း ဆောင်ရွက်ရလိမ့်မည်။ ငယ်သူများအတွက် ငွေကုန်မည်။ စိတ်မောရမည်။ ဖုန်းလွှတ်ကျကွဲလိမ့်မည်။ ဖုန်းပျက်မည်။ အချို့အသစ်လဲလှယ်ရမည်။ စီးပွားရေးကိစ္စများ စာရင်းမှားမည်။ ငွေကွာဟလိမ့်မည်။ အလုပ်အတွက် စိတ်ရှုပ်ထွေးနေလိမ့်မည်။ ကုန်သည်များမှာ အရောင်းအဝယ်ပြန်ကောင်းလာမည်။ ဝန်ထမ်းများမှာ ခွင့်ယူရမည်။ အလုပ်မှ ယာယီအနားယူရမည်။ ပွဲစားများမှာ အိမ်အပေါင်ကိစ္စ ဆောင်ရွက်သော်လည်း မဖြစ်သေးဘဲ ပင်ပန်းနေလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးကိစ္စတွင် ချစ်သူနဲ့ အတူ ဆုံတွေ့ရမည်။ အတူလည်ပတ်ရမည်။ ကျန်းမာရေး ကိစ္စများတွင် သွားကိုက်မည်။ သွားနာမည်။ ကံကောင်းစေသော ဂဏန်းမှာ(၃/၇/၈)ဖြစ်သည်။

ယတြာ။ သံဃာတော်ကို ဆေးဝါးလှူပါ။



## သောကြာ

သတင်းကောင်းကြားသိရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ တစ်ခုပြီးတစ်ခု ဆက်တိုက်ဝင်နေလိမ့်မည်။ ခရီးဝေး သွားလာရမည်။ ရရန်ခက်ခဲသော ပစ္စည်း ဝင်လာမည်။ စီးပွားရေးကိစ္စများတွင် အောင်မြင်လာတော့မည်။ ငွေများများ မြတ်လိမ့်မည်။ ဆွေမျိုးများ ကိစ္စ ကူညီဖြေရှင်းပေးရလိမ့်မည်။ မရဖူးသော အခွင့်အလမ်းများလည်း ပေါ်လာမည်။ ကုန်သည်များမှာ ဖောက်သည်များထံမှ ရစရာငွေ ကြန့်ကြာနေလိမ့်မည်။ ဝန်ထမ်းများမှာ ခိုက်ရန်များမည်။ အငြင်းပွားကြလိမ့်မည်။ ပွဲစားများမှာ အလုပ်နည်းနည်းဖြစ်ကြလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးကိစ္စတွင် နှစ်ယောက်ကြား ဗျာများရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် လေထိုးလေအောင့်ဖြစ်လိမ့်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၁/၆/၉)ဖြစ်သည်။

ယတြာ။ စေတီမှာ ထီးနီ ၁၁ လက်လှူပါ။



## စနေ

မီးလန့်လိမ့်မည်။ ငွေများလည်း ပျောက်ဆုံးတတ်ပါသည်။ နေအိမ်သို့ သူခိုးဝင်မည်။ လူလိမ်လာမည် သတိထားပါ။ မိတ်အတွက် အခက်အခဲတွေ့မည်။ အမှုသက်သေလိုက်ရတတ်သည်။ မှန်များ ပန်းကန်များ ကွဲတတ်သည်။ အိမ်နီးချင်းများနဲ့ စကားများတတ်ပါသည်။ စီးပွားရေးအလုပ်အကိုင်များ ကောင်းမွန်သဖြင့် ပျော်ရွှင်ရမည်။ ကုန်သည်များမှာ ဆိုင်အပြင်အဆင် ပြောင်းလဲရမည်။ ဝန်ထမ်းများမှာ ဝမ်းသာစရာ ကြားသိရမည်။ အကူအညီရမည်။ ပွဲစားများမှာ မြေအရောင်းတည့်ပါမည်။ ပွဲခရလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူ ကြောင့် ပျော်ရွှင်ကျေနပ်ရမည်။ အံ့သြဝမ်းသာရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် ခေါင်းကိုက်မည်။ ကံကောင်းစေသောဂဏန်းမှာ (၀/၈/၉)ဖြစ်သည်။

ယတြာ။ စေတီတွင် ကောက်ညှင်းပေါင်းလှူပါ။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019

■ ဒေါက်တာအောင်ကျော်
(သွား/ဆရာဝန်)

# မြန်မာ့ကလေးများနေ့ (ဗိုလ်ချုပ်မွေးနေ့ဂုဏ်ပြု)



## အမှတ်တရဂုဏ်ပြု

"ကမ္ဘာပေါ်ရှိ တိုင်းပြည်ကြီးငယ် အသီးသီးတို့၌ တစ်တိုင်းပြည်လုံးအတိုင်းအတာ ပြည်သူလူထုတစ်ရပ်လုံးတို့အတွက် အမှတ်တရ ဂုဏ်ပြုကိစ္စများ ရှိစမြဲဖြစ်၏။ အမျိုးသားနေ့များ၊ အမျိုးသားပန်းများ၊ တိုင်းပြည့်အောင်လံတော်နှင့် နိုင်ငံတော်သီချင်း စသည်အားဖြင့် မလွဲမသွေရှိမြဲ ရှိနေပါသည်။ နယ်ချဲ့တို့၏ အနိုင်ကျင့်မှုခံခဲ့ကြရသော တိုင်းပြည်ငယ်များအတွက်မူ သူ့ကျွန်ဘဝမှ လွတ်မြောက်ရပါမည့်အရေး အထူးကြိုးပမ်းရုန်းကန်တော်လှန် အောင်ပွဲခံရပြီးသည့်နောက်၊ လွတ်လပ်သော ကိုယ်ပိုင်အချုပ်အခြာအာဏာပိုင် အစိုးရဖွဲ့စည်းနိုင်ခဲ့ခြင်းမှာ အလွန်ပင် ဂုဏ်ယူဝင့်ကြွားဖို့ကောင်းလှ၏။ ခေါင်းဆောင်ကြီးများကို ကျေးဇူးအထူးတင်ရှိရပါသည်။ လွတ်လပ်ရေးနေ့သည် မိမိတို့ ခေါင်းမော့ရင်ကော့ကာ ရွှင်ပြုံးပျော်မြူးစွာ လွတ်လပ်ရေးအောင်ပွဲနေ့အဖြစ် ဂုဏ်ယူကျင်းပနိုင်ခဲ့ကြ၏။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် နှစ်တစ်နှစ်၏ အစဦးပိုင်းရက် ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ယူနီယံဂျက်ဗြိတိသျှအလံကို တိုင်အောက်သို့ချလိုက်ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးအလံ ဝဲထိပ်ထောင့်အပြာကွက်အလယ် ကြယ်ပွင့်ဖြူကြီးကို အရန်ကြယ်ပွင့်ဖြူငယ်ငါးပွင့်ခြံရံသော ရဲတောက်အလံနီကြီးအား အလံတိုင်ထိပ်ဖျားသို့ လွှင့်တင်နိုင်ခဲ့၏။ ၁၉၄၈ ခုနှစ်တုန်းကပါ။ ယခု ၂၀၁၉ ခုနှစ်တွင် ၇၁ နှစ်ပြည့်ခဲ့ပါပြီ။ နိုင်ငံတော်သီချင်းကလည်း စာသားအဓိပ္ပာယ်ပြည့်ဝကာ သီချင်းသံစဉ်ကောင်းလှ၍ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ နိုင်ငံတော်သီချင်းများအနက် အကောင်းဆုံးဖြစ်ကြောင်း ရွေးချယ်ဂုဏ်ပြုခြင်းခံခဲ့ရသည်မို့ အလွန်မတန်မှ ဂုဏ်ယူမိရပါ၏။

လွတ်လပ်ရေးကြိုးပမ်းမှုရလဒ်ကို တော်အိရော်အိဖြင့် ရရှိခဲ့သည်မဟုတ်ပါ။ အစွမ်းကုန်ကြိုးပမ်းမှု၊ တောင်းဆိုဆန္ဒပြမှု၊ သပိတ်မှောက်မှု စသည်တို့ အကြိမ်ကြိမ်ချီတက်ဆင်နွှဲခဲ့ရ၏။ ချွေးသွေးအသက်ပေါင်းများစွာ စတေးပေးအပ်ခဲ့ရ၏။ အချုပ်အနှောင်ထောင်တွင်းသို့ အကြိမ်ကြိမ်ဝင် အနှိပ်စက်ခံခဲ့ကြရ၏။ ထောင်တွင်းအစာငတ်ခံ ဆန္ဒပြရင်း အသက်အသေခံသည်အထိ ရခိုင်ဘုန်းတော်ကြီး ဦးဥတ္တမကိုယ်တော်မှ အစပြုကာ ရန်ကုန်တက္ကသိုလ်ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၊ မန္တလေးမှ အသေခံရဟန်းရှင်လူ ၁၇ ဦး စသည်တို့ဖြင့်ပင် အဆုံးမသတ်နိုင်သေးပါ။ လွတ်လပ်ရေးရဖို့ လက်တစ်ကမ်းအလို၌ တိုင်းပြည့်ခေါင်းဆောင် ဗိုလ်ချုပ်အပါအဝင်နှင့်တကွ အာဇာနည် ၉ ဦးတို့ပါ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြရသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်ဖြစ်၏။ တိုင်းပြည်တစ်ဝှမ်းလုံး ယူကျုံးမရ အပူလုံးကြွခဲ့ကြရ၏။ အလွန်ပင်နစ်နာသော ဆုံးရှုံးမှုကြီး မဟာ့မဟာဖြစ်ရသည်။ ယင်း အာဇာနည်နေ့သည် ဇူလိုင်မိုးနှင့်အတူ မျက်ရည်မိုးစွေခဲ့ကြရသော နေမပွင့်နိုင်သည့် မှိုင်းမှုန်ပြာဝေသောနေ့လည်းဖြစ်ခဲ့ရ၏။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်၌ ဗိုလ်ချုပ်လောက်မည်သူမျှ မထက်မြက်၊ တစိုက်မတ်မတ်မရှိ၊ အားသွန်ခွန်စိုက် အဆက်မပြတ် တောက်လျှောက်ကြီး ရိုးသားဖြောင့်မတ်တည်ကြည်ခိုင်မြဲစွာ အရဆွတ်ခူးသူကား ဗိုလ်ချုပ်ဖြစ်၏။

## နှစ် ၃၀ တုန်းက

ဆယ်စုနှစ်ကို သိုးဆောင်းတို့၏ ဝေါဟာရဖြင့် ဒီကိတ်(decade)ဟုခေါ်၏။ မြန်မာမှုပြုကြသောအခါ၌ နှစ်ပေါင်းတစ်ဆယ်စီကို အစုပြု၍ "ဆယ်စုနှစ်"ဟု ခေါ်တွင်လိုက်ကြ၏။ နှစ်ပေါင်း ၃၀ ဆိုတော့ကာ ဆယ်စုနှစ်သုံးစု၊ သို့မဟုတ် ဆယ်စုနှစ်သုံးခုဟူ၍ ခေါ်ကြရေးသားကြရပါလိမ့်မည်။ ယင်းသို့ နှစ် ၃၀ ကိုပင် ပုလဲရတု (Pearl Anniversary)ဟု ဂုဏ်ပြုအမည်ပေးကြပြန်ပါ၏။ အာဏာရှင်အုပ်ချုပ်မှု စနစ်ဆိုးလက်အောက်မှ လွတ်မြောက်ရန် ဒီမိုကရေစီကို တစ်သွေးတစ်သံဖြင့် ပြည်သူတစ်ရပ်လုံး တောင်းဆိုအုံကြွမှုကြီး(up rising)သည် ၈-၈-၁၉၈၈ နေ့၌ စတင်ခဲ့၏။ ရှစ်လေးလုံးဟု အတိုကောက်ခေါ်ဝေါ် သိရှိကြ၏။ ပြီးခဲ့သည့် ၈-၈-၂၀၁၈ ၌ နှစ် ၃၀ ပြည့်ပြီ။ တောင်ကြီးမြို့၌လည်း ကျောင်းသားလူငယ်ထုတို့မှ အစပြုကာ မြို့လုံးကျွတ်နယ်လုံးကျွတ် အစိုးရဌာနပေါင်းစုံအပါအဝင်တို့သည် တစ်ညီတစ်ညွတ်တည်း သဘောထားစုပေါင်းထုတ်ဖော်ခဲ့ကြ၏။ ၁၈-၉-၁၉၈၈ နေ့ မတိုင်မီမှာပင် ရှစ်လေးလုံးသစ်သားတိုင်ကို မြန်မာပြည်၌ ပထမဆုံးစိုက်ထူဖြစ်ခဲ့၏။ နောက်ပိုင်း၌ ဖယ်ရှားခြင်းခံခဲ့ရ၏။ ၃၁-၁၂-၂၀၁၆ နေ့၌ ၈၈၈၈ မော်ကွန်းကျောက်တိုင်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ။ မြန်မာပြည်၌ ပထမဦးဆုံး မော်ကွန်းကျောက်တိုင်ဖြစ်၍ ဂုဏ်ယူရပါ၏။ ၃၁-၁၂-၂၀၁၈ နေ့၌ မော်ကွန်းကျောက်တိုင်ဖွင့်ပွဲ ၂ နှစ်ပြည့် နှစ်လည်အခမ်းအနားကို အကျဉ်းရုန်းကျင်းပပြီးခဲ့ပြီ။ မော်ကွန်းကျောက်တိုင်အတွက် ဗိုလ်ချုပ်ပန်းခြံ၌ ထိုက်ထိုက်တန်တန်နေရာပေးခဲ့သော ရှမ်းဝန်ကြီးချုပ်ဦးဆောင်သည့် ရှမ်းအစိုးရနှင့် ပံ့ပိုးကူညီခဲ့သော မြို့နယ်စည်ပင်အဖွဲ့တို့အား ကျေးဇူးအထူးတင်ရပါသည်။

Time Flies အချိန်တို့ကုန်လွယ်လွန်းလှ၏။ နှစ် ၃၀ ဆိုသော ခေတ်တစ်ခေတ်သည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် အိပ်မက်တစ်မက်လိုထင်မှတ်ရ၏။ လွန်ခဲ့သော နှစ် ၃၀ တုန်းက ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့ဟု မှတ်မှတ်ရရရှိနေဆဲပါ။ မနက်စောစော ဆေးခန်းမဖွင့်မီ ကျွန်တော်သည် အောင်မြေသာစည်ရွှေကျင်ကျောင်းတိုက်ရှိ ကျွန်တော့်ဦးဇင်းထံသို့ လိုအပ်ရာရာ သွားလှူဖို့ရှိ၏။ ကျောင်းတိုက်သို့သွားတိုင်း၊ ကျောင်းထိုင်ဘုန်းတော်ကြီး ဦးခမ္မာနန္ဒထံသို့လည်း ဝင်ရောက်ဖူးမြော်လှူဒါန်းမြဲဖြစ်၏။ ဘုန်းတော်ကြီးအောက်ပြည်အောက်ရွာ သုံးစကားလုံးဖြင့်ဆိုလျှင် ဆတော်ကြီး(ဆရာတော်ကြီး၏ အတိုအကောက်)မှာ ကျွန်တော့်ကျေးဇူးရှင် ဆရာသမားဖြစ်၏။ ဦးဇင်းလောင်းရန်ကုန် ကမ္ဘာအေး ဝိဇ္ဇာတာရုံစာသင်တိုက်၌ စာဝါလိုက်နေသော ကိုရင်လေးကို ရဟန်းတက်ပေးဖို့ ကျွန်တော့်အား ရဟန်းဒါယကာအဖြစ် ရွေးချယ်ပေးသောကြောင့်ပါ။ ယခုလို နှစ် ၃၀ ကြာမြင့်လာသောအခါ ကျွန်တော်လည်း အသက် ၇၀ ကျော် အဘိုးလေးဖြစ်ပြီ။ ဆရာတော်ကြီးလည်း ဘဝနတ်ထံပြန်တော်မူခဲ့ပြီ။ ကျွန်တော့်ဦးဇင်းလည်း သိက္ခာတော် ၃၃ ဝါ၊ သက်တော် ၅၃ နှစ်ပြည့်လုတော့မည်။ အောင်မြေသာစည်ဦးစီးပဓာန နာယကကျောင်းထိုင် နေတော်မူပြီ။ ဝိဇ္ဇာတာရုံကျောင်းထိုင်ဆရာတော်ကြီးလည်း ရွှေကျင်သာသနာပိုင်ဖြစ်တော်မူပြီ။ ဒေါ်အောင်ဆန်းစုကြည်လည်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးဖြစ်လေပြီ။

## သမိုင်းတစ်ကွေ့

"လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်၊ ဖအေတူသမီး နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ ရွှေကျင်နိကာယဂိုဏ်းသာသနာပိုင် စတဲ့အထွတ်အထိပ်ပုဂ္ဂိုလ်ကြီးတွေနဲ့ စာရေးဆရာ ပါမွှားဘာများဆိုင်လို့တုံး။ ဆင်ကြီးဂျုန်ချီ၊ ဘာဇာတ်တွေများ ခင်းပြမလို့လဲမသိ။ ဟုတ်မှလည်း လုပ်ပါဆရာရယ်။ ဂိုဏ်းထိနေပါဦးမယ်"ဟု စာဖတ်သူများ စိုးရိမ်စိတ်အတွေးများ ဝင်ကုန်မည်ထင်ပါသည်။ မဟုတ်မမှန် ကြံဖန်ပြီးဖတ်ကောင်းအောင် ဂုဏ်တင်စာဘယ်တော့မှမရေးပါဟူ၍ ရှေးဦးစကားပလ္လင်ခံထားချင်ပါ၏။ နှစ် ၅၀ ကျော်လျှင် သမိုင်းမှုခ်ဦးသို့ ရှေးရှုနေပြီတဲ့။ နှစ် ၃၀ ဆိုသော ခရီးရှည်သည်လည်း သမိုင်းရနံ့တော့ သင်းလာချေပြီ။ သက်ဆိုးမည်မျှရှည်၍ နောက်ထပ်ဘဝခရီးမည်မျှ ဆက်နိုင်ဦးမည်တော့ မခန့်မှန်းနိုင်ပါ။ ကံတရားရှိပါမှ နောက်ထပ်နှစ်များများကို ဖြတ်ကျော်ခွင့် ရှိပါလိမ့်မည်။ ကံနည်းသူများ၊ နေ့မြင်ညပျောက်၊ မနက်ပိုင်းအကောင်း၊ နေ့ခင်းပိုင်းတွင် ဇီဝိန်ပြုတ်ကာ ဘဝတစ်ဇာတ်ထုပ်သိမ်းကုန်သည့်အပေါင်းအသင်းရောင်းရင်း များ၏ဖြစ်အင်တို့ကို မကြာခဏတွေ့မြင်ကြုံကြိုက်နေခဲ့ရပြီ။ "ခေတ်ကျပ်ကြီးကို ရင်ဆိုင်ကျော်ဖြတ်ရတုန်းက သည်းထိပ်ရင်ဖိုစွန့်စားခန်းလေးတွေ ဆရာ မရေးပြသေးဘူး။ မှတ်တမ်းလေးတော့ ရေးစေချင်ပါတယ်"ဟု နိုင်ငံအရေးကို မျက်ခြည်ပြတ်မခံဘဲ သူ့ကဗျာတို့ ထိထိမိမိတွင်း၌လည်း ဇလေးဇကြီးများလှစ်ပြတတ်လှသည့် စာရေးဆရာကြီး၊ ကဗျာဆရာကြီး၊ သမိုင်းသုတေသီပုဂ္ဂိုလ်ကြီးဖြစ်သူ၊ ဘယ်ပန်းချီရေးလို့မမီ ဝတ္ထုဖန်တီးရှင်ဆရာကြီး သိန်းသန်းထွန်းက အမြဲလိုလိုတိုက်တွန်းတတ်လှပါသည်။

ယခု ဆက်လက်ထွက်ရှိလာမည့် ကမ္ဘောဇတိုင်းဂျာနယ်အတွဲ ၅၊ အမှတ် ၇ ၏ ထွက်ရက်မှာ လာမည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ တောင်ကြီးမှာ ကြိုရောက်မည်။ (ရပ်ဝေးကတော့မူ ဂျာနယ်တွင် ရက်စွဲတပ်ထားသည့်အတိုင်း ၁၄ ရက်၊ ကြာသပတေးနေ့၌ ဖြန့်ချိနိုင်မြဲ ဖြန့်ဝေနိုင်ပါမည်)။ ယင်းသို့ ကျွန်တော်တို့ တောင်ကြီးနှင့်အနီးဝန်းကျင်မြို့များက ၁၃ ရက်မှာ စောဖတ်နိုင်ပြီး ထိုနေ့ရက်သည် "မြန်မာ့ကလေးများနေ့"နှင့် ကြုံခဲ့စွာတိုက်ဆိုင်နေပါသည်။ ထို "မြန်မာ့ကလေးများနေ့"သတ်မှတ်ဖို့ ရက်ရွေးကြရာ၌ ဗိုလ်ချုပ်ငယ်နာမည် ထိန်လင်း၊ ရဲဘော်သုံးကျိပ်နာမည်ဝှက် ဗိုလ်တေဇ၊ ယခုကလေးများအတွက် ထုတ်ဝေသော ကလေးဖတ်ဖွယ် စာစောင်ငယ်အမည်တေဇ၊ ဗိုလ်ချုပ်မွေးနေ့သည် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဖြစ်သဖြင့် ဤ ၁၃ ရက်နေ့ကိုပင် "မြန်မာ့ကလေးများနေ့"အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ပါသည်။ တစ်ဖန်လွန်ခဲ့သော နှစ် ၃၀ ဤနေ့ဤရက်၌ပင် အမေစုသည် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ပါတီရုံးများသို့ စည်းရုံး

စာမျက်နှာ (၂၉) သို့ ➤➤➤




# နွေအရိပ်မှာ ထောင်တံခါးတွေ ပိတ်နေတယ်

■ အောင်ဆန်းဝင်း

တဖျစ်တောက်တောက်ရွှတ်လိုက်၊ ကြိတ်မနိုင်ခဲမရဖြစ်လိုက်၊ တစ်ယောက်တည်းရွှတ်လိုက် ကြိတ်လိုက်နဲ့ အတော်ကြီး အစာမကြေဖြစ်လာပုံရတယ်။ ခေါင်းစဉ်တပ်မထားတဲ့လူတွေကို ငါကိုင်တုတ်ပါလေရော။ (တပ်ဆဲရင် အရိုက်ခံရမှာလေ)။ လူကလည်း တောင်လျှောက်လိုက် မြောက်လှည့်လိုက်နဲ့မျက်စိတော့ အတော်အနောက်သား။ သူ့အရှိန်နဲ့သူဆိုတော့ ကိုယ်လည်း ဝင်မဖောက်ရဲဘူး။ မတော် ကိုယ့်ဘက် လှည့်လာမှ နေရင်းထိုင်ရင်း အချောင်ပြေးပေါက် မှားမယ့်ကိန်း။ အဲဒီတော့ ပြောချင်တာပြော ကိုင်တုတ်ချင်တာတုတ်၊ ချသာချ မြန်မာသတ္တိပြဆိုပြီး ကိုယ့်ဘာသာတေမိဇာတ်လေးခင်းနေလိုက်တယ်။ ဟုတ်တယ်လေ။ စကားပြောကောင်းတဲ့လူတွေ၊ စကားကောင်းပြောတဲ့လူတွေတောင် လွန်ရောကျွံရော ပြောနိုင်လှ နှစ်နာရီပေါ့။ လူကြားမကောင်းတဲ့ ဖရုသဝါစာတွေဘယ်လောက်ထိ ပြောနိုင်မှာမို့လို့တုန်း။

သိပ်မကြာပါဘူး။ ပြောစရာစကားကုန်သလောက်ဖြစ်၊ အားပေးတဲ့ ပရိသတ်မရှိဆိုတော့ တစ်ခန်းရပ်တော့တာပါပဲ။ မရပ်ခံနိုင်ရိုးလား၊ တစ်နာရီနီးပါးတစ်ယောက်တည်း မျက်စိနောက်အောင် လမ်းလျှောက်လိုက်၊ ပြောချင်တာပြောလိုက်နဲ့ လူအစစ်ကြီးဆိုတော့ ဘဏ္ဍာရီကခေါင်းချင်ရင် ခေါက်ကနဲ။ ခြေပစ်လက်ပစ်ခုံပေါ်ထိုင်ပြီး ဖန်ခွက်ထဲက လက်ကျန်ကို ဂွတ်ခနဲမော့ချလိုက်တယ်။ (ရေနွေးကြမ်းပြောတာ)။ နှစ်ခွက်လောက်ကုန်တဲ့ထိ အသာစောင့်ကြည့်ပြီး ဘာပြောစရာကျန်သေးလဲ မေးကြည့်တယ်။ ဘာမှပြောစရာမကျန်သလို၊ ဘာဆက်ပြောရမှန်း မသိတော့ဘူးတဲ့။ အရပ်ထဲက ရပ်ကွက်စာကြည့်တိုက် ဥက္ကဋ္ဌပေါ့။ အဖြစ်အပျက်ကသူပေါက်မယ်ဆိုလည်း ပေါက်ချင်စရာ၊ စာကြည့်တိုက်တာဝန်ရှိသူတချို့ စာကြည့်တိုက်ထဲက စာအုပ်တွေဟောင်းနေလို့ ဗီရိုလုံးကျွတ်ထုတ်ရောင်းပစ်လိုက်ကြတယ်ဆိုပဲ။

စဉ်းစားသာကြည့်ကြပါတော့။ နိုင်ငံတစ်ဝှမ်း ရှမ်းပြည်တစ်ခွင် စာဖတ်အားတွေလျော့ကျလို့ စာဖတ်ရှိန်လေးတွေမြင့်လာအောင် တစ်ပိုင်တစ်နိုင် ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ ဒီသတင်းမျိုး ကြားရတာ ဘယ်လောက်များ စိတ်ပျက်စရာကောင်းလိုက်ပါသလဲ။ အရပ်ထဲရှိတဲ့ ရပ်ကွက်စာကြည့်တိုက်လေး သက်တမ်းက နှစ်ပေါင်းလေးဆယ်မကလောက်တော့ဘူး ထင်ပါတယ်။ အဲဒီ စာကြည့်တိုက်လေးထဲမှာ ရှေးဟောင်းစာအုပ်စာပေတွေ အတော်များများ ရှိတယ်။ ငွေတာရီ၊ မြဝတီ၊ သင့်ဘဝလို စာအုပ်အဟောင်းတွေ တစ်ပုံကြီး။ ရွှေသွေး၊ တေဇ မိုးသောက်ပန်းအဟောင်းတွေ အထပ်လိုက်။ မြက်ခင်းသစ် မဂ္ဂဇင်းတွေ စင်တစ်ကန့်စာအပြည့်။ သုတရသမျိုးစုံပေးနိုင်တဲ့ စာအုပ်အဟောင်းတွေ ပေါချင်းသောချင်း။ စာကြည့်တိုက်ထဲ ဝင်လိုက်တာနဲ့ ဖတ်ချင်စရာ ဖတ်စရာကောင်းတဲ့ စာအုပ်ကောင်းတွေချည်းပါ။

ဘယ်လိုစိတ်ဓာတ်နဲ့ ရပ်ကွက်ပိုင်စာကြည့်တိုက်က စာအုပ်တွေ ရောင်းလိုက်တယ်တော့ မပြောတတ်ဘူး။ ရောင်းတဲ့လူတွေပေးတဲ့အကြောင်းပြချက်လည်း ကြည့်လိုက်ဦး၊ စာအုပ်တွေ ဟောင်းနေလို့တဲ့။ ဆရာကောင်းဆက်နိုင် စကားငှားရရင် အံ့ဩလွန်းလို့ သေလို့တောင်ရပါတယ်။ သူတို့ပြောပုံက ဗီရိုထဲသူ့အလိုလိုငုတ်တုတ်ရှိနေတဲ့ စာအုပ်တွေ ဆောင်းလာတာနဲ့အမျှ တန်ဖိုးမဲ့လာသလိုလို၊ စာအုပ်အဟောင်းတွေ ဖတ်ရင် ခေတ်နောက်ကျကျန်ခဲ့တော့မလိုလိုနဲ့။ အဲဒါကြောင့်လည်း ခေတ်သစ်အရပ်ပညာရှိတချို့ပြောကြတာ။ အဖိုးထိုက်တဲ့ ပြည်တန်ပတ္တမြားဖြစ်ပါစေ တန်ဖိုးမသိတဲ့ နလပိန်းတုံး လက်ထဲရောက်ရင် လျှပ်စစ်မီးမရှိတဲ့ရွာက လွတ်တွတ်တွတ်နွားကျောင်းသားလက်ထဲ နောက်ဆုံးပေါ် အိုင်ဖုန်းရောက်တဲ့အတိုင်းတဲ့။ဒီလိုလူတွေ ရပ်ကွက်စာကြည့်ကော်မတီထဲရောက်တာ ဩချရလောက်ပါတယ်။

ဘယ်အချိန် ဘယ်ကာလမှာ ပြောင်သလင်းခါအောင် ရောင်းလိုက်တယ်ဆိုတာ ဥက္ကဋ္ဌဖြစ်တဲ့သူကိုယ်တိုင်တောင် မသိလိုက်ဘူးလို့ ပြောတယ်။ အတော်လက်ဆလက်နကောင်းတယ် ပြောရမှာပေါ့လေ။ နောက်စာအုပ် အဟောင်းရောင်းရတဲ့ တန်ဖိုးတွေ။ ဘယ်အိတ်ထောင်ထဲ ခြေထောက်ပေါက်တယ်ဆိုတာ သဲလွန်စရှာမရဘူး။ ဆားပုလင်းနှင်းမောင်ကိုယ်တိုင်စွဲချက်တင်ရင်တောင် ဒီအမှုက အတော်ရုံးချိန်းများမယ့် အနေအထား။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းက အမှုရုံးချိန်းတောင် နောက်ကောက်ကျသွားမယ်ထင်ပါတယ်။ စာကြည့်တိုက်ထဲက ဟောင်းလောင်းဖွင့်ခံထားရတဲ့ ရှေးဟောင်းကျွန်းဗီရိုတွေခမျာ ဝတ်လစ်စလစ်နဲ့ မင်သမီးနောက်လိုက်တွေကို ဖြစ်လို့။ ကြာကြာသာ ဒီအတိုင်းလွှတ်ထားရင် ရှိသမျှ အကုန်လုံး အတန်းရောက်မှာတောင်မြင်ယောင်မိပါသေးတယ်။(အဟောင်းတန်း)။

လက်စွမ်းပြတဲ့ ကျေးဇူးရှင်များကလည်း လုပ်မယ့်လုပ်တော့ တကယ့်အချိန်ကောင်း။ မကြာခင် နွေရာသီကျောင်းပိတ်ရက်ရောက်တော့မယ်။ တစ်နှစ်ပတ်လုံး ကျောင်းစာနဲ့ နပန်းသတ်ခဲ့ရတဲ့ ကျောင်းသူ၊ ကျောင်းသားကလေးတွေ ခဏတာ အနားရတဲ့အချိန်၊ (ကျူရှင်မတက်ခင် ခဏပေါ့)အကုန်မဟုတ်တောင် တချို့တဝက်တော့ စာကြည့်တိုက်ကို ရောက်လာနိုင်ပါတယ်။ အမှန်တကယ် စာဖတ်ချင်စိတ်ရှိတဲ့ ကလေးတွေလည်း ရှိပါတယ်။ ဒီလိုအချိန်မှာ ဗီရိုလုံးကျွတ်ရုံခါလိုက်တော့ စာရွက်နဲ့ စာဖတ်ချင်တဲ့ ကလေးတွေက အရပ်တကာစာကြည့်တိုက်ကို လှမ်းပြီး ဒွေးလေးတော်ရမယ့် အပေါက်မျိုး။ အရပ်စာကြည့်တိုက် ဥက္ကဋ္ဌတော့ ရဲအဖမ်းခံရတဲ့ အရှုံးလိုဖြစ်လို့။ မတတ်သာတဲ့အဆုံး ရုံးချိန်းများမယ့် စာအုပ်အရှုပ်တော်ပုံကို ခဝါချ၊ ရှိစုမဲ့စုစာအုပ်တွေနဲ့ မင်းသမီးနောက်လိုက်ဖြစ်သွားတဲ့ ဗီရိုတွေကို ဝတ်ကောင်းစားလှဖြစ်အောင် လုပ်ပေးရတော့တာပါပဲ။

ထားတော့။ အရပ်ထဲက စာအုပ်အရှုပ်တော်ပုံအမှုအကြောင်းရေးရင် ရာဇဝင်ထဲက ပုံပြင်ကြိုက်တဲ့ ဘုရင်ကြီးတစ်ရေးပြန်နိုးလာမှာတောင် စိုးရပါတယ်။ ခြေကောလက်ပါ ကျွံချင်တာကျွံ လွန်ချင်သလောက်လွန်သွားပြီးမှ တစ်ဦးတစ်ယောက်ဘုနဲ့ဘောက်နဲ့ကျရင်လည်း ပြဿနာထပ်တက်တာကလွဲလို့ အကြောင်းထူးစရာလမ်းမမြင်ဘူး။ နောက်တစ်ခါ တန်ဖိုးမသိတဲ့ လူတွေ၊ တန်ဖိုးထားရကောင်းမသိတဲ့လူတွေလက်ထဲ တန်ဖိုးရှိတဲ့ပစ္စည်းမရောက်အောင် လုပ်ရုံရှိတာပေါ့။ မြန်မာနိုင်ငံလို အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေးကွေးတဲ့ နိုင်ငံမှာ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ရတာ အလွန်ခက်ခဲတဲ့အရာတစ်ခုပါ။ လူငယ်လူထုကြား စာဖတ်အား ပျောက်ကွယ်သလောက်နီးပါးလျော့ကျနေတဲ့အချိန်မှာ လုပ်ကိုင်ရတာဖြစ်တဲ့အတွက် သာမန်အချိန်တွေထက်ပိုလို့တောင် ခက်ခဲပါတယ်။

ဒါပေမဲ့ ဒီလိုအခက်အခဲတွေကို ကျော်ဖြတ်ပြီး လူငယ်တွေ စာဖတ်ရှိန်မြင့်တက်လာအောင် လုပ်ကိုင်နေတဲ့ စာကြည့်တိုက်တချို့ကို အားတက်ဖွယ် မြင်တွေ့နေရပါသေးတယ်။ နီးစပ်ရာ တချို့ကို တင်ပြရမယ်ဆိုရင် ရှမ်းစာပေနှင့်ယဉ်ကျေးမှုပြတိုက်အတွင်းက စာကြည့်တိုက်၊ တောင်ကြီးတက္ကသိုလ်စာကြည့်တိုက်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရုံးအတွင်းက စာကြည့်တိုက်၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း တရားဥပဒေစိုးမိုးရေးကွန်ရက်က ဖွင့်ထားတဲ့ အခမဲ့စာဖတ်ခန်း။ ကမ္ဘောဇစာကြည့်တိုက်၊ စာပေပြတင်း၊ ချယ်ရီအလင်း၊ ရွှေသို့၊ နွေအရိပ်အစရှိတဲ့ စာကြည့်တိုက်တွေအပြင် ရပ်ကွက်တချို့မှာလည်း စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားအောင် ကြိုးပမ်းလုပ်ဆောင်နေကြပါတယ်။ စာကြည့်တိုက်လုပ်ဆောင်ရခြင်းရည်ရွယ်ချက်ကို နွေအရိပ်စာကြည့်တိုက်ဖွင့်ထားတဲ့ မသီတာက အခုလိုပြောပါတယ်။

‘‘ကျွန်မ ဒီနွေအရိပ် စာကြည့်တိုက်ကို ၉-၁၀-၂၀၁၁ မှာ စတင်ဖွင့်ခဲ့တာဖြစ်ပါတယ်။ စလုပ်တုန်းက ကျောင်းစာမှာ လိုအပ်ချက်ရှိတဲ့ ကလေးတွေကို နွေရာသီမှာ စာသင်ပေးဖို့ပါ။ နောက်ပိုင်း ကလေးလူငယ်တွေကြား စာဖတ်အားနည်းလာတာတွေ့တဲ့အတွက် စာဖတ်ရှိန်တက်လာအောင် စာကြည့်တိုက်ကို အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။ စာကြည့်တိုက်အနေနဲ့ ပညာရေးနဲ့ ပတ်သက်တာတွေဖြည့်ဆည်းနိုင်အောင်လည်း လုပ်ဆောင်နေပါတယ်။ နွေရာသီ ကျောင်းပိတ်ချိန်ဆိုရင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနဲ့ တခြားဖွံ့ဖြိုးရေးနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေ သင်ကြားပေးပါတယ်။ ကွန်ပျူတာနဲ့ ပတ်သက်တဲ့အခြေခံ သင်တန်းတွေ အခါအားလျော်စွာ သင်ပေးပါတယ်။ ကလေးတွေ စာဖတ်မှ၊ ကလေးတွေစာတတ်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တဲ့အတွက် နိုင်သလောက် ကြိုးစားသွားမှာဖြစ်တယ်’’ လို့ ပြောပါတယ်။

တိုင်းပြည်တစ်ခုဖွံ့ဖြိုးတက်အောင်လုပ်တဲ့နေရာမှာ စာတတ်ပေတတ် ပညာတတ်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ ဒီလိုပညာတတ်တွေဖြစ်ဖို့အတွက် စာသင်ကျောင်းက သင်ခန်းစာတွေနဲ့ လုံလောက်ခြင်းမဖြစ်နိုင်သေးပါဘူး။ အသိပညာဗဟုသုတတိုးပွားစေမယ့် ပြင်ပစာအုပ်စာပေတွေကို လေ့လာဖတ်ရှုဖို့ လိုအပ်ပါတယ်။ အများစုသော ကလေးတွေ စာဖတ်နိုင်ဖို့ အဓိကကျတဲ့လိုအပ်ချက်က ရပ်ကွက်ကျေးရွာစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်လာရေးပါ။ စာကြည့်တိုက်တံခါးတွေများများဖွင့်နိုင်မှ၊ စာကြည့်တိုက်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှ ထောင်ပူးဝရောက်မယ့် ခြေလှမ်းတွေ တားဆီးနိုင်မှာဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ် ပညာတတ်တဲ့ ကလေးတွေ ပေါ်ထွန်းလာစေဖို့ စာကြည့်တိုက်များ လူစည်ကားမှသာ ဖြစ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘာ့ဇတိုင်း

■ စိုင်းကွမ်းမိုင်း

# တရုတ်–ဂျပန် အားပြိုင်ရန်အတွက် ဆင်ကာကူ ကျွန်းစု အနေအထား

တရုတ်နှင့် ဂျပန်တို့၏ ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ဆင်ကာကူကျွန်းထည်ရှိရာ အရှေ့တရုတ်ပင်လယ်တွင်းတွင် ကင်းလှည့်နေသည့် တရုတ်တိုက်လေယာဉ်နှင့် စစ်သင်္ဘောအရေအတွက်သည် ဂျပန်ပိုင်စစ်သင်္ဘောနှင့် တိုက်လေယာဉ်ထက် အရေအတွက် ပိုမိုများပြားနေသဖြင့် ဂျပန်အတွက် ခြိမ်းခြောက်မှုများစွာဖြင့် တက်လာသည်ကို တွေ့ရှိရသည်။ ဆင်ကာကူကျွန်းစုတန်းသည် တရုတ်ပြည်မကြီး၏ အရှေ့ဘက်ထိုင်ဝမ်ကျွန်း၏ အရှေ့မြောက်ဘက်နှင့် ဂျပန်နိုင်ငံ နယ်နိမိတ် ကိုကီနာဝါကျွန်း၏ အနောက်ဘက်တွင် တည်ရှိသည်။ ဆင်ကာကူကျွန်းစုတန်းသည် တည်နေရာ အနေအထားအရ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးပါသဖြင့် နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဟု ဆိုနေကြခြင်းပင် ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ဂျပန်အစိုးရက ဆင်ကာကူကျွန်းစုတန်းအနက် ကျွန်းသုံးကျွန်းကို ပုဂ္ဂလိကပိုင်ရှင်များထံမှ ဝယ်ယူလိုက်ခြင်းကြောင့် တရုတ်ကို ဒေါသထွက်စေသည်ဟု ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် အထူးလေ့လာရေးအဖွဲ့ RAND ၏ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း (၂၄–၁–၂၀၁၉)ရက်နေ့ထုတ် အင်တာနက် ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။ ထိုကျွန်းများကို ဂျပန်မှ ဝယ်ယူထားပြီးနောက်ပိုင်း၌ ဆင်ကာကူကျွန်းစုအနီး ပတ်ဝန်းကျင်တွင် တရုတ်၏ ပင်လယ်ရေကြောင်းနှင့် လေကြောင်း စစ်ရေးလှုပ်ရှားမှုများ သိသာထင်ရှားစွာ တိုးမြှင့်လာခဲ့သည်။ ၂၀၁၅ ခုနှစ် မတိုင်မီကတည်းကပင် နှစ်နိုင်ငံကြား စစ်ရေးပြိုင်ဆိုင်မှုများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ပြိုင်ဆိုင်မှုများ ပြင်းထန်လာတော့သည်။ ၂၀၁၅ ခုနှစ် တရုတ်ကာကွယ်ရေးမူဝါဒတွင် ဂျပန်နိုင်ငံသည် စစ်တပ်အားခေတ်မီရန် ကြိုးပမ်းအားထုတ်မှုများသည် ကြီးမားသည့် စိုးရိမ်ဖွယ်ရာကိစ္စပင် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ထိုနှစ်၏ ဂျပန်ကာကွယ်ရေး မူဝါဒ၌လည်း တရုတ်အား အန္တရာယ်ပြုရန် အလားအလာရှိသည့် ခြိမ်းခြောက်မှုအဖြစ် ဖော်ပြခဲ့သည်။ ဆင်ကာကူကျွန်းစုအနီးတွင် နှစ်ဘက်စလုံး၏ တပ်ဖွဲ့များ လှုပ်ရှားနေမှုကား စိုးရိမ်ဖွယ်ရာ အဆင့်သို့ ရောက်ရှိလာတော့သည်။

ရေကြောင်းအားပြိုင်မှု

တရုတ်၏ စစ်အင်အားကြီးထွားမှုကို ဖော်ပြသည့် လုပ်ရပ်တစ်စိတ် တစ်ဒေသအဖြစ်ဆင်ကာကူကျွန်းစုအနီးတွင် စစ်အင်အား ပြသနေခြင်းသည် အာရှဒေသတွင်း၌ အင်အားကြီးနိုင်ငံဖြစ်သည်။ ဂျပန်အားကျော်တက်နိုင်ရန် တရုတ်မှ ကြိုးပမ်းနေပုံရသည်ဟူ၍ RAND အစီရင်ခံစာတွင် သုံးသပ်ထားသည်။ ဂျပန်နှင့် စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှု ပြုလုပ်ရန် မလိုဘဲ အရှေ့တရုတ်ပင်လယ်တွင်း ဒေသအား တရုတ်တပ်ဖွဲ့မှ စိုးမိုးအုပ်ချုပ်နိုင်ကြောင်း ဖော်ပြ၍ ဂျပန်၏ ဆင်ကာကူကျွန်းများ စီမံအုပ်ချုပ်မှုအပေါ် စိန်ခေါ်ရန် ရည်ရွယ်ချက်လည်း ရှိနေပုံရှိသည်။ တရုတ်စစ်အင်အားကို ဂျပန်က အမီလိုက်ရန် ကြိုးစားနေသော်လည်း တရုတ်ဘက်မှ အရှိန်မြင့်လာသည့်အတွက် ဒေသတွင်းတရုတ်၏ စစ်ရေးလှုပ်ရှားမှုများကို ဂျပန်မှ မယှဉ်နိုင်ဘဲဖြစ်လာသည်ဟု သုံးသပ်ထားသည်။




၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှစ၍ နှစ်ကုန်သည်ထိ ဂျပန်ပိုင် ဆင်ကာကူကျွန်းစုနယ်နိမိတ်သို့ တရုတ်ကမ်းခြေစောင့်တပ် ရေယာဉ်များ ကျူးကျော်မှု ၆၈ ကြိမ် ရှိခဲ့သဖြင့် ကြုံတွေ့ဖူးခြင်း မရှိသည့် ကျူးကျော်မှုအရေအတွက် ဖြစ်သည်။ ထိုလှုပ်ရှားမှုကို တရုတ်က ဆက်လက်၍ အရှိန်မြှင့်တင် လုပ်ဆောင်ခဲ့ရာ တရုတ်စစ်ရေယာဉ်များသည် ၂၀၁၃ ခုနှစ်တွင် ၁၈၈ စီး၊ ၂၀၁၄ ခုနှစ်တွင် ၈၈ စီး၊ ၂၀၁၅ ခုနှစ်တွင် ၆၈ စီး၊ ၂၀၁၆ ခုနှစ်တွင် ၁၂၁ စီးထိ ကျူးကျော်ဝင်ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်နှစ်လယ်ပိုင်းမှစ၍ တရုတ်စစ်ရေယာဉ်များသည် ဆင်ကာကူကျွန်းပိုင်နက်တွင်းသို့ တစ်လလျှင် ပျမ်းမျှအနည်းဆုံး ခုနှစ်ကြိမ်မှ ကိုးကြိမ်ထိ ဝင်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံရေပိုင်နက် မဟုတ်သော်လည်း ဆက်စပ်နေသည့် အနီးဝန်းကျင်ပင်လယ်ပြင်သို့ ကျူးကျော်ဝင်ရောက်မှု အနည်းဆုံး ၇၀ မှ ၉၀ ထိ ပြုလုပ်ခဲ့သည်။

လေကြောင်းအားပြိုင်မှု

တရုတ်နှင့် ဂျပန်တို့သည် အရှေ့တရုတ်ပင်လယ်တွင်းတွင် လေကြောင်းအင်အား ပြိုင်ဆိုင်မှုရှိသည်ဟု RAND အဖွဲ့မှ သုတေသီကဆိုသည်။ ဆင်ကာကူကျွန်းစုအနီး ဂျပန်လေပိုင်နက်အတွင်းသို့ လေကြောင်းဖြတ်သန်းမှု မှတ်တမ်းအရ ၄၅ နှစ်တာ ကာလအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် တရုတ်အစိုးရတပ်ဖွဲ့၏ Y-12 လေယာဉ်တစ်စီးသည် ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်ခဲ့သည်။ ၂၀၁၃ နိုဝင်ဘာလ ၁၅ ရက်တွင် အရှေ့တရုတ် ပင်လယ်အတွင်းတရုတ်၏ လေကြောင်း ကာကွယ်ရေးဇုန် ADIZ ကို ဆင်ကာကူကျွန်းအထက်ကောင်းကင်ယံထိ တိုးချဲ့သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ထိုပိုင်နက်သတ်မှတ်ဇုန်သည် ဂျပန်နှင့် အခြားအိမ်နီးချင်းနိုင်ငံများ၏ လေပိုင်နက်ဇုန်များနှင့် လွတ်ကင်းခြင်းမရှိသည် သာမက ထပ်နေသည့် နယ်မြေများလည်း ပါဝင်သည်။ တရုတ်အမျိုးသားကာကွယ်ရေးဌာနမှ ထုတ်ပြန်ချက်အရ ADIZ ဇုန်အတွင်းသို့ ဝင်ရောက်သည့် လေယာဉ်များသည် တရုတ်အာဏာပိုင်များထံ အကြောင်းကြားရန် လိုအပ်ပြီး ADIZ ဇုန်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာရန် ပျက်ကွက်ပါက စစ်ရေးအရ အရေးယူဆောင်ရွက်မှုမျိုးနှင့် ရင်ဆိုင်ရမည်ဟု ဖော်ပြထားသည်။ တရုတ်အာဏာပိုင်များ၏ ADIZ ဇုန်သတ်မှတ်ချက်သည် လွန်စွာနက်ရှိုင်းလှသည့် အန္တရာယ်ဆိုးကြီး ဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနကသတ်မှတ်ထားသည်။

၂၀၁၂ ခုနှစ်မှစ၍ ဂျပန်နိုင်ငံ လေပိုင်နက်အနီးတွင် ခေါက်တုံ့ခေါက်ပြန် ပျံသန်းနေသည့် တရုတ်စစ်လေယာဉ် အရေအတွက်သည် သိသာစွာ တိုးတက်လာသည်။ ယနေ့လက်ရှိအခြေအနေသည် နှစ်နိုင်ငံစလုံးမှ တိုက်လေယာဉ်များသည် တစ်ဖက်နှင့်တစ်ဖက် လွန်စွာနီးကပ်သည့် အနေအထားဖြင့် ပုံမှန်ပျံသန်းနေသဖြင့် တစ်ဖက်နှင့်တစ်ဖက် ခန့်မှန်းတွက်ချက်မှုအရ စိုးရိမ်ဖွယ်ရာ ပြဿနာများ ဖြစ်မည့်အလားအလာတိုးနေသည်ဟု RAND အစီရင်ခံစာတွင် ရှင်းလင်းထားသည်။ တရုတ်နိုင်ငံ တစ်ဝှမ်းလုံးတွင် တာဝန်ပေးထားသည့် တိုက်လေယာဉ်သည် အစီးရေ ၁၇၀၀ ရှိပြီး ဂျပန်သည် ၁၈၈ စီးရှိသဖြင့် အရေအတွက်အရ တရုတ်မှ အသာရနေသည်။ ဂျပန်နိုင်ငံလေပိုင်နက်အနီး တရုတ်လေယာဉ်များ မကြာခဏ ပျံသန်းနေခြင်းသည် တိုက်လေယာဉ်များစွာ ပိုင်ဆိုင်ထားသည့် တရုတ်လေတပ်အတွက် အပန်းမကြီးသော်လည်း ရင်းမြစ်အကန့်အသတ်ရှိသော ဂျပန်ကာကွယ်ရေးလေတပ် (JASDF)အတွက် အခက်အခဲတစ်ရပ်ဖြစ်နေသကဲ့သို့ စိန်ခေါ်မှုလည်း ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ ၂၀၁၆ ခုနှစ်အတွင်း ဆင်ကာကူကျွန်းစု အနီးနှင့် အရှေ့တရုတ်ပင်လယ်အတွင်း အထက်ကောင်းကင်ယံ၌ ပျံသန်းသည့် တရုတ်တိုက်လေယာဉ်များကို ဆန့်ကျင်ရန် ဂျပန်တိုက်လေယာဉ် ပျံသန်းမှု စုစုပေါင်း ၇၃ ရာခိုင်နှုန်း အသုံးပြုခဲ့သည်။

သံတမန်နည်းလမ်း

အငြင်းပွား ကျွန်းစုအနီး တရုတ် ကျူးကျော်မှုကို ဟန့်တားရန် ကြိုးပမ်းရာတွင် ဂျပန်ကသံတမန်နည်းလမ်းကို အဓိက ထားသည်။ အင်ဒိုပစိဖိတ်ဒေသအတွင်းတွင် ဩစတြေးလျ (အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ကဲ့သို့သော အရှေ့တောင်အာရှ နိုင်ငံများအပါအဝင် နိုင်ငံများစွာနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ဂျပန်မှ ခိုင်မာစွာ ထူထောင်ထားသည်။ သိသာထင်ရှားစွာ မြင်တွေ့ရခြင်း မရှိသော်လည်းကွန်ရက်ဖွဲ့ လှုပ်ရှားသော ဂျပန်၏ မဟာဗျူဟာသည် တရုတ်၏ ရန်စကျူးကျော်မှုကို တန်ပြန်ရာတွင် တားထားလောက်သည့် သံတမန်နည်းလမ်းဖြင့် ထောက်ခံအားပေးမှုမျိုးသည် တဖြည်းဖြည်းချင်း တိုးမြှင့်လာသည်။ အချို့သော သံတမန်ဆက်ဆံရေးများသည် ကြီးမားသည့် တိုးတက်မှုများကို ဖြစ်ပေါ်စေသည်။

ဂျပန်စစ်ရေးစွမ်းရည်မြှင့်တင်ခြင်း

သို့သော်လည်း တရုတ်၏ ရန်စမှုကို တန်ပြန်ရန် ဂျပန်မှ ကြိုးပမ်းမှုတွင် စစ်အင်အားတိုးချဲ့မှုသည် သိသာထင်ရှားလှသည်။ ဂျပန်၏ကာကွယ်ရေး အသုံးစရိတ်သည် ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ၄၃ ဘီလီယံရှိရာမှ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၄၇ ဘီလီယံအထိ တိုးမြှင့်ခဲ့ပြီး ၂၀၁၉ ခုနှစ်၌ ဒေါ်လာ ၅၁ ဘီလီယံထိ တိုးမြှင့်သုံးစွဲ

စာမျက်နှာ (၂၉) သို့ ➤ ➤ ➤

## ➢ စာမျက်နှာ(၂၆) မြန်မာ့ကလေးများနေ့မှ အဆက်

ရေးကွင်းဆင်းဆောင်ရွက်၏။ ကျွန်တော်သည် မင်းလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း)မြို့မရပ်၊ အမှတ် ၁၄၇ ၌ ဆေးခန်းကို ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ အထိ နှစ်အစိတ်ဖွင့်ခဲ့သည့် ကာလအတွင်းမှာ ရှစ်လေးလုံးလူထုအုံကြွမှု အရေးတော်ပုံနှင့် ကြုံကြိုက်ခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၂ ရက်၊ ၄၂ နှစ်ပြည့်မြောက် ပြည်ထောင်စုနေ့၌ အမေစုသည် ပင်လုံမြို့ရှိ ကျောက်တိုင်၌ နိုင်ငံရေးအမိဋ္ဌာန်ပြုခဲ့ပြီးနောက် ၁၃ ရက်နေ့မှာ တောင်ကြီးမြို့တွင်း စည်းရုံးရေးဆင်းခဲ့ပါသည်။

မှတ်မိနေဆဲ

ထို ၁၃ ရက်နေ့ နံနက်စောစော၌ ကျွန်တော့်ဦးဇင်းရှိရာ အောင်မြေသာစည်ရွှေကျောင်းတိုက်သို့ နေ့ဆွမ်းအတွက် ဆွမ်းဟင်းချိုင့်သွားလှူ၏။ ဆေးခန်းဖွင့်ရန်ရှိသေး၍ ၇ နာရီခွဲကျော်တွင် ကျောင်းတိုက်မှ ပြန်ဆင်းလာသည်။ စည်ပင်လိုင်းအနီးသို့ရောက်သောအခါ ကားတန်းရှည်ကြီးနှင့်းတိုး၏။ စတစ်ကော်လာ ရှပ်ဖြူလည်ခေါင်းတုံး၊ ပင်နီတိုက်ပုံ၊ ကချင်ပုဆိုးစိမ်းကွက်များ ဆင်တူဝတ်ဆင်ထားကြသော ကျောင်းသားလူငယ်များကားပေါ်၌ ပါသွားကြ၏။ ဘေးဘီက "ဒေါ်အောင်ဆန်းစုကြည်အောင်တော်မူဘုရားသွားကန်တော့တာတဲ့'၊ အာဇာနည်ဝန်းသို စော်ဘွားကြီးစဝ်အောင်မြတ်ဂူကိုလည်း ဂါရဝပြု ဝင်ကန်တော့ဦးမှာတဲ့" ဟူ၍ တစ်စွန်းတစ်စ ပြောသံများကြားရ၏။ ကားတစ်စီးပေါ်၌လည်း မျက်မှန်ဝင်းဝင်း၊ ရုပ်ရည်သန့်ချောသော လူငယ်တစ်ဦးကို သိဖူးမြင်ဖူးသလို ကားတန်းအဖြတ်၌ လှစ်ခနဲမြင်လိုက်ရ၏။ "ငါ သိပ်သိရင်းနှီးတဲ့မျက်နှာမျိုးပါ" ဟု မှတ်ဉာဏ်ကို ဖျစ်ညှစ်စစ်ထုတ်လိုက်သောအခါ ဆေး–၁ ၌ အတူတက်ခဲ့ဖူးသူ ထွန်းကျော်ငြိမ်းကို ပြန်မှတ်မိလိုက်၏။ သို့သော် ကားပေါ်၌ ပါသွားသော ကျောင်းသားမှာ ငယ်ရွယ်နုနယ်ပါသည်။ နောင်ကျမှ အမေစု၏ သက်တော်စောင့်ကျောင်းသားဝန်းရံအဖွဲ့မှ ထွန်းကျော်ငြိမ်း၏ညီဖြစ်ကြောင်း ပြန်ကြားသိရသည်ကိုလည်း ကောင်းစွာမှတ်မိနေဆဲပါ။ အိပ်မက်လိုလိုဆိုသော်လည်း ထင်ရှားပီပြင်သော ပုံရိပ်ကောင်းတစ်ကွက်။

အမေစုကိုမလိုလားသူတွေက အသက်အန္တရာယ်ပြုကြမည်ကို ပြည်သူအားလုံးတို့ စိတ်ပူနေကြသလိုပင် ကျွန်တော်ကလည်း ဖခင်တူသမီး၊ ဖခင်ဗိုလ်ချုပ်လို ရေတိမ်၌မနစ်စေချင်သော စိတ်ဖြင့် အလွန်စိုးရိမ်မိပါ၏။ မြန်မာပြည်၏ ထက်အောက်ညာကြေတစ်နံတစ်လျား စည်းရုံးရေးဆင်းနေရာ၌ အသက်လုံခြုံရေးအတွက် အုပ်ချုပ်သူများက ကာကွယ်မှု၊ စီစဉ်မှုဘာလေးမျှပေးသည်မဟုတ်ပါ။ ထို့ကြောင့် ရတနာသုံးပါးနှင့် စပ်ဆိုင်သော အဆောင်ကောင်းများကိုတော့ဖြင့် လက်ဆောင်မွန်အဖြစ် ပေးလိုက်ချင်ပါ၏။ အပြေးအလွှား စီစဉ်ရာ အမေစုကုသိုလ်ကံပင်ဖြစ်မည်။ အားလုံးလွယ်ကူချောမောစွာ ရရှိအဆင်ပြေသွား၏။ ဆေးခန်းနှင့်အနီးစပ်ဆုံးရပ်ကွက်သုံးခုကို ကြိုတင်ချိတ်ဆက်ထားလိုက်၏။ မြို့မရပ်ပါတီရုံးမှာ မြောက်ကျောင်းလမ်း အလယ်ဗလီနှင့် မျက်နှာချင်းဆိုင်၌ရှိသော ရွှက်လှမြန်မာထမင်းဆိုင်အပေါ်ထပ်၌ ဖွင့်ထား၏။ ကြိုတင်ချိန်းထားသော လူနာပြတ်လပ်ချိန်၊ နေ့ခင်း ၁ နာရီမထိုးမီ ကျွန်တော်သွားစောင့်နေ၏။ စိတ်ဆန္ဒရှိသည့်အတိုင်း အောင်မြင်စွာလည်ပင်းတွင် ဆွဲပေးလိုက်နိုင်၏။ အင်းလက်ရာငွေထည်၊ ဘော်ဆွဲကြိုးသေးလေးနှင့်ပါ။ နောက်ပိုင်း ရောဝတီတိုင်း၌ သေနတ်ခလုတ်ဖြုတ်လုနီး အန္တရာယ်၊ ဒီပဲရင်းလုပ်ကြံမှု အန္တရာယ်တို့တွင် ကံကောင်းထောက်မစွာ အမေစု ဘုန်းကံကြီးမားလွန်း၍ သီသီလေးလွတ်မြောက်လာခဲ့ခြင်းဖြစ်၏။

ယခုအခါ ဗိုလ်ချုပ် ၁၀၄ နှစ်ပြည့်ပြီ။ အမေစု ဇွန်လ ၁၉ ၌ ၇၄ နှစ်ပြည့်မည်။ မြန်မာ့ကလေးများနေ့၌ မြန်မာ့ကလေးများအနက် ဗိုလ်ချုပ်လို၊ ဗိုလ်ချုပ်သမီးလို၊ ဖြောင့်မတ်စွမ်းထက်သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းကြီးများ ပေါ်ထွန်းလာပါစေကြောင်း ဆုတောင်း။ ။

### ကဗျာ

## "ဖေဖော်ဝါရီ ၁၃ ရက်"

ဗိုလ်ချုပ်မွေးနေ့၊ ကလေးများနေ့
ချမ်းမြေ့စိတ်ကြည်၊ ပျော်ရွှင်ရည်လျှက်၊ ဇာနည်ယောက်ျား
သမီးများလည်း ထင်ရှားပေါ်ထွန်း စေတနာတွန်းအား
များလွန်းမေတ္တာ၊ ကျိုးဆောင်ရာ၌၊ ဉာဏ်ဖြာလင်းလက်
ခင်းအခက်ကို၊ လွယ်လျက်ဖြတ်ကျော်၊ ဖြေရှင်း'တော်'သည်
မပျော်မခြား၊ စွမ်းအားပြည့်ကာ၊ မရှာကိုယ်ကျိုး၊
မျိုးမငဲ့ကွက်၊ အသက်စွန့်ပေး၊ တိုင်းပြည်ရေးဆို
ညလိုလည်းထ၊ ဇွဲလုံ့လနှင့်၊ ကျရာတာဝန်
လွန်ကျေပွန်သည့်၊ အမွန်ခေါင်းဆောင်၊ ထွန်းလင်းပြောင်သော
မောင်မယ်အများ၊ ဗိုလ်ချုပ်လားသို့၊ မခြားတစ်နည်း
သမီးဗိုလ်ချုပ်၊ ထွတ်ခေါင်အုပ်မို့၊ သမုတ်အပ်သား
လောကများနတ်၊ သမ္မုတိနတ်ဟု၊ ယူမှတ်လူထု
ကြည်ညိုပြုသည်၊ မေစုအလား၊ လူငယ်များလည်း
ပေါ်ကြားပါစေ၊ ရာထောင်နေသို့၊ လင်းဝေဖြာဖြာ
ကမ္ဘာချဉ်းအောင်၊ ကောင်းကျိုးဆောင်လို့၊
ထွန်းပြောင်ကျော်ကြားစေသတည်း။ ။

□ မင်းသန့်ဦး(တောင်ကြီး)

## ➢ စာမျက်နှာ(၂၈) ဆင်ကာကူ ကျွန်းစု အငြေအထားမှ အဆက်



ရန် လျာထားသည်။ တိုးမြှင့်လာသည့် ကာကွယ်ရေးအသုံးစရိတ်ဖြင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေး၊ ကင်းထောက်သတင်း ရယူရေးနှင့် စစ်ရေယာဉ်များ ဖျက်ဆီးတိုက်ခိုက်နိုင်ရေးစွမ်းရည်များ အပါအဝင် ဂျပန်တပ်ဖွဲ့၏ တိုက်ခိုက်ရေးစွမ်းရည်အား အဘက်ဘက်မှ တိုးတက်ကောင်းမွန်စေပြီး စစ်အင်အားတိုးချဲ့ရာ၌ အသုံးပြုနိုင်ခဲ့သည်။ ရေငုပ်သင်္ဘောနှင့် ဖျက်သင်္ဘောအုပ်စု အရေအတွက် တိုးမြှင့်ခြင်း ကုန်းရေနှစ်ထွေ တိုက်ခိုက်မှုအား အချိန်တိုအတွင်းဆောင်ရွက်မည့်တပ်များ ဖွဲ့ခြင်း ဆင်ကာကူကျွန်းစုအနီး ဂျပန် ပိုင်နက်ကျွန်းများပေါ်တွင် အရေးပါသည့် တရုတ်စစ်ရေးတည်ဆောက်မှုများ ပြုလုပ်ခြင်းနှင့် ဘိုကီနာဝါလေတပ်စခန်းမှ လေတပ်ယူနစ်တစ်ခု ချထားခြင်းတို့ ဆောင်ရွက်နေကြောင်းတို့ကို RAND အဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။ ဂျပန်ကမ်းခြေ စောင့်တပ်ဖွဲ့အတွက် တိုးမြှင့်လိုက်သည့်ပြင် ဆင်ကာကူကျွန်းစု အနီးတွင် အထူးတာဝန်ကင်းလှည့်ရန်အတွက် သီးသန့်ကမ်းခြေစောင့်တပ်ဖွဲ့ကိုလည်း ထူထောင်ခဲ့သည်။ တရုတ်၏ ကျူးကျော်ဝင်ရောက်မှုကို တုံ့ပြန်ရာတွင် ဂျပန်ကမ်းခြေစောင့်တပ်က ဦးဆောင်နေသဖြင့် ထိုကဲ့သို့ အသုံးစရိတ်တိုးမြှင့်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျပန်လေတပ်ကိုလည်း ပြန်လည်ပြုပြင်ဖွဲ့စည်းပြီး တရုတ်၏ တိုးမြှင့်လာသည့် လေကြောင်းလှုပ်ရှားမှုများနှင့် ဘက်ညီစေမည့် လက်နက် ကိရိယာများကိုဝယ်ယူတပ်ဆင်နေသည်။ ၂၀၁၄ ခုနှစ် ဧပြီလတွင် JASDF ၏ ၆၀၃ ခုမြောက် လေယာဉ်အုပ်စုကို ဘိုကီနာဝါကျွန်းပေါ်ရှိ နာဟာလေတပ်စခန်းတွင် တိုးချဲ့ထားရှိခဲ့သည်။ ထိုလေယာဉ် အုပ်စုသည် အစောဆုံး သတိပေးသည့် လေယာဉ်အမျိုးအစား E-2 CHaw Keye လေယာဉ်တစ်စီး ပါဝင်သည်။ ၂၀၁၆ ခု ဇန်နဝါရီလတွင် နာဟာလေတပ်စခန်းသို့ F-15 လေယာဉ်များ ပါဝင်သည့် ဒုတိယလေယာဉ်အုပ်စုကို ထပ်မံအားဖြည့်ခဲ့သည်။ ထိုတိုက်လေယာဉ်များသည် တရုတ်လေယာဉ်များကို ကြားဖြတ်ဟန့်တားမှုကို နေ့စဉ်ပြုလုပ်နေရသဖြင့် ကုန်ကျစရိတ် ပိုမိုတိုးမြှင့်လျက်ရှိသည်။ JASDF ၏ အသုံးစရိတ် မြင့်တက်နေသည့်အချက်အရ ကြားဖြတ်ဟန့်တားရသည့်အကြိမ်အရေအတွက် များလာသောကြောင့် လေယာဉ်များအား စစ်ဆေးမှု ထိန်းသိမ်းပြုပြင်မှု စရိတ်များ တိုးမြှင့်လျက်ရှိနေကြောင်း ဖော်ပြထားသည်။ JASDF ၏ လေယာဉ်မှူးလေ့ကျင့်ရေးအပေါ်တွင်လည်း ဖိစီးမှုဖြစ်စေသည်။ JASDF ဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်ထက်မြက်မှု ရရှိရန် အချိန်များစွာ ပေးရသောကြောင့် အခြားသော လေ့ကျင့်မှုများအတွက် အချိန်များလွန်စွာ လျော့ကျစေခဲ့ရသည်။ လေတပ်တွင် F-2 တိုက်လေယာဉ်၊ F-4 နှင့် F-15 တို့၏ နေရာတွင် F-35 တိုက်လေယာဉ်များဖြင့် အစားထိုးရသဖြင့် ဂျပန်လေယာဉ်မှူးနှင့် လေကြောင်းဝန်ထမ်းများအတွက် အလုပ်ပိုများလျက်ရှိသည်။ ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ဂျပန်မှ F-35 တိုက်လေယာဉ် ၁၄၁ စီး ဝယ်ယူရန်အမှာစာ ပေးပို့ထားပြီး ဖြစ်သည်။

တရုတ်ဘက်မှလည်း အားဖြည့်မှုများကို ပြုလုပ်လျက်ရှိရာ တရုတ်တပ်ဖွဲ့၏ အရေအတွက် အားသာမှုကို ရေရှည်တွင် အမီလိုက်နိုင်ရန် ဂျပန်၏ ပြုပြင်မှုများသည် လုံလောက်မှုကင်းမဲ့၍ လှစ်ဟာလျက်ရှိနေသည်။ ဆင်ကာကူကျွန်းစု ပိုင်ဆိုင်မှုအငြင်းပွားနေခြင်းကို နှစ်နိုင်ငံအားပြိုင်ရန် နှစ်ပေါင်းများစွာ အချိန်ယူရမည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု RAND အစီရင်ခံစာက အကြံပြုထားသည်။

❐

VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019
ကမ္ဘောဇတိုင်း

# ကျောက်မဲတွင် ရှမ်းလက်နက်ကိုင် ၂ ဖွဲ့၏ တိုက်ပွဲကြောင့် ဒေသခံ ၅၀၀ ကျော် မြို့ပေါ်သို့ စစ်ရှောင် ရောက်ရှိလာ

မင်းဇော်မင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ပန်လော့နှင့် နမ့်ပျဉ်ကျေးရွာများ အနီးတွင် ရှမ်းလက်နက်ကိုင်တပ်ဖွဲ့ ၂ ခုဖြစ်သော RCSS နှင့် SSPP တို့ အပြန်အလှန် ပစ်ခတ်မှုများကြောင့်ဒေသခံရွာသူ/ရွာသား ၅၀၀ ခန့်မှာ ဖေဖော်ဝါရီလ ၉ ရက် ညပိုင်းမှစ၍ ကျောက်မဲမြို့ပေါ်သို့ စစ်ရှောင်ရောက်ရှိလာနေကြကြောင်း သိရသည်။



''အင်အားများတဲ့သူက ပစ်တော့ အင်အားနည်းတဲ့အဖွဲ့က ရွာထဲဝင်လိုက်/ထွက်လိုက်နဲ့ဆိုတော့ ရွာသားတွေ ရွာဘုန်းကြီးကျောင်းမှာ ညနေ ၃ နာရီလောက်က ခိုနေကြရင်း တစ်ဖက်က အင်အားဖြည့်လာတာလည်း သိရရော ညနေ ၆ နာရီလောက်ကစပြီး မြို့ပေါ်ကို ထွေလာကြ၊ ဆိုင်ကယ်စတာတွေနဲ့ ပြေးလာကြလို့ သူတို့အတွက် လိုအပ်တာတွေကို ကျောက်မဲစစ်ရှောင် ကူညီရေးကော်မတီကအစ အားလုံးလိုအပ်သမျှ ကူညီပေးနေပါတယ်။ ဘယ်လောက်ကြာမယ်ဆိုတာက မဆုံးဖြတ်နိုင်တဲ့ကိစ္စဖြစ်သလို စစ်ရှောင်တွေအတွက် ကျန်းမာရေး၊ ပညာရေးကအစ စီးပွားရေးအကုန် အထောက်အပံ့တွေထပ်မံ လိုအပ်လာမှာ ဖြစ်ပါတယ်''ဟု ကျောက်မဲမြို့မှ ကိုသားဇော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကျောက်မဲမြို့၏တောင်ဘက် ၈ မိုင်ခန့်အကွာရှိ ပန်လော့နှင့် နမ့်ပျဉ်ကျေးရွာ၂ ရွာရှိ ဒေသခံရွာသူ/ရွာသားများမှာအန္တရာယ်ကို စိုးရိမ်သောအားဖြင့် ကျောက်မဲမြို့ပေါ်သို့ တိမ်းရှောင်လာကြရာ ဓမ္မမေခနီ (ရွှေကျင်) ကျောင်းတိုက်တွင် ပန်လော့ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၁၀၂ စုမှ ၁၂ အောက်ကလေး ၉၆ ယောက် အပါအဝင် ကျား ၉၇ ဦး၊ မ ၂၁၆ ဦး၊ စုစုပေါင်း ၃၁၃ ဦး ရောက်ရှိ ခိုလှုံနေကြပြီး အောင်ဆုပန် ကျောင်းတိုက်တွင် နမ့်ပျဉ်ကျေးရွာရှိ အိမ်ထောင်စု ၅၆ စုမှ ၁၂ နှစ်အောက်ကလေး ၆၇ ဦးအပါအဝင် ကျား ၇၂ ဦး၊ မ ၁၀၈ ဦး၊ စုစုပေါင်း ၁၈၀ ဦးတို့ရောက်ရှိ ခိုလှုံနေကြကြောင်း စစ်ဘေးရှောင်စောင့်ရှောက်ရေးကော်မတီ၏ စာရင်းများအရ သိရှိရသည်။

''ရွာမှာ အိမ်စောင့်နဲ့ ဘုန်းကြီးကျောင်းကနေ မလာနိုင်သေးတဲ့ သူတွေ ကျန်သေးတယ်လို့သိရတယ်၊ ဒီနေ့ (ဖေဖော်ဝါရီ ၁၀ ရက်) လည်း ထပ်လာနိုင်သေးတယ်လို့သိရတယ်။ တိုက်ပွဲကြောင့် အထိအခိုက်မကြားပေမယ့် ကြောက်လို့ပြေးလာကြတာပါ။ ည ၁၀ နာရီအထိ ထမင်းမစားရသေးလို့သူတို့အတွက် စားစရာတွေ အဓိက လာရောက်ထောက်ပံ့ပေးတာဖြစ်ပါတယ်''ဟု ကျောက်မဲမြို့နယ်မှ ပလောင်တိုင်းရင်းသား လူမှုကူညီရေးအသင်းတစ်ဖွဲ့ဖြစ်သည့် အိုမ်တမာဝ်အဖွဲ့မှ ဒေါ်နီလာထွန်းက ပြောသည်။

ကျောက်မဲမြို့နယ် လူကယ်ပြန်ဌာနကလည်း အစိုးရမှထောက်ပံ့သည့် ပစ္စည်း ၉ မျိုးအား ဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးအတွက် မြို့နယ်ဆရာဝန်ကြီးကိုယ်တိုင် လာရောက်ကြည့်ရှုကာလိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိပြီး ဈေးခေါင်းဦးဇော်ဝင်းနှင့် စေတနာရှင်များအဖွဲ့၊ တိုက်ပွဲစစ်ရှောင်ထောက်ပံ့ကူညီရေးကော်မတီမှ ဆန်နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ထားပြီး အနီးကပ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

''ဖြစ်တာတော့ ၈ ရက်နေ့ညကတည်းက အင်အားစမ်းသလိုလုပ်နေကြတာ၊ ၉ ရက်မှ ပစ်ကြတာပါ။ RCSS ရော SSPP ရောက ရှမ်းအချင်းချင်းဆိုတော့ ရွာကလည်း ရှမ်းတွေလေ။ တစ်ဘက်ကိုကူရင် တစ်ဘက်က မကောင်းဘူး၊ အဲဒီတော့ အားလုံး ပြေးကြရတာပေါ့။ အားလုံး ဒီအတိုင်း ထားခဲ့ရတာပါ''ဟု ပန်လော့ကျေးရွာမှ စစ်ရှောင် အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါ လက်နက်ကိုင် ၂ ဖွဲ့၏ စစ်ရေးပဋိပက္ခများကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက သီပေါမြို့နယ် အတွင်းရှိ စစ်ရှောင် ၈၀၀ ကျော် နေရပ်မပြန်နိုင်သေးဘဲ နားမခေါ်၊ နားကန်၊ ဇဝံဂလိ ကျောင်းတို့တွင် ခိုလှုံနေရဆဲ ဖြစ်သည်။

# ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်းအနေဖြင့် တိုင်းရင်းသားများ၏ မည်သည့်အရေး ကိစ္စမဆို ကူညီပေးရန်အသင့်ရှိဟု ဆို

စိုင်းရာဇာ

ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း၏ ၂၀၁၉ ခုနှစ် ကိုးကန့်ရိုးရာနှစ်သစ်ကူးညစာစားပွဲနှင့် ကိုးကန့်တိုင်းရင်းသားရိုးရာ အကဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၉ ရက်၊ ညနေပိုင်းက ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်ရှိ ကိုးကန့်တိုင်းရင်းသားလူမှုရေး အသင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်းဝင် မသိဂီစိုးက အသင်းအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ မည်သည့်အရေးကိစ္စမဆို ကူညီပေးသွားရန် အသင့်ရှိနေသည်ဟု ပြောကြားခဲ့သည်။

''တောင်ကြီးမြို့နယ် ကိုးကန့်စာပေနဲ့ ယဉ်ကျေးမှုအသင်းကို ဖွဲ့စည်းထားတဲ့ ရည်ရွယ်ချက်ကတော့ တောင်ကြီးမြို့နဲ့ အနီးတစ်ဝိုက်မှာ နေထိုင်ကြတဲ့ ကိုးကန့်တိုင်းရင်းသားတွေရဲ့ လူမှုရေးအခက်အခဲတွေကို ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့၊ ကိုးကန့်စာပေနဲ့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့၊ ထုတ်ဖော်ပြသနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကိုးကန့်စာပေနဲ့ ယဉ်ကျေးမှုအသင်းအနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ မည်သည့်အရေးကိစ္စကိုမဆို ပူးပေါင်းကူညီဆောင်ရွက်ပေးဖို့ အသင့်ရှိပါတယ်'' ဟု မသိဂီစိုးက ပြောသည်။

ထို့နောက် ကိုးကန့်ယဉ်ကျေးမှုအကအဖွဲ့၊ ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှု စာသင်ကျောင်းမှ ကျောင်းသား/ကျောင်းသူများနှင့် ကိုးကန့် အမျိုးသမီးရေးရာ အသင်းတို့မှ ရိုးရာ အကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် အလှူငွေများကိုလည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းတို့က ကိုးကန့် စာပေနှင့် ယဉ်ကျေးမှုစာသင်ကျောင်း ဆောက်ရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ကိုးကန့်အမျိုးသမီးရေးရာအသင်း၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှု စာသင်ကျောင်း ဆောက်ရန်တို့အတွက် အလှူငွေများကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။




အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုးကန့် စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား/တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (င) အရ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ လောက်ကိုင်နှင့် ကုန်းကြမ်း ၂ မြို့နယ်ကို စုစည်း၍ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်း သတ်မှတ်ထားပြီး အဆိုပါ ဒေသအတွင်း လူဦးရေ ၁ သိန်း ၃ သောင်းခန့် နေထိုင်ကြကာ ၂၀၁၅ ခုနှစ်၊ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၄ သောင်းကျော် ရှိခဲ့ကြောင်း သိရသည်။

# ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယပူဇော်ပွဲကို ၆ ရက်ကြာ ပြုလုပ်မည်

ရဲရင့်ဖွဲ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော် ဘုရားဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အား မတ်လ ၁၆ ရက်မှ ၂၁ ရက်အထိ (တပေါင်း လဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ ရက်အထိ) ၆ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတပေါင်းပွဲတော် ဖွင့်ပွဲကို တပေါင်းလဆန်း ၁၁ ရက်၊ နံနက် ၇ နာရီအချိန်၌ ပွဲတော်ကျင်းပရာ စူဠာမုနိ ဓမ္မာရုံကြီးတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်နှင့် ပြိုင်ပွဲများကို လည်းကောင်း ထည့်သွင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ မတ်လ ၁၉ ရက်၌ ကျရောက်မည့် ဓနုဆုံဆည်းရာနေ့တွင် ဓနုတိုင်းရင်းသားများ ဆုံဆည်းရာနေ့ အခမ်းအနား၊ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊ မတ်လ ၁၉ ရက်၊ နံနက်ပိုင်းတွင် အာရုဏ်ဆွမ်း လောင်းလှူပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE.7 THURSDAY, FEBRUARY 14, 2019



# လယ်ယာမြေကိစ္စရပ်များသည် ပြည်သူလူထုအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများ ဖြစ်နေဟု အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား




ကိုစိုး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၈ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်ခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်သဟဇာတဖြစ်ရေး ကိစ္စရပ်များကိုမှာကြားရာတွင် လယ်ယာမြေကိစ္စရပ်များသည် ပြည်သူလူထုအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများ ဖြစ်နေပြီး စွန့်လွှတ်ပြီးလယ်ယာမြေများ မူလပိုင်ရှင်ထံ ပြန်ပေးအပ်ရေး ကြန့်ကြာမှုများ ရှိနေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကိုတင်ပြခဲ့ကြကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ကြီးခရီးစဉ်အတွင်း ပြည်သူများအနေဖြင့် သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကို အများဆုံး တောင်းဆိုလေ့ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ရှမ်းပြည်နယ်ခရီးစဉ်တွင် တစ်ခုပိုမို၍ သတိပြုမိသည်မှာ လယ်ယာမြေကိစ္စရပ်များဖြစ်ပါကြောင်း၊ ဤကိစ္စရပ်များသည် ပြည်သူလူထုအတွင်း တွေ့ကြုံနေရသည့် အခက် အခဲများဖြစ်နေသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ လယ်ယာမြေကိစ္စများတွင် စွန့်လွှတ်ပြီး မြေများ မူလပိုင်ရှင်ထံပြန်လည်ပေးအပ်ရေး ခက်ခဲကြန့်ကြာ နေရသည့်အပြင် တရားရုံးတွင်အမှုရင်ဆိုင်နေရသည့် အခြေအနေများ တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေများကို အထူးအလေးထားဖြေရှင်း ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းကဲ့သို့ သိမ်းဆည်းခံ လယ်ယာမြေ ပြဿနာများ ဖြေရှင်းရာတွင် ဖွဲ့စည်းပုံအားနည်းခြင်း၊ လုပ်ငန်းတာဝန်များ/ညွှန်ကြားချက်များကို ကောင်းစွာ သိရှိနားလည်မှု မရှိခြင်း၊ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ရှုပ်ထွေးခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မညီသဖြင့် မည်သူထံမှ မည်သည့်နေရာအား သိမ်းဆည်းခဲ့သည်ဟူသော မှတ်တမ်း အထောက်အထား ရှာဖွေရခက်ခဲခြင်း စသည်တို့ကို ရင်ဆိုင်နေရကြောင်း တရားဥပဒေစိုးမိုးရေးကွန်ရက်မှ ကိုဝင်းနိုင်စိုးက ကမ္ဘောဇတိုင်းသို့ ပြောကြားထားသည်။

''လယ်ယာမြေတွေကို တောင်သူတွေလက်ထဲ အမှန်တကယ် ရောက်ဖို့ဆိုရင် ဌာနဆိုင်ရာကပဲလုပ်နေလို့ ကတော့အမှန်မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ ရပ်မိရပ်ဖတွေနဲ့အမှန်တကယ် ဆုံးရှုံးသူတွေကိုအသေအချာ စိစစ်ပေးဖို့နဲ့ မြေယာကိစ္စတွေ ကြန့်ကြာနေတာတွေကို အချိန်ကာလတစ်ခု သတ်မှတ်ပြီး ပြီးပြတ်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်မှသာ အောင်မြင်နိုင်မယ်လို့ယူဆပါတယ်။ ဆုံးဖြတ်ချက်ချတဲ့အခါတွေမှာ အရပ်ဘက်အဖွဲ့အစည်း၊ ရပ်မိရပ်ဖ၊ ဥပဒေပညာရှင်၊ ဥပဒေ အထောက်အကူပြုသူ ဌာနဆိုင်ရာတွေ ပူးပေါင်းစိစစ်ပြီးမှသာ ဆုံးဖြတ်ချက် ချမယ်ဆိုရင် အဆင်ပြေပါလိမ့်မယ်။ တောင်သူတွေ တရားစွဲခံရတာနဲ့ ပက်သက်လို့ကတော့ နှစ်ဘက်ညှိနှိုင်းပြီး ပြေလည်မှု မရမှသာ တရားစွဲဆိုတာတွေ လုပ်သင့်ပါတယ်''ဟု ကိုဝင်းနိုင်စိုးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း လယ်ယာမြေ သိမ်းဆည်းခံရမှု အနေဖြင့် တောင်ကြီးခရိုင်တွင် ၁၂၄၁၉၆ ဒသမ ၈၀ ဧက၊ လွိုင်လင်ခရိုင်တွင် ၁၁၇၉၇ ဒသမ ၇၅ ဧကနှင့် လင်းခေးခရိုင်တွင် ၅၈၈၀ ဒသမ ၈၀ ဧက ရှိနေကာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ လယ်ယာမြေသိမ်းဆည်းခံရမှု အများဆုံးဖြစ်နေပြီး ရှမ်းပြည်နယ်တစ်ဝှမ်းလုံးတွင် လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားပြဿနာများ ဖြစ်ပွားနေကာ တရားစွဲဆိုခံထားရသည့် တောင်သူများလည်း ရှိနေကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သော တောင်ကြီးမြို့တွင် ရပ်ပိုင်းဆိုင်ရာအရ တိုးတက်လာသည်မှာ မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြစ်သည့် စိမ်းလန်းစိုပြေမှုနှင့် သဘာဝအလှအပများ အားနည်းသွားသည်ကို တွေ့ရှိရသဖြင့် Master Plan တစ်ခုရေးဆွဲကာ စနစ်တကျ ရေရှည်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးကို အထူးအလေးထားပြီး စီစဉ်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အစားထိုး စိုက်ပျိုးသည့်သီးနှံအတွက် နည်းပညာ၊ ဈေးကွက်၊ ရိတ်သိမ်းချိန်လွန် သိုလှောင်မှု၊ သယ်ယူပို့ဆောင်ရေး စသည်တို့ကိုပါ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုက ချမှတ်ထားသည့် မူဝါဒများအပေါ်သိရှိမှုအားနည်းခြင်းများမဖြစ်ရေး သတိပြုကြရန်လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် နီးနီးကပ်ကပ်ထိတွေ့ဆက်ဆံပြီး အစိုးရ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပေးကြရန် အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်တွင် ဘာသာမခြား၊ လူမျိုးမခြားဘဲ ရင်းနှီးချစ်ကြည်စွာ ပူးတွဲ နေထိုင် လုပ်ကိုင်နေကြသည်မှာ ကျေနပ် အားရဖွယ် ကောင်းပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးညီညွတ်မှုကို တောင်ကြီးမြို့မှ ရှမ်းပြည်နယ်တစ်ခုလုံး၊ ရှမ်းပြည်နယ်မှ ပြည်ထောင်စုတစ်ခုလုံးသို့ ပျံ့နှံ့ ရောက်ရှိအောင် ကြိုးပမ်းပေးကြစေလိုပါကြောင်း မှာကြားခဲ့သည်ဟု သိရသည်။

# ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်လာရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး မှာကြား

ကိုစိုး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ဖေဖော်ဝါရီလ ၇ ရက်၊ ညနေပိုင်းက တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံခဲ့ပြီး ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပြည်နယ်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးစိုးဇော်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ''ဝ'' ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ''ကိုးကန့်''၊ ''ဓနု''၊ ''ပအိုဝ်း''၊ ''ပလောင်'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးများမှ တာဝန်ရှိသူများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးယန္တရားသည် နိုင်ငံတော်၏အဓိက ကျောရိုးမကြီးဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံရေးစနစ်အသက်ဝင်အောင် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီဖက်ဒရယ်စနစ်အတွက်အသင့် ဖြစ်စေရန် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကိုလည်း အစီအစဉ်တကျ ဆောင်ရွက်သွားနိုင်ရန် အထူးပင်အရေးကြီးပါကြောင်း၊ မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ''ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခုစီမံချက်'' အောင်မြင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ပိုမိုအားထုတ်၊ ပိုမိုကြိုးပမ်းကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း၊ ပြုပြင်လိုစိတ်ပြင်းပြမည်ဆိုပါက အပြောင်းအလဲများ ဆက်တိုက်ဖြစ်လာမည်၊ အဆိုပါအပြောင်းအလဲများကို ပြည်သူနှင့်အတူ စုပေါင်းပြီး ဖန်တီးပုံဖော်ပေးရန် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ တာဝန်ဖြစ်သည်ကို နှလုံးသွင်းထားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မိမိတို့




အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းပြောင်း ခိုင်မာသည့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့်နိုင်ငံတော်၏အုပ်ချုပ်ရေး ကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ် ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။




ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

ကမ္ဘောဇ




ဘိလပ်မြေ

# KBZ CEMENT

Manufactured by KBZ Industries Ltd, Email: info@kbzindustries, Ph: +959 5215060, 5215069, 5215070